စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၆၊ အမှတ်(၃)၊ ၂၀၁၉ခုနှစ် စက်တင်ဘာလ

Promote the Startup Enterprises

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

စိမံ/ဖုံဖြိုး ကျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

MOPF

စီမံ/ဖွံ့ဖြိုးကျာနယ်

အတွဲ-၆၊ အမှတ်(၃)၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

ကဗျာကဏ္ဍ		
ပြည်သူတစ်ဦးချင်းစီ၏အနာဂတ်လှုံ့	ညိုမြင်း	၁
ဆုတောင်း	လရောင်အေး	၂
ဆောင်းပါးကဏ္ဍ		
မြို့တင်ပေးသင့်သည့် ပေါ်ထွန်းစလုပ်ငန်း(Startups)များ	အောင်နိုင်ဦး	၄
ကမ္ဘာ့စီးပွားရေးနှင့် အာရှဘဏ္ဍာရေးအကြပ်အတည်းများမှ ကျော်လွှားခဲ့သည့် တရုတ်နိုင်ငံ၏ အတွေ့အကြုံများ	ဒေါက်တာဝါဝါမောင် (စီမံ/ဘဏ္ဍာ)	၁၀
အိမ်နီးချင်းနိုင်ငံများ၏ မျှော်မှန်းပုံရိပ်များ	သန်းဇော်	၁၄
ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	ဒေါက်တာညီ	၁၇
2018 Myanmar Statistical Year Bookမှကိန်းဂဏန်းများကိုဖတ်ရှုခြင်းအပိုင်း(၁)	ဦးကျော်	၂၃
ဖြစ်တန်စွမ်းအပေါ် အခြေမခံသော နမူနာရွေးချယ်ခြင်း	ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)	၂၆
နဂါး၏အာဂျင်ဒါအသစ်နှင့် မြန်မာ့စီးပွားရေး ရင်ခုန်၊ ရင်တုန်	စောနိုင် (အသုံးချဘောဂဗေဒ)	၃၀

စီးပွားရေးတီထွင်ဖန်တီးမှုဆိုင်ရာမိတ်ဖက်အစီအစဉ် (EIPP)	ဒေါက်တာပင်လုံအေး	၃၃
အလုပ်သမားရေးရာကိစ္စရပ်များနှင့် ILO	မယု(စက်မှ)	၄၀
ဘဝအထွေထွေ (နောက်ဆုံးအခန်း)	ကျော်ဒွန်း (ညွန်ကြားရေးမှူး-ငြိမ်း)	၄၅
လူမှုနေရာမှုန် ဆိုရာဝယ်	ဒေါက်တာညီညီမောင်	၄၈
ဆင်းရဲနွမ်းပါးမှုနှင့် အဆိုးသံသရာ	ဝင်းဝင်းဝါ	၅၃
အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမှ ဖွံ့ဖြိုးမှုဆီသို့	ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့)	၅၇
မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ အပိုင်း (၅)	ထက်မာန်	၆၃
မတည်မြဲခြင်း	CoCoe သောကြာ	၆၆

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း – စီမံ/ဖွံ့ဖြိုး

အတွင်းအပြင်အဆင် – ဟန်မြင့်မိုရ်

စာမူခွင့်ပြုချက်အမှတ် – ၅၃၀၀၀၇၀၁၁၄

ထုတ်ဝေသူ – ညွှန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန)
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပုံနှိပ်သူ – ဦးမြတ်ထွန်းကျော်
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက် (မြ-၀၉၇၄၄)
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ –

တန်ဖိုး –

ကျွန်ုပ်ဝယ်ယူရရှိနိုင်သောနေရာများ

နေရာ	ဆက်သွယ်ရန်ဖုန်း
ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်) ရုံးအမှတ် (၃၂)၊ နေပြည်တော်။	၀၆၇-၄၀၆၃၅၅၁ ၀၆၇-၄၀၆၃၂၉၉
ကချင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ အမှတ် (၄)၊ ပေ (၅၀) လမ်း၊ မေခဝန်ထမ်းအိမ်ရာ မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့	၀၇၄-၂၄၂၀၆ ၀၉၄၅၁၀၉၈၄၅၉၄
ကယားပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ ဒေါ်ဥသူရပ်ကွက်၊ ဦးသီရိလမ်း ခရိုင်စုပေါင်းရုံး၊ လွိုင်ကော်မြို့	၀၈၃-၂၂၀၈၀ ၀၉-၄၅၁၁၂၂၉၄၈၃
ကရင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ အမှတ် (၄) ရပ်ကွက်၊ သီရိလမ်း ဘားအံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးရုံး၀န်းအတွင်း	၀၅၈-၂၂၇၂၅၅ ၀၉-၄၂၀၇၂၃၁၇၀
ချင်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ အမှတ် (၃)၊ ဂေါက်ကွင်းလမ်း၊ တိုင်းရင်းဆေးရုံအနီး။ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်။	၀၇၀-၂၂၅၁၆၆ ၀၉-၄၅၁၀၉၈၄၆၀၂
စစ်ကိုင်းတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊ အမှတ် (၁၉) လမ်းကြား တိုင်းရင်းဆေးရုံအရှေ့ဘက်၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့။	၀၇၁-၂၆၅၁၁၃ ၀၉-၄၂၀၇၀၁၀၆၆၃
တနင်္သာရီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ သဇင်လမ်းသွယ်၊ ဆိပ်ကမ်းသာလမ်း၊ ဆန်းခြိုတိုးချဲ့ကြရပ်ကွက်၊ ထားဝယ်မြို့နယ်	၀၅၉-၂၀၂၃၉၀၆ ၀၉-၅၁၁၉၂၃၃
ပဲခူးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ အမှတ်၊ ၄/၄၇၂ ရပ်ကွက်ကြီး (၄) ဆည်မြောင်းလမ်း၊ ဥယျာဉ်မြို့သစ်၊ ပဲခူးမြို့။	၀၅၂-၂၂၃၀၁၃၅၁ ၀၉-၃၃၇၆၆၂၅၀

မကွေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊ မကွေးမြို့နယ်၊ စုပေါင်းရုံး အပေါ်ဆုံးထပ်၊ မဲထီးလမ်းနှင့် ပြည်တော်သာ (၁)လမ်းထောင့်၊ မကွေးမြို့။	၀၆၃-၂၀၂၈၅၅၃ ၀၉-၄၂၀၇၀၁၀၇၃
မန္တလေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊ ၈-၅၊ ၇၂/၁၊ ၆၂ လမ်း၊ ကံ့ကော်လမ်းနှင့် သဇင်လမ်းကြား ချမ်းမြသာစည်မြို့နယ်။	၀၂-၈၂၁၅၂ ၀၉-၇၉၀၄၀၈၄၁၉
မွန်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊ မောင်ငံရပ်ကွက်၊ (၂)လမ်းထိပ်/ပြည်နယ်ကျေးလက်ဦးစီးဌာနဘေး၊ မော်လမြိုင်မြို့။	၀၅၇-၂၀၂၄၅၁၇ ၀၉-၄၂၀၇၀၁၀၆၈
ရခိုင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်နယ်စီမံကိန်းရုံး(အောက်ထပ်)၊ မေယုလမ်း၊ ဓညဝတီရပ်ကွက်၊ စစ်တွေမြို့။	၀၄၃-၂၂၈၂၉ ၀၉-၄၄၈၅၃၃၄၀၃
ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊ (၁) အခန်းအမှတ်-လ၁၂၇/၁၂၈ တိုင်းဒေသကြီးလွှတ်တော်ဝင်း၊ အလုံလမ်း၊ ဒဂုံမြို့နယ် (၂) ၄/၆ မြဟ္မစိရိလမ်းနှင့် သီတာလမ်းထောင့်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။(အရှေ့ပိုင်းခရိုင်စုပေါင်းရုံး)။	၀၁-၂၃၀၂၄၈၁ ၀၉-၄၂၀၇၀၁၀၆၅၅
ရှမ်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊ (၄)မိုင် ကံကြီးရပ်ကွက်၊ Business Center အနီး ဟိုပုံးမြို့သို့အထွက်၊ တောင်ကြီးမြို့။	၀၈၁-၂၁၂၃၃၅၅ ၀၉-၄၂၀၇၀၁၀၆၂
ဧရာဝတီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးစုပေါင်းရုံး၊ မြတ်တိုး၊ ပုသိမ်မြို့။	၀၄၂-၂၉၁၅၃ ၀၉-၄၂၀၇၀၁၀၇၀
နေပြည်တော်ကောင်စီရုံးကြီး၊ (မြေညီထပ်) ဗဟိုစာရင်းအင်းအဖွဲ့၊ ပျဉ်းမနားတောင်ညိုလမ်းမကြီး၊ ပြန်ကပြေးဝိုင်းအနီး။	၀၆၇-၅၅၀၃၅၈ ၀၉-၄၂၀၇၀၁၀၆၆

ပြည်သူတစ်ဦးချင်းစီ၏ အနာဂတ် လှဖို့

❖ သူငယ်ချင်းရေ------
မင်းလည်းလူ ငါလည်းလူ
မင်းထက်တတ်တယ် ငါကပိုထက်တယ်
သူတစ်လူငါတစ်မင်း အချင်းမပွားဘဲ
အမုန်းစကားတွေ မဆိုဘဲ
ချစ်ခြင်းတရားတွေကိုစု တို့အိမ်ကြီးတည်တဲ့ဖို့
မင်းလက်ကူ ငါ့လက်ကိုယူလို့
အပူကို အတူတူယူ
ခယောင်းဆို မညည်းမညူဘဲ
တူညီတဲ့ပန်းတိုင်ဆီ တို့အတူတူလျှောက်ရအောင်။

❖ သူငယ်ချင်းရေ------
မှောင်မည်းနေတဲ့ ကာလတွေမှာ
ပိုးစုန်းကြူးအလင်းတစ်ခုကိုတောင်
အခွင့်တစ်ခုအမှတ်နှင့် လက်ကုန်ဆွဲ
ဒီနှံကို တူတူရုန်းပါမှ
ရှေ့ခရီး လှပေအံ့
နောက်မတွန့်နဲ့ ကိုယ့်လူတို့ရေ
ရှေ့ခရီးကပိုမှောင် မှုန်ဖြဖြလမ်းကို
ဝေဝါးဝါးလျှောက်တာတွေရပ်
မနေးအမြန် တက်ကုန်စွင့်
ရွက်ကုန်လွှင့်လို့ သေချာတဲ့ပန်းတိုင်ကို
ဆုပ်ကိုင်ရင်း အားကုန်လှော်
မနွဲ့တမ်း ဆက်ရအောင်။

❖ သူငယ်ချင်းရေ------
မင်းဘာလုပ်လုပ် မင်းမိသားစုကိုတွေး
တစ်ခုခုဆိုတိုင်း မင်းအိမ် အနာဂတ်ကိုတွေး
မင်းရေးနေတာ မင်းသမိုင်းဆိုပေမဲ့
မင်းတွေးတွေးနေတာ ပြည်သူတစ်ဦးစီရဲ့အနာဂတ်ဆိုတာ
မင်းမမှေဘဲတွေး သေချာရေးထားတဲ့
မင်းသမိုင်းစာမျက်နှာတိုင်း မင်းလက်ရေးလှလှလေးတွေနဲ့
ပုံဖော် မင်းအိမ်ကြီး ခိုင်ခံ့ဖို့
မင်းလက်ထဲရှိသမျှ အားကုန်ရုန်း
မင်းလက်ဖျစ်တခါ တွတ်လိုက်တိုင်း
ပြည်သူတစ်ဦးစီရဲ့ အနာဂတ်ဆိုတာ
တွေးတွေးပြီး သေချာရေးပါကွာ။

(ပြည်သူ/ပြည်သားတို့၏ စုပေါင်းအင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြပါစို့။)

ညိုမင်း

ဆုတောင်း

ခရီးရယ် အင်မတန်ဝေးပါဘိ
ကုန်းလမ်းမှ ရေးလမ်း၊ ရေလမ်းမှ တောင်ကိုနင်း
ဆက်ကာသာ အားမာန်တင်းရတယ်
လမ်းကြမ်းဝယ် ခရီးနှင်လာသူကို
မိုးလေကင်းကွာ တိမ်တွေကသာ
တောင်တန်းသွယ် စမ်းရေအေးရယ်က
ကြိုဆိုရှာလို့ ရင်မှာအေးရတယ်။
ရောက်လေတဲ့ခရီးလိုရာ
ပန်းသော်လည်း ရေကြည်မှာနေရရှာ
ခဏတာ ရွှင်လန်းစိတ်က
ပျောက်ပျက်ကာ ရင်မှာနင့်ရတယ်
ရှင်မဟာကဿပ အလောင်းတော်အား ဖူးတွေ့ရရှာ
သာသနာ ငါးထောင် တည်အောင်ပ
ထားခဲ့ရှာ ဤခန္ဓာ ရုပ်နာမ်အား
ဖူးမြော်သူ စိတ်ဝယ်ကျွမ်းတယ်။
ဆုတောင်းရယ် ဘယ်အရာမသိ
နောင်တနှင့်အပြန်ခရီး
စိတ်သန္တာရင်ဝယ် ဖူးမြော်လို့
တောင်းဆုရယ် လွန်စွာလောဘ
ပြောကြစေ ရင်မှာကျောက်ချကာ
သနားတော်မူ တပည့်တော်မအား
ရှင်မြတ်စွာ အရိမေတ္တေယျဘုရား ဖူးရစေသား။

(လရောင်အေး)



မြှင့်တင်ပေးသင့်သည့်ပေါ်ထွန်းစလုပ်ငန်း (Startups) များ

အောင်နိုင်ဦး

ပေါ်ထွန်းစလုပ်ငန်းများ၏အရေးပါမှု

နိုင်ငံအသီးသီးအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ကြရာမှာ နိုင်ငံကြီး အချို့က နိုင်ငံတကာ ဖြန့်ကြက်လုပ်ဆောင်နိုင်တဲ့ ကုမ္ပဏီကြီးတွေ (Multinational Corporation) ဈေးကွက်ကျယ်ပြန့်အောင် ဆောင်ရွက်တာ၊ နိုင်ငံအချို့က နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတွေ အင်အားကောင်းအောင်လုပ်ပြီး နိုင်ငံတကာဖြန့်ကြက်တာ (Multinational State Owned Enterprises) တွေဆောင်ရွက်တဲ့အပြင်နိုင်ငံအများစုမှာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို အားပေးမြှင့်တင်ပေးတာတွေစတဲ့ နည်းလမ်းတွေ ကျင့်သုံးပြီးဆောင်ရွက်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။ မျက်မှောက်ကာလမှာတော့ အဆိုပါနည်းလမ်းတွေနဲ့ နိုင်ငံ့ စီးပွားရေးကို ဖွံ့ဖြိုးအောင်လုပ်ကြတဲ့အပြင် ပိုပြီးလက်တွေ့ကျတဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေ (Startups) ဘက်ကို အာရုံပြုပြီး အလေးထား ဆောင်ရွက်လာကြတာကိုလည်း တွေ့မြင်နေရပါတယ်။

ပေါ်ထွန်းစလုပ်ငန်းလေးတွေကို နိုင်ငံအတော်များများက အလေးထားလာရတဲ့ အကြောင်းရင်းတွေ ပြန်ကြည့်လိုက်ရင်

(၁) ပေါ်ထွန်းစလုပ်ငန်းများဟာ ဆန်းသစ်တီထွင်မှုရဲ့ ဗဟိုချက်ဖြစ်နေတာ၊

(၂) အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်တာ၊

(၃) ပေါ်ထွန်းစလုပ်ငန်းလေးတွေဟာ ၄င်းတို့တည်ရှိရာဒေသအတွက် တိုက်ရိုက်ကောင်းကျိုး သက်ရောက်မှုတွေ ပေါ်ပေါက်စေတာ၊

(၄) အချို့သောနိုင်ငံကြီးများမှာ မြို့ငယ်တွေမှာရှိတဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေကြောင့် မြို့ကြီးနဲ့ မြို့ငယ်တွေကြားမှာ ဖြစ်ပေါ်နေတဲ့ ကွာဟမှု ကျဉ်းမြောင်းစေခဲ့တာ၊

(၅) ပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ ဆန်းသစ်တီထွင်မှုတွေကြောင့် နည်းပညာသစ်တွေ ပေါ်ပေါက်စေခဲ့တာ၊

(၆) နိုင်ငံတော်ရဲ့ အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး (GDP) ကိုလည်း တိုးတက်စေတာစတဲ့ အကျသက်ရောက်မှုတွေကို တစ်စထက်တစ်စ ပိုမိုတွေ့မြင်လာရပါတယ်။

အသိသာအထင်ရှားဆုံးကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ အများအပြားပေါ်ပေါက်စေတာပါပဲ။ ကမ္ဘာပေါ်မှာပေါ်ထွန်းစလုပ်ငန်းလေးတွေက ဖန်တီးလိုက်တဲ့ အလုပ်အကိုင် အခွင့်အလမ်းဟာ ကုမ္ပဏီကြီးတွေက ဖန်တီးပေးတဲ့ အလုပ်အကိုင်အခွင့်အလမ်းပမာဏထက် ပိုမိုများပြားတယ်လို့လည်း ဆိုကြပါတယ်။ ဒစ်ဂျစ်တယ်စီးပွားရေးခေတ်မှာ အရေးပါလာတဲ့ ဉာဏ်တု (Artificial Intelligence)၊ စက်ရုပ်နည်းပညာ (Robotic Technology) နဲ့ Internet of things စတဲ့နည်းပညာတွေဟာ ပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ ဆန်းသစ်တီထွင်မှုကနေ ပေါ်ပေါက်လာခဲ့တယ်လို့လည်း ဆိုပါတယ်။ အိန္ဒိယလိုနိုင်ငံကြီးမျိုးမှာ ပေါ်ထွန်းစလုပ်ငန်းလေးတွေဟာ တစ်ကမ္ဘာလုံး ဖြန့်ကြက်လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီးများရဲ့ ပြင်ပအရင်းအမြစ် (Outsource) အဖြစ် အောင်မြင်စွာလည်ပတ်နေကြတာကို လည်း တွေ့ရပါတယ်။

အာဆီယံနိုင်ငံများအတွင်းကို ပြန်လည်သုံးသပ်ကြည့်ရင် လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ပေါ်ထွန်းစ လုပ်ငန်းလေးတွေအတွက် ဂေဟစနစ် (Ecosystem) ကောင်းတွေဖန်တီးပေးနိုင်ဖို့ အဖွဲ့ဝင်နိုင်ငံ အတော်များများက ကြိုးပမ်းဆောင်ရွက်လာတာ တွေ့ရပါတယ်။ အာဆီယံ နိုင်ငံတွေရဲ့ အနာဂတ်စီးပွားရေး အလားအလာ ပိုမိုကောင်းမွန်စေဖို့အတွက် ဆောင်ရွက်ရာမှာပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ ဂေဟစနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရေးဟာ ပထမဆုံးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်တယ်လို့လည်း သုံးသပ်ထားပါတယ်။ ပေါ်ထွန်းစ လုပ်ငန်းလေးတွေအတွက် လုပ်သာကိုင်သာရှိရမယ့် အခြေအနေ ဖန်တီးပေးခြင်း၊ လေ့ကျင့်သား ပြည့်ဝပြီးပါရမီရှိတဲ့ လုပ်သားထုပေါ်ပေါက်အောင် ဆောင်ရွက်ပေးခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို စီးပွားရေးလုပ်ဆောင်မှုနဲ့ ပတ်သက်တဲ့ မက်လုံးတွေပေးခြင်းစတဲ့ ကိစ္စရပ်တွေဟာ နိုင်ငံ အသီးသီးရဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေကို အရှိန်ရလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်စေကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ဖြစ်လိမ့်မယ်လို့လည်း သုံးသပ်ချက်များ ဖော်ထုတ် ထားတာကို တွေ့ရပါတယ်။

ပေါ်ထွန်းစလုပ်ငန်းများအတွက် ဂေဟစနစ်

ပေါ်ထွန်းစလုပ်ငန်းလေးတွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံထောင့်စုံက ချဉ်းကပ် ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေလိုအပ်ပါတယ်။ အဆိုပါအစီအစဉ်တွေထဲမှာ ငွေကြေးအရင်းအမြစ်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပင်ကိုအရည်အသွေးရှိသူတွေကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် စျေးကွက်ဖန်တီးပေးခြင်း စတာတွေလိုအပ်တဲ့ အပြင် အရေးအကြီးဆုံးကတော့ ကြိုးနီစနစ်ကို ဖယ်ရှားပြီး စည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုတွေ ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ တကယ်တော့ ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် မိတ်ဖက်ဖြစ်စေမယ့် မူဝါဒတွေ (Startup Friendly Policy) ချမှတ်ပေးရာမှာ အစိုးရအနေနဲ့ ငွေကြေး

ပမာဏအများအပြားကျခံဖို့၊ မက်လုံးတွေပေးဖို့ထက် အစိုးရဌာနအသီးသီးရဲ့ လက်ရှိကျင့်သုံးဆောင်ရွက်နေတဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေအနေတွေကို ပြောင်းလဲကျင့်သုံးပေးမှုက ပိုမိုထိရောက်စေမှာဖြစ်ပါတယ်။ ပေါ်ထွန်းစ လုပ်ငန်း လေးတွေအရှိန်ရလာစေဖို့၊ ၄င်းတို့ရဲ့ ထုတ်ကုန်တွေကို ပြည်ပကို တင်ပို့နိုင်ဖို့ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးတွေကိုလည်း ဖြေလျှော့ဖယ်ရှားပေးနိုင်ဖို့ လိုအပ်ပါတယ်။ အချို့သောနိုင်ငံများမှာတော့ စီးပွားရေးလုပ်ငန်းများကို တက္ကသိုလ်များနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်စေပြီး ပါရမီရှိသူများကို ပျိုးထောင်ပေးခြင်းဖြင့် အလားအလာရှိတဲ့ပေါ်ထွန်းစလုပ်ငန်းများ ပေါ်ပေါက်စေတာကိုလည်း တွေ့ရပါတယ်။အချို့နိုင်ငံများမှာတော့ ပေါ်ထွန်းစလုပ်ငန်းများအတွက် ကော်ပိုရိတ်ဝင်ငွေခွန်ကို နှုန်းထားလျှော့ချသတ်မှတ်ပေးခြင်း၊ ကုမ္ပဏီကြီးများက ပေါ်ထွန်းစလုပ်ငန်းလေးတွေမှာ အရင်းအနှီးထည့်ဝင်ဆောင်ရွက်နိုင်ဖို့အတွက် လမ်းဖွင့်ပေးခြင်း၊ သုတေသနနဲ့ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးခြင်းစတာတွေကို လုပ်ကိုင်ပေးနေတာလည်း လေ့လာတွေ့ရှိရပါတယ်။

စင်ကာပူနိုင်ငံအတွင်းကပေါ်ထွန်းစလုပ်ငန်းများ

စင်ကာပူနိုင်ငံအစိုးရကတော့ မိတ်ဖက်မျိုးစုံနဲ့ တက်ကြွစွာပူးပေါင်းပြီး စင်ကာပူနိုင်ငံကို အာရှပေါ်ထွန်းစလုပ်ငန်းများရဲ့ မြို့တော်ဖြစ်အောင် ဆောင်ရွက်ဖို့ရည်မှန်းချက်ထားပြီး ကြိုးပမ်း နေတာတွေ့ရှိရပါတယ်။ စင်ကာပူနိုင်ငံမှာရှိတဲ့ Startup SG နဲ့ Enterprise Singapore စတဲ့အဖွဲ့အစည်းတွေဟာ ပေါ်ထွန်းစလုပ်ငန်းများကို ဘဏ္ဍာရေးနဲ့ အခြားအထောက်အပံ့တွေ ပေးနိုင်ဖို့အတွက် ကနဦးအစီအမံများစွာ ချမှတ်ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ စင်ကာပူ အစိုးရ လုပ်နေတဲ့ အစီအစဉ်တွေကို ဆန်းစစ်ကြည့်ရင် ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် ဘက်စုံအောင် စဉ်းစားဆောင်ရွက်ထားကြောင်း အောက်ပါအတိုင်း တွေ့ရပါတယ် -

(၁) Startup SG Founderဟာတီထွင်ဆန်းသစ်တဲ့ စီးပွားရေး စိတ်ကူးစိတ်သန်းတွေနဲ့ ပထမဆုံး စတင်ထူထောင်တဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေကို လိုအပ်တဲ့ လမ်းညွှန်ပြသမှု၊ ငွေကြေးထောက်ပံ့ပေးမှုဆောင်ရွက်ပေးပါတယ်။ငွေကြေးထောက်ပံ့ပေးရာမှာပေါ်ထွန်းစလုပ်ငန်းက စင်ကာပူတစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း Startup SG Founderက သုံး ဒေါ်လာနှုန်းနဲ့ ဒေါ်လာသုံးသောင်းအထိ ထည့်ဝင်ပေးပါတယ်။

(၂) Startup SG Tech ဟာလက်ရှိစျေးကွက်ကို အပြောင်းအလဲ ဖြစ်စေနိုင်တဲ့အပြင် စျေး ကွက်အသစ်ကိုပါ ဖန်တီးပေးနိုင်လောက်မယ့် နည်းပညာသစ်နဲ့ ဆောင်ရွက်နိုင်စွမ်းရှိမယ့် ပေါ်ထွန်းစလုပ်ငန်းလေးတွေကို စီမံကိန်းထောက်ပံ့ငွေ ပေးအပ်မြှင့်တင်ပေးတာ တွေ့ရပါတယ်။

(၃) Startup SG Equity ဟာနည်းပညာအခြေခံတဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေမှာ စင်ကာပူအစိုးရက ပူးတွဲပါဝင်ရင်းနှီးမြှုပ်နှံပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။ အဓိကအားဖြင့် လက်ရှိကျင့်သုံးဆောင်ရွက်နေတဲ့ နည်းပညာတွေကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မယ့် ပေါ်ထွန်းစလုပ်ငန်းတွေမှာ စင်ကာပူအစိုးရက ၇၀ ရာခိုင်နှုန်းအထိ ထည့်ဝင်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှု စင်ကာပူဒေါ်လာ နှစ်သိန်းခွဲ အထိထည့်ဝင်ပါတယ်။ နောက်ပိုင်းမှာ ပေါ်ထွန်းစလုပ်ငန်းက တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း အစိုးရက

တစ်ဒေါ်လာ ထည့်ဝင်ပြီး ဒေါ်လာနှစ်သန်းအထိ ရင်းနှီးမြှုပ်နှံပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

(၄) Startup SG Talent အစီအစဉ်ကတော့ ကမ္ဘာတစ်ဝန်းက စွန့်ဦးတီထွင်လုပ်ကိုင်သူတွေကို ဆွဲဆောင်နိုင်ဖို့အလုပ်လုပ်ခွင့်၊ အလုပ်သင်အစီအစဉ် စတာတွေ ဆောင်ရွက်ပေးတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။

(၅) Startup SG Loan ကတော့ ပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ မတည်ရင်းနှီးငွေ၊ စက်ပစ္စည်းတွေဝယ်ယူဖို့အတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကုန်သွယ်မှုအတွက် ငွေကြေး ထောက်ပံ့ခြင်း စတာတွေကို စင်ကာပူနိုင်ငံအတွင်းမှာရှိတဲ့ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ချေးငွေထုတ်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

အသိုက်အမြုံများဖန်တီးခြင်း

ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအချို့မှာ ပေါ်ထွန်းစ လုပ်ငန်းလေးတွေအတွက် စရိတ်ကျဉ်းကျဉ်းနဲ့ ထိထိရောက်ရောက် မိမိတို့လုပ်ငန်းတွေ ဆောင်ရွက်နိုင်စေဖို့ အသိုက်အမြုံ (Incubator) များကို ထူထောင်ပေးထားတာလည်း တွေ့ရပါတယ်။ ပေါ်ထွန်းစ လုပ်ငန်းလေးတွေဟာ Incubatorတွေမှာမိမိရဲ့လုပ်ငန်းကို ထူထောင်ဖွင့်လှစ်ပြီး အခြားပေါ်ထွန်းစလုပ်ငန်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်း၊ နည်းပညာမျှဝေခြင်း စတာတွေကို ဆောင်ရွက်နိုင်ကြပါတယ်။ အဆိုပါ Incubatorတွေဟာ တဖြည်းဖြည်းနဲ့ နိုင်ငံရဲ့တီထွင်ဖန်တီးဆန်းသစ်ရာ ဗဟိုချက်တွေအဖြစ် ပြောင်းလဲလာကြတာကိုလည်း တွေ့ရှိရပါတယ်။ Incubatorတွေထူထောင်နိုင်ဖို့အတွက် အစိုးရက လိုအပ်တဲ့ အထောက်အပံ့တွေ ဆောင်ရွက်ပေးတာကိုလည်း တွေ့ရှိရပါတယ်။

ပေါ်ထွန်းစလုပ်ငန်းများနဲ့ မြန်မာနိုင်ငံ

၂၀၁၈ ခုနှစ် မေလက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ UNU-WIDER တို့ ပူးပေါင်း ဆောင်ရွက်တဲ့ မြန်မာနိုင်ငံအငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ စစ်တမ်း ၂၀၁၇ အရ မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်ငန်း အများစုဟာ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ တောင်ပိုင်းတွေမှာ အများအပြား စုစည်းဆောင်ရွက်နေတယ်လို့ တွေ့ရပြီး အဓိကစီးပွားရေး လုပ်ငန်းကတော့ စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေဖြစ်ကြောင်း တွေ့ရပါတယ်။ မြန်မာ နိုင်ငံအလယ်ပိုင်းဒေသတွေမှာ ချည်မျှင်နဲ့ အထည်လုပ်ငန်းတွေ၊ မြောက်ပိုင်းဒေသမှာ သစ်အခြေခံ လုပ်ငန်းတွေ၊ တောင်ပိုင်းဒေသမှာ သတ္တုမဟုတ်တဲ့ တွင်းထွက်ပစ္စည်းဆိုင်ရာ ကုန်ထုတ်လုပ်ငန်း တွေ အဓိကဖြန့်ကြက်နေကြောင်း တွေ့ရှိရပါတယ်။ အဆိုပါလုပ်ငန်းအများစုဟာ တီထွင်ဆန်းသစ်မှု အတော်နည်းပါးပြီး နည်းပညာကလည်း နိမ့်ပါးနေတယ်လို့ တွေ့ရှိရပါတယ်။ ဒါ့အပြင် အသုံးပြုတဲ့ စက်ကိရိယာများဟာ လက်လုပ်ပစ္စည်းတွေ၊ ခေတ်နောက်ကျတဲ့ တစ်ပတ်ရစ်ပစ္စည်း တွေဖြစ်နေပြီး လုပ်ငန်းများရဲ့ ၂၀ ရာခိုင်နှုန်း လောက်ကသာ နည်းပညာပါတဲ့ စက်ကိရိယာတွေ ကို ဝယ်ယူတင်သွင်းအသုံးပြုကြကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ကုန်ပစ္စည်းထုတ်လုပ်သူတွေမှာ နည်းပညာအကန့်အသတ်ရှိနေတဲ့အတွက် ကုန်ထုတ်လုပ်ငန်းတွေဟာ နည်းပညာ လွဲပြောင်းမှု အားနည်းနေကြောင်း၊ ကုန်ပစ္စည်းတစ်ခုတည်းကိုသာ ထုတ်လုပ်မှုအတွက် အားသန်နေကြောင်း၊ တီထွင်ဆန်းသစ်မှုနှုန်းကလည်း အလွန်နိမ့်ပါးနေကြောင်း၊ နိုင်ငံတကာ စျေးကွက်ဝင် နိုင်ဖို့ စံချိန်စံညွှန်းအသိအမှတ်ပြုလက်မှတ်ရရှိမှုကလည်း အတော်ပင်နည်းပါးနေကြောင်း သုံးသပ်ဖော်ထုတ်ထားတာကို တွေ့ရှိရပါတယ်။

DaNa Facility, UK aid နဲ့ The Asia Foundation တို့က စစ်တမ်းပြုထုတ်ဝေတဲ့ "The Myanmar Business Environment Index 2019" မှာ စစ်တမ်းကောက်ယူရရှိချက်အရ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ၆၅ ရာခိုင်နှုန်းဟာ မြို့နယ်အဆင့်က ထုတ်ပေးတဲ့ လိုင်စင်များဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေကြကာ ၁၇ ရာခိုင်နှုန်းခန့်ဟာ ရန်ကုန်နှင့်မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများမှာ မှတ်ပုံတင်ထားကြပြီး ၆ ရာခိုင်နှုန်းကသာ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ပြီး ဆောင်ရွက်နေကြောင်း၊ စီးပွားရေးလုပ်ငန်းများရဲ့ ၁၅ ရာခိုင်နှုန်းဟာ မည်သည့်မှတ်ပုံတင်မျှမရှိဘဲ တရားဝင်လုပ်ငန်းအဖြစ် ရပ်တည်နေခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

အထက်ပါအခြေအနေများအရ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းများ တီထွင်ဆန်းသစ်မှု၊ စံချိန် စံညွှန်းမီ

ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုတို့အတွက် အခြားနိုင်ငံများနည်းတူ ပေါ်ထွန်းစ လုပ်ငန်းများကို အားပေးမြှင့်တင်သွားဖို့လို အပ်နေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ပေါ်ထွန်းစလုပ်ငန်းများ စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်နိုင်ဖို့လည်း လမ်းခင်းပေးဖို့ လိုတယ်လို့လည်း သုံးသပ်ရရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းငယ်များ အပါအဝင် မည်သည့်စီးပွားရေး လုပ်ငန်းမဆို ကုမ္ပဏီအဖြစ် ထူထောင်ရပ်တည်ပြီး ခိုင်ခိုင်မာမာလုပ်ငန်းချဲ့ထွင်သွားနိုင်ဖို့အတွက် ကုမ္ပဏီဥပဒေကို ပြန်လည်ပြင်ဆင်ပေးခဲ့တဲ့အပြင် ကုမ္ပဏီမှတ်ပုံတင်ခြင်းအပါအဝင် ကုမ္ပဏီဆိုင်ရာလုပ်ငန်းတွေ အွန်လိုင်းက အလွယ်တကူ ဆောင်ရွက်နိုင်အောင် MyCO လို့ခေါ်တဲ့ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ကိုလည်း ထူထောင်ပေးခဲ့ပြီးဖြစ်ပါတယ်။ MyCO ထူထောင်နိုင်ခဲ့တဲ့အတွက် နိုင်ငံအတွင်းက စီးပွားရေးလုပ်ငန်းသစ်များ ကုမ္ပဏီအဖြစ် ထူထောင်နိုင်မှု တိုးတက်လာတာကို အောက်ပါအတိုင်း တွေ့ရမှာ ဖြစ်ပါတယ်-

လ	၂၀၁၇-၂၀၁၈	၂၀၁၈-၂၀၁၉
ဩဂုတ်လ	၄၇၆	၁၈၁၀
စက်တင်ဘာလ	၄၅၄	၂၂၁၇
အောက်တိုဘာလ	၃၄၁	၁၆၆၇
နိုဝင်ဘာလ	၃၆၈	၁၄၃၇
ဒီဇင်ဘာလ	၃၉၉	၁၃၆၄
ဇန်နဝါရီလ	၄၆၆	၁၇၃၃
ဖေဖော်ဝါရီလ	၄၃၇	၁၄၁၉
မတ်လ	၂၇၁	၁၁၀၈
ဧပြီလ	၅၄၂	၁၀၄၅
မေလ	၅၉၃	၁၄၁၁
စုစုပေါင်း	**၄၃၄၇**	**၁၅၂၁၁**

ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ လွယ်ကူအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဟာ ပေါ်ထွန်းစလုပ်ငန်းများအတွက် အဓိကကျတဲ့အခြေခံတစ်ခုကို ဖန်တီးပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ပေါ်ထွန်းစလုပ်ငန်းတွေအတွက် အထောက်အကူပြုမယ့် အခြားအခြေအနေတွေ ဖန်တီးပေးနိုင်ဖို့လည်း ဝိုင်းဝန်းကြိုးပမ်းပေးကြဖို့ လိုအပ်ပါတယ်။ ယနေ့ကမ္ဘာ့မျက်မှောက်အခြေအနေအရ နိုင်ငံအများစုမှာ ပေါ်ထွန်းစလုပ်ငန်းများ ပိုမိုတိုးတက်များပြားလာသည်နှင့် အမျှ တီထွင်ဆန်းသစ်မှုနဲ့ ဖန်တီးဆောင်ရွက်မှုကလည်း ပိုမိုအားကောင်းလာမှာ ဖြစ်ပါတယ်။ စွန့်ဦးတီထွင်မှုဟာ နိုင်ငံတစ်ခုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းလာစေမယ့် အထောက်အပံ့လည်း ဖြစ်ပါတယ်။ စွန့်ဦးတီထွင်မှုဟာ ပေါ်ထွန်းစလုပ်ငန်းများ အားကောင်းတိုးတက်လာစေမှုနဲ့လည်း ဆက်စပ်လျက် ရှိပြန်ပါတယ်။ ပေါ်ထွန်းစလုပ်ငန်းများရဲ့ တီထွင်ဆန်းသစ်မှုနဲ့ စိတ်ကူးစိတ်သန်းဟာ အနာဂတ် နိုင်ငံ့စီးပွားရေးမှာ ပိုမိုအရေးပါလာမှာလည်း ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်း ပေါ်ထွန်းစ လုပ်ငန်းများ ပိုမိုပေါ်ထွက်လာပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးပါတဲ့ ဒေါက်တိုင်များအဖြစ် ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

♦

ကမ္ဘာစီးပွားရေးနှင့် အာရှဘဏ္ဍာရေး အကြပ်အတည်းများမှ ကျော်လွှားခဲ့သည့် တရုတ်နိုင်ငံ၏ အတွေ့အကြုံများ

|ဒေါက်တာဝါဝါမောင်|

တရုတ်နိုင်ငံ၏ စီးပွားရေး အသွင်ကူးပြောင်းမှုများ

၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် ထူထောင်ပြီးချိန်မှစ၍ တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် စီးပွားရေးအခြေအနေများသည် ကွန်မြူနစ်ဝါဒကို အခြေခံကာ ဗဟိုမှဦးစီးချုပ်ကိုင်သည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါသည်။ ထိုစဉ်အခါက နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းကိုလည်း ဆိုဗီယက်၊ အမေရိကန်တို့ကို အမီလိုက်နိုင်ရန် အမျိုးမျိုးကြိုးပမ်းခဲ့သော်လည်း မျှော်မှန်းသည့် အခြေအနေကို ရရှိအောင်မြင်ခြင်း မရှိခဲ့ဘဲ စီးပွားရေးအခြေအနေများ ပိုမိုကျဆင်းလာမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများမတိုင်မီ တရုတ်နိုင်ငံစီးပွားရေးမှာ ဗဟိုဦးစီးစီမံကိန်းစနစ်ဖြစ်ပြီး နိုင်ငံပိုင်လုပ်ငန်းများက လွှမ်းမိုးမှုများခဲ့သည်။ ၁၉၅၀ ခုနှစ်နှင့် ၁၉၇၃ ခုနှစ်များအကြား တရုတ်နိုင်ငံ၏ နှစ်စဉ်ပျမ်းမျှ GDP တိုးနှုန်းမှာ ၂.၉ ရာခိုင်နှုန်းရှိခဲ့သည်။ ၁၉၇၀ ခုနှစ်များတွင် စီးပွားရေးရပ်တန့်သည့်အချိန် ဖြစ်ခဲ့ပြီး စီးပွားရေးအားနည်းချက်များအား ကုစားရန် ဈေးကွက်သို့ဦးတည်သည့် ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်ခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် စီးပွားရေးစနစ်များကို အသွင်ပြောင်းခဲ့ရပါသည်။ တရုတ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအား "Socialism with Chinese characteristics" ဟုလည်းကောင်း၊ "Socialist Market Economy" ဟု လည်းကောင်း ခေါ် ဝေါ်ခဲ့ကြ သည်။ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် တိန့်ရှောင်



ဖိန်တက်လာပြီး ၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးစနစ်ကို လွတ်လပ်သော ဈေးကွက်စနစ်ဖြစ်သည့် တံခါးဖွင့်စီးပွားရေးစနစ်ဖြင့် လုပ်ဆောင်နိုင်ရန် မူဝါဒသစ်များ ချမှတ်လုပ်ဆောင်စေခဲ့သည်။ ဤကဲ့သို့ စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်ပြီးသည့်နောက်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် လျင်မြန်စွာ တိုးတက်လာပြီး ကမ္ဘာ့စီးပွားရေး အင်အားကြီးများသည့် အမေရိကန်၊ ဂျပန် စသည့် နိုင်ငံများအား အမီဆောင်ရွက်လာနိုင်စွမ်း ရှိခဲ့ပါသည်။



တရုတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် အဓိကကျသည့် အချက်များမှာ ကျင့်သုံးခဲ့သည့် စီးပွားရေးမူဝါဒများနှင့် လုပ်ပိုင်ခွင့်များပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ တံခါးဖွင့် စီးပွားရေးမူဝါဒဆိုင်ရာ အခြေခံမူများအရ လွတ်လပ်စွာ စီးပွားရေးဆောင်ရွက်ခွင့်ပြုသည့် အထူးစီးပွားရေးဇုန်များနှင့် အထူးဆိပ်ကမ်းဒေသမြို့များ ထူထောင်ပေးလာပြီး နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုမှု ပိုမိုလာစေရန်လည်း ဆွဲဆောင်နိုင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုများသည်လည်း တရုတ်နိုင်ငံတွင် နှစ်စဉ်တိုးတက်လျက်ရှိပြီး တရုတ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းမှ ပြည်တွင်းဈေးကွက်ကြီးတစ်ခုကို ရရှိနိုင်သည့်အပြင် မိမိ ထုတ်ကုန်များကို တရုတ်နိုင်ငံပြင်ပသို့ ပို့ကုန်အဖြစ် တင်ပို့နိုင်သည့် အခွင့်အရေးများကို ရရှိခဲ့သည်။ နည်းပညာလွှဲပြောင်းမှုနှင့် ကမ္ဘာ့ဈေးကွက်အား အဓိကရယူခဲ့ သည်။ နိုင်ငံစီးပွားရေးအတွက် အကျိုးအမြတ် ရရှိနိုင်မည်ဟူသော အချက်ပေါ် မူတည်၍ ဤအခြေခံမူများ ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ ၁၉၈၀ ခုနှစ်မှ ယခုကာလအထိ တိုင်းပြည်၏ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှု တိုးတက်ပြောင်းလဲလာခြင်းမှ တရုတ်နိုင်ငံရှိ မြို့ကြီးများတွင် လူမှုစီးပွားအခြေအနေ တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးပြုပြင်ပြောင်းလဲရေး အကောင် အထည်ဖော်ရန်အတွက် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်ရရှိရေးလုပ်ငန်းများ စသည့် ကဏ္ဍတို့ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံသည် WTO ဝင်ခွင့်ရပြီးနောက် အခြားနိုင်ငံများ၏ စီးပွားရေး၊ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံများအပေါ် အကျိုးသက်ရောက်မှု၊ မိမိပြည်တွင်း လုပ်ငန်းများအပေါ် လည်းကောင်း၊ အထူးစီးပွားရေးဇုန်များတွင် ခွင့်ပြုထားချက်များကိုလည်းကောင်း ကာလတို၊ ကာလရှည်အတွက် အကျိုးရှိအောင် ကိုင်တွယ်နိုင်ခဲ့သည်။ အောက်ဖော်ပြပါ ပုံတွင် ၁၉၅၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်တို့အကြား တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တစ်ဦးကျ GDP တိုးနှုန်းများအား နှိုင်းယှဉ်တွေ့ရှိနိုင်ပါသည်။



ဇယားမြစ် – World Data Atlas

အောက်ဖော်ပြပါ ပုံတွင် တရုတ်နိုင်ငံ၏ GDP မှာ ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ GDP တန်ဖိုးအား အမေရိကန်ဒေါ်လာ ဘီလီယံနှင့် ဖော်ပြထားပြီး နှစ်စဉ်တိုးတက်မှုနှုန်း အပြောင်းအလဲများအား ဖော်ပြထားသည်။ ၂၀၀၇

ခုနှစ်တွင် တရုတ်နိုင်ငံ၏ GDP တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၇၁ .၄၅ ဘီလီယံ ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၄၀၇ .၄ ဘီလီယံ အထိ ရှိလာခဲ့ပါသည်။

တရုတ်နိုင်ငံ၏ GDP တန်ဖိုး အပြောင်းအလဲ
(အမေရိကန်ဒေါ်လာ - ဘီလီယံ)



ဇယားမြစ် - World Data Atlas

အောက်ဖော်ပြပါ ပုံတွင် တရုတ်နိုင်ငံ၏ GDP တိုးနှုန်းများအား ဖော်ပြထားပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အကြား တစ်ဟုန်ထိုး တိုးတက်ခဲ့ပြီး GDP တန်ဖိုး မြင့်တက်လာသည်နှင့်အမျှ ၂၀၀၈ ခုနှစ်မှစတင်၍ two digit တိုးနှုန်းမှ one digit တိုးနှုန်းများ ဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ၆ .၆ ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နောက်ဆုံးထုတ် အစီရင်ခံစာ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ စာရင်းအရ တရုတ်နိုင်ငံ၏ ယခုနှစ် GDP တိုးနှုန်းမှာ ၆ .၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလစာရင်းအရ တရုတ်နိုင်ငံ၏ စုဆောင်းမှုရာခိုင်နှုန်းမှာ ၄၅ .၆၈၉ % ဖြစ်ကြောင်း လေ့လာသိရှိရသည်။

တရုတ်နိုင်ငံ၏ GDP တိုးနှုန်း



DATE	VALUE	CHANGE,
2018	13,407.40	11.15 %
2017	12,062.28	7.49 %
2016	11,221.84	-0.04 %
2015	11,226.19	6.57 %
2014	10,534.55	9.34 %
2013	9,635.03	12.42 %
2012	8,570.35	13.94 %
2011	7,522.10	24.00 %
2010	6,066.35	18.44 %
2009	5,121.68	11.24 %
2008	4,604.29	28.92 %
2007	3,571.45	

ဇယားမြစ် - World Data Atlas

စီးပွားရေး ပွင့်လန်းမှု ရေရှည်ဖြစ်ပေါ်စေရေးအား ထိန်းသိမ်းနိုင်ဖို့

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ကိန်းဂဏန်းများအရ တရုတ်နိုင်ငံ၏ တစ်ဦးကျ GDP မှာ အမေရိကန်ဒေါ်လာ ၉၇၇၆ .၃၇၅ ရှိပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ဦးကျ GDP မှာ အမေရိကန် ဒေါ်လာ ၈၇၆၂ .၂၃၂ ရှိခဲ့သည်။ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ကိန်းဂဏန်းများအရ တရုတ် နိုင်ငံ၏ တစ်ဦးကျ GDP မှာ အမေရိကန်ဒေါ်လာ ၃၂၉ .၅၆ သာ ရှိခဲ့သည်။ ၁၉၅၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အား နှိုင်းယှဉ်ပါက တစ်ဦးကျ GDP မှာ အဆ ၃၀ နီးပါး တက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤသို့ GDP တိုးတက်မှုများ တောက်လျှောက်ဖြစ်ပေါ်နေသည့် နိုင်ငံများ၏ စီးပွားရေး အဆောက်အအုံသည် စုစုပေါင်းဝယ်လိုအား၏ တွန်းအားကြောင့် ထုတ်လုပ်နေမှုများ မရပ်မနား ဆောင်ရွက်ကာ စွမ်းအားစုများအား အစွမ်းကုန်အသုံးပြုနေသည့် အချိန်မျိုးဖြစ်ပါသည်။ အဆိုပါ စီးပွားရေးအဆောက်အအုံ၏ အခြေအနေမျိုးကို Overheating Economy ဟု ခေါ်ဆိုကြသည်။ စီးပွားရေးသံသရာအရဆိုပါက စီးပွားရေး ပွင့်လန်းမှု (Boom) များ အချိန်ကြာ ဆက်တိုက်ဖြစ်ပေါ်ရန် ထိန်းသိမ်းဆောင်ရွက်နေချိန်ဟု မှတ်ယူနိုင်ပါသည်။

စီးပွားရေး ပွင့်လန်းမှု (Boom) များ အချိန်ကြာဆက်တိုက်ဖြစ်ပေါ်ချိန်များတွင် ဖြစ်လေ့ဖြစ်ထရှိသည်များမှာ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်ခြင်း၊ ကမ္ဘာ့စျေးကွက်အထိ စီးပွားရေး ချဲ့ထွင်မှုများကြောင့် ပြင်ပစီးပွားရေးဂယက်ရိုက်ခတ်မှုများ၊ စီးပွားရေးပုံသဏ္ဌာန် အပြောင်းအလဲများကြောင့် အလုပ်လက် မဲ့ဖြစ်ပေါ်ခြင်းများ ရှိလာခဲ့သည်ကို ဗျူဟာကျကျ ဖြေရှင်းရန် လိုအပ်ခဲ့ပါသည်။ စီးပွားရေးတိုးတက်မှုကြောင့် တရုတ်နိုင်ငံ၏ ပြည်တွင်းတွင် လူတန်းစားကွာဟလာမှု၊ တရုတ်နိုင်ငံ၏ ကမ်းရိုးတမ်း ဒေသများနှင့် ကုန်းတွင်းဒေသဆိုင်ရာ ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများအား အသုံးပြုပြီး ဆွဲဆောင်မှုများ ပေးခဲ့သည်။ ကုန်းတွင်းပိုင်း ယူနန်ဒေသအား မြန်မာနိုင်ငံဘက်နှင့် ချိတ်ဆက်စေခဲ့သလို တရုတ်နိုင်ငံ၏ အနောက်တောင်ဒေသဖြစ်သည့် နန်နင်း ပြည်နယ်ကိုလည်း အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်စေခဲ့သည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းစုဆောင်းမှုနှုန်းမှာ ၁၉၈၀ ခုနှစ် ကျော်ကတည်းက စုဆောင်းမှုနှုန်း မြင့်မားလာခဲ့သည်။ ဂျပန်နိုင်ငံတွင် စုဆောင်းမှုနှုန်း ၂၁%၊ ထိုင်ဝမ်တွင် စုဆောင်းမှုနှုန်း ၁၈%၊ ဂျာမဏီနိုင်ငံတို့တွင် ၁၃%၊ အမေရိကန်ပြည်ထောင်စုတွင် ၈% တည်ရှိနေချိန်တွင် တရုတ်နိုင်ငံ၏ စုဆောင်းမှုမှာ သုံးစွဲနိုင်သည့် ငွေ၏ ၂၃% ဖြစ်ခဲ့ပါသည်။ စုဆောင်းမှုများအား ရင်းနှီးမြှုပ်နှံမှုအသွင် ကူးပြောင်းနိုင်ရေးအတွက် ဘဏ်စနစ်၊ အခွန်အကောက်စနစ်၊ မေခရိုစီးပွားရေးတည်ငြိမ်အားကောင်းစေမှုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် အဆင့်မြင့်နည်းပညာ လွှဲပြောင်းမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ တရုတ်နိုင်ငံ၏ လူသားအရင်းအမြစ်အား "From Brain Drain to Brain Gain" ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကမ္ဘာအနှံ့အပြားတွင် ရောက်ရှိနေသော တရုတ်လူမျိုးပညာရှင်များအား မိမိနိုင်ငံသို့ လစာကောင်းကောင်းဖြင့် ပြန်လည် တာဝန်ထမ်းဆောင်စေခြင်းအပြင် အနောက်တိုင်း စီမံခန့်ခွဲမှုနည်း စနစ်များနှင့် ပြည်ပအတွေ့အကြုံများ ရယူစေနိုင်ရန် နိုင်ငံသားများအား ပြည်ပပညာများ သွားရောက်သင်ကြားစေခဲ့သည်။ ကမ္ဘာ့စျေးကွက်နှင့် ပေါင်းစည်းနိုင်ရေးအတွက် ထုတ်ကုန်အမျိုးအစားအစား လုပ်သားစွမ်းစိုက် ဆောင်ရွက်သည့် နည်းလမ်းများ၊ စျေးနှုန်းသက်သာသည့် ထုတ်ကုန်များအား ဦးစားပေးထုတ်လုပ်ခဲ့ပြီး ကမ္ဘာအနှံ့ ဖြန့်ကျက်ရောင်းချနိုင်ခဲ့သည်။ နည်း ပညာတိုးတက်လာ သည်နှင့်အမျှ ထုတ်ကုန်များ၏ အရည်အသွေးအား ခွဲခြား ထုတ်လုပ်လာခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ တင်ပို့သည့် အရည်အသွေး၊ ဖွံ့ဖြိုးဆဲ (သို့မဟုတ်) ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများသို့ တင်ပို့သည့် အရည်အသွေးအား ခွဲခြား တင်ပို့ ခဲ့သည်။ ပြင်တွင်းသာမက ပြည်ပနိုင်ငံများ၊ အခြား ကမ္ဘာ့ နိုင်ငံများပင် စိတ်ဝင်စားမှု နည်းပါးသည့် အာဖရိကဒေသ ၌ပင် ချေးငွေများ ထုတ်ချေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများအား သွားရောက်ဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံ၏ ထုတ်ကုန်ခွဲခြားတင်ပို့မှုများ



DATE	VALUE	CHANGE, %
2018	6.6	-2.81 %
2017	6.8	0.34 %
2016	6.7	-2.41 %
2015	6.9	-5.48 %
2014	7.3	-6.41 %
2013	7.8	-1.27 %
2012	7.9	-16.84 %
2011	9.5	-10.43 %
2010	10.6	15.28 %
2009	9.2	-4.17 %
2008	9.6	-32.39 %
2007	14.2	

အာရှဘဏ္ဍာရေး အကျပ်အတည်းကို ကျော်လွှားနိုင်ခဲ့ခြင်း

၁၉၉၇ ခုနှစ် အာရှ ဘဏ္ဍာရေး အကျပ်အတည်း (Asian Economic Crisis) အလွန်မှာလည်း တရုတ်နိုင်ငံအနေဖြင့် ပြင်ပစီးပွားရေးကဏ္ဍ (External Sector) အပေါ် သက်ရောက်မှုများကြောင့် စီးပွားရေးအနည်းငယ် ကျဆင်းမှုဖြစ်ပေါ်ခဲ့သော်လည်း နောက်နှစ်များတွင် ဆက်လက်ရှင်သန်တိုးတက်မှုကို ကြုံခဲ့ရသည်။ ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေး အကြပ်အတည်း ဖြစ်ပေါ်စဉ် အခြားသော အာရှနိုင်ငံများ၏ ငွေကြေးမှာ ဒေါ်လာနှင့် နှိုင်းယှဉ်ပါက တန်ဖိုးများ ကျဆင်းခဲ့သော်လည်း တရုတ်နိုင်ငံ၏ ယွမ်တန်ဖိုးအား ဆက်လက် ထိန်းထားနိုင်ခဲ့သည်။

အခြားအာရှနိုင်ငံများ၏ စီးပွားရေးကျဆင်းခြင်း၊ စျေးကွက်တွင် ဝယ်နိုင်စွမ်းအား နည်းပါးလာခြင်းတို့ကြောင့် အာရှစျေးကွက်တွင် စျေးကွက်ရှယ်ယာ ၄၀ % ရယူထားခဲ့သည့် တရုတ်နိုင်ငံ ပို့ကုန်များအပေါ် ဝယ်လိုအား ကျဆင်းခဲ့ခြင်းများ ကြုံတွေ့ခဲ့ရသည်။ ထိုအတွေ့အကြုံများအရ တရုတ်နိုင်ငံအနေဖြင့် နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအား ကာကွယ်နိုင်ရန် Proactive Policy များ ကျင့်သုံး၍ ပြည်တွင်း ပြုပြင်ပြောင်းလဲပြင်ဆင်မှုများအား ဆောင်ရွက်ခဲ့သည်။ ထိုသို့ပြင်ဆင်ဆောင်ရွက်ခဲ့သည့် မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

- ပို့ကုန်များအတွက် အခွန်များ လျှော့ချပေးခြင်း၊
- ပို့ကုန်များအတွက် ဖြစ်ပေါ်နေသည့် အကန့်အသတ် ၊ အဟန့်အတားများ လျှော့ချပေးခြင်း၊
- ကုန်သွယ်မှုစနစ်နှင့် ပြည်သူပိုင်ကုန်သွယ်ရေး

ကုမ္ပဏီများ၏ ပြုပြင်ပြောင်းလဲမှုများအား အရှိန်တွန်းတင်ခဲ့ခြင်း၊ ပုဂ္ဂလိကအသွင်ကူးပြောင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအား တွန်းအားပေးဆောင်ရွက်ခြင်း၊

- နိုင်ငံခြားကုန်သွယ်ရေး ဆက်စပ်ကဏ္ဍများအား ဘဏ္ဍာငွေ အထောက်အပံ့များ တိုးမြှင့်ခြင်း၊
- ပို့ကုန်ဈေးကွက်များ ခွဲခြားတင်ပို့ခြင်း၊ အထူးသဖြင့် အာရှဈေးကွက်အပြင် မြောက်အမေရိက၊ ဥရောပ၊ အာဖရိကပို့ကုန်များ အားပေးခြင်း၊
- ပို့ကုန်၏ ဖွဲ့စည်းမှု (Export Composition) ကို ပြောင်းလဲနိုင်အောင် ကြိုးပမ်းခြင်း၊
- စက်မှုထုတ်လုပ်မှု ပုံသဏ္ဌာန် (Industrial Structure) အား အသွင်ကူးပြောင်းနိုင်ရန် ကြိုးပမ်းခြင်း

တို့ဖြင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုကို ဦးဆောင်နိုင်ခဲ့သည်။

၂၀၀၁ ခုနှစ် တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖြစ်လာခဲ့ခြင်း

၂၀၀၁ ခုနှစ် တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (WTO accession) ဖြစ်ပြီး နောက်ပိုင်း တရုတ်နိုင်ငံ စီးပွားရေးအနေဖြင့် Overheating economy အနေအထားနှင့် ရင်ဆိုင်ခဲ့ရသည်။ တရုတ်နိုင်ငံတွင် Overheating economy ဖြစ်ပေါ်စေခဲ့သည့် အချက် (၃) ချက်မှာ-

(က) ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်ဖြစ်ပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခဲ့ခြင်း၊

(ခ) ပြည်တွင်းစုဆောင်းမှုများ ပိုလျှံလာမှုကြောင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုများပြားလာခဲ့ခြင်း၊

(ဂ) မြို့ပြစီမံကိန်း အစီအစဉ်များ (Urbanisation Programme) အား ဒေသတွင်း ဖွံ့ဖြိုးမှု ဘက်ညီမျှတစေရေး အတွက် ဇောင်းပေးဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

Overheating Economy မှ Cooling Economy သို့

၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် Overheating ဖြစ်နေသည့် စီးပွားရေး အဆောက်အအုံအား အလုပ်အကိုင်ဖန်တီးမှုများနှင့် အသားတစ်ကျ ဖြစ်ပေါ်စေမည့် စီးပွားရေး အဆောက်အအုံတစ်ခု (Cooling) ဖြစ်စေရန် ချေးငွေ Package များဖြင့် Soft Landing စီစဉ်ခဲ့သည်။ ပြည်တွင်းစားသုံးမှု မြင့်တက်စေရေးနှင့် လူနေမှု အဆင့်အတန်း မြင့်မားစေရေး၊ မိမိနိုင်ငံ ထုတ်ကုန်ပစ္စည်းများ လူပေါင်းသန်းထောင်ကျော် တည်ရှိနေသည့် ပြည်တွင်း ဈေးကွက်တွင်လည်း ထိုးဖောက်နိုင်ရေးအတွက် အရစ်ကျ အကြွေးဝယ်စနစ်များ ထူထောင်ခဲ့သည်။

ထို့နောက် Cooling Economy ဖြစ်ပေါ်စေရေး အတွက် တရုတ်နိုင်ငံအနေဖြင့် အစိုးရအသုံးစရိတ် (Government Spending) ကို လျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့လျှော့ချခြင်းအားဖြင့် ဘဏ္ဍာရေး ပိုငွေပြမှု များပြားလာခဲ့ရာ အခြားနိုင်ငံများတွင် ရင်းနှီး မြှုပ်နှံခြင်း၊ ချေးငွေများ ထုတ်ချေးခြင်းများအား နိုင်ငံ အချင်းချင်း ဆက်ဆံရေး Bilateral မှတစ်ဆင့် စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ရင်းနှီးမြှုပ်နှံခြင်း၊ ချေးငွေများ ထုတ်ချေးခြင်းများ ဆောင်ရွက်ရာ၌ ပိုမို ကျယ်ကျယ် ပြန့်ပြန့်ရှိလာစေရန် အာရှ-ပစိဖိတ်ဒေသ အခြေခံအဆောက်အအုံအား ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ နိုင်ငံစု ဖွံ့ဖြိုးမှုဘဏ်တစ်ခုအဖြစ် The Asian Infrastructure Investment Bank (AIIB) ကို ၂၀၁၃ ခုနှစ်တွင် အဆိုပြုတင်ပြခဲ့ပြီး အဖွဲ့ဝင် ၇၄ ယောက်၊ အလားအလာရှိသည့် အဖွဲ့ဝင် ၂၆ ယောက်တို့ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ဘဏ် လုပ်ငန်းလည်ပတ်မှုကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် တွင် စတင်ခဲ့သည်။ ကုလသမဂ္ဂမှ AIIB ထူထောင်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအကောင်အထည်ဖော်ဆောင်ရေးအား အရှိန်ရစေရန်နှင့် ကမ္ဘာ့စီးပွားရေးအုပ်ချုပ်မှု အခြေအနေတိုးတက်ကောင်းမွန်စေရန် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အဆိုပါဘဏ်၏ ရုံးချုပ်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဖြစ်ပြီး စုစုပေါင်းအရင်းအနှီး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ နှင့် စတင်ခဲ့သည်။ အဆိုပါအရင်းအနှီးမှာ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank) အရင်းအနှီး၏ ၃ ပုံ ၂ ပုံ၊ ကမ္ဘာ့ဘဏ် (World Bank) ၏ တစ်ဝက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ အဆို ပါ AIIB အား ကမ္ဘာ့အကြီးဆုံး Credit Ratings Agency (3) မှ Credit Rating အများဆုံး ပေးထားကြောင်း လေ့လာတွေ့ရှိရသည်။ နောင်တွင် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်တို့နှင့် အပြိုင် အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခု ဖြစ်

လာနိုင်မည့် အလားအလာရှိကြောင်း လေ့လာတွေ့ရှိရပေသည်။ အဆိုပါ AIIDဘဏ်၏ချေးငွေများအား အထူးသဖြင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" "One Belt One Road(OBOR)"အကောင်အထည်ဖော်ဆောင်ရေးအောက်မှ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံချက်များနှင့် ချိတ်ဆက်ထားသည်။ ချေးငွေပုံစံများကိုလည်း အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီလာကြောင်း လေ့လာတွေ့ရှိရသည်။

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း (**Global Financial Crisis**) အား ကျော်လွှားနိုင်ခဲ့ခြင်း

၂၀၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ Mortgage Market မှ စတင်ဖြစ်ပွားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဘဏ် တစ်ခုဖြစ်သည့် Lehman Brothers ဘဏ် ပြိုကွဲကာ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းအကြပ်အတည်း၊ ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်း (Global Financial Crisis) အဖြစ် သို့ရောက်ရှိလာခဲ့သည့် ဖြစ်စဉ်တွင်လည်း တရုတ်နိုင်ငံသို့ ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ပို့ကုန်များ ကျဆင်းခဲ့ခြင်း၊ စတော့စျေးကွက်တွင် ရှယ်ယာစျေးနှုန်းများ ကျဆင်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုများ လျော့ကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံသည် ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်း၏ သက်ရောက်မှုခံစားရစဉ် အချိန်အတွင်း၌ပင် ၂၀၀၈ ခုနှစ်တွင် ၉.၆% နှင့် ၂၀၀၉ ခုနှစ် တွင် ၉.၂% ရရှိအောင်မြင်ခဲ့သည်။



China's gross exports and imports growth



Government fiscal balance as percentage of GDP

၂၀၁၀ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေး ပြန်လည်နလံထူခဲ့ပြီး GDP တိုးတက်မှုနှုန်း ၁၀ % ရှိလာခဲ့သည်။ ဤကဲ့သို့ တရုတ်နိုင်ငံ နလံထမှု မြန်ဆန်ခဲ့ခြင်းမှာ ဘဏ္ဍာရေး အခြေခိုင်မာမှု (Strong Fiscal Position) ကြောင့်ပင် ဖြစ်သည်။ ၁၉၉၇-၉၈ ခုနှစ်တွင် ကြုံတွေ့ခဲ့သည့် အခြေအနေထက် ဘဏ္ဍာရေး အခြေအနေ ကောင်းမွန်လာခဲ့သည်။ ထိုင်းမှိုင်းနေသည့် စီးပွားရေးကို လှုပ်ခတ်နိုင်ရန် ပြည်တွင်းဝယ်လိုအား (Domestic Demand) အား နှိုးဆွကာ Strong Stimulus Package ကို အသုံးပြု ဖြေရှင်းနိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်မှာ ၁၇% ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ GDP ၏ ၄၀ % ဖြစ်လာခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် ပို့ကုန်အပေါ် မှီခိုခဲ့သည့် နိုင်ငံတစ်ခု (Export Dependence) ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့် နှိုင်းယှဉ်ပါက နှစ်နိုင်ငံ ကုန်သွယ်မှုတွင် ပို့ငွေဆက်တိုက်ပြမှုသည် အမေရိကန်ကွန်ဂရက်၌ အဓိကဆွေးနွေးစရာ ခေါင်းစဉ်တစ်ရပ်ဖြစ်လာခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် အာဏာရရှိလာခဲ့သော အမေရိကန်ပြည်ထောင်စု သမ္မတ Donald Trump အနေနှင့်လည်း အမေရိကန်နိုင်ငံ၏ စီးပွားရေး ပြန်လည်အားကောင်းအောင် ဆောင်ရွက်မည့် စီးပွားရေးမူဝါဒအနေဖြင့် တင်းကြပ်သည့် ဘဏ္ဍာရေးမူဝါဒနှင့် ကုန်သွယ်ရေးမူဝါဒအား ကျင့်သုံးရန် ပြင်ဆင်ထားခြင်းကြောင့် ကမ္ဘာ့အင်အားကြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ငွေကြေးစစ်ပွဲ (Currency War) ၊ ကုန်သွယ်ရေးစစ်ပွဲ (Trade War) ၊ အခွန်အကောက်စစ်ပွဲ (Tariff War) စသည်ဖြင့် ဆင်နွှဲခြင်းအားဖြင့် ကမ္ဘာ့စီးပွားရေး အခြေအနေတွင်

ဂယက်ရိုက်ခတ်လျက်ရှိနေပေသည်။

၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃.၅ % တိုးတက်လာခဲ့ပြီး တစ်နှစ်အတွင်း လုပ်ငန်းသစ်ပေါင်း ၂၀၃၃ ဝင်ရောက်လာကာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၀.၇၄ ဘီလီယံ ရှိခဲ့သည်။ အဆင့်မြင့် နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှုများလာခဲ့သည်။ အထူးသဖြင့် ထုတ်လုပ်မှုလုပ်ငန်းများတွင် ၂.၇% ၊ အဆင့်မြင့်နည်းပညာကဏ္ဍဆိုသည်မှာ လေယာဉ်၊ အာကာသယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှု (Aviation, Space-Craft and Equipment) တွင် ၃၂.၈%၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး (Electronics and Communication Equipment) လုပ်ငန်းများတွင် ၂၉.၃%၊ ဆေးဝါး ပစ္စည်းထုတ်လုပ်မှု (Pharmaceuticals) လုပ်ငန်းတွင် ၂၂% တိုးတက်ကြောင်း တွေ့ရှိရသည်။ တိုးတက်လာသော အဆိုပါရင်းနှီးမြှုပ်နှံမှု ဇာစ်မြစ်အရ ဂျာမဏီမှ ၇၂.၄%၊ တောင်ကိုရီယားမှ ၆၇.၇% ၊ ဂျပန်မှ ၁၂.၆% နှင့် နယ်သာလန်မှ ၁၄.၃% တို့ ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းအား ၆.၅% ရှိကြောင်း Premier Li Keqiang မှ National People's Congress (NPC) ကိုပြောကြားခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ရင်းနှီးမြှုပ်နှံမှု များအား ခွဲခြားဆက်ဆံခြင်း မပြုဘဲ အမေရိကန်နှင့် ဥရောပကုမ္ပဏီများအားလည်း တရုတ်ကုမ္ပဏီများကဲ့သို့ တန်းတူဆက်ခံပါမည် 'Treated as Equals' ဟု အစည်းအဝေးတွင် ကတိကဝတ်ပြုခဲ့သည်။ စီးပွားရေး ပိုင်ဆိုင်မှုပုံစံမျိုးစုံနှင့် လုပ်ငန်းများအကြား တန်းတူရည်တူ (Equal Footing) ဖြစ်စေရန် ကြိုးပမ်းမည်ဟုဆိုသည်။ တစ်ချိန်တည်းမှာပင် တရုတ် နိုင်ငံ၏နည်းပညာ ရည်မှန်းချက်အားမြှင့်တင်ခဲ့သည်။

တရုတ်နိုင်ငံ၏စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးများမြင့်တက်ကာ အရှိန်အဟုန်ဖြင့် စီးပွားရေးတိုးတက်မှု ရရှိခြင်းမှာ စီးပွားရေးစနစ် အသွင်ကူးပြောင်းခြင်းများ ဆက်လက်အောင်မြင်နေခြင်းကြောင့် ဖြစ်သည်။ တရုတ်နိုင်ငံတွင်း လိုအပ်နေသေးသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ တရုတ်ပြည်သူများ၏ လူနေမှုအဆင့်အတန်းတူညီရေးနှင့် ဖွံ့ဖြိုးမှု (Equitable Development) တို့ကို အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးတိုးတက်မှု အရှိန်မပျက်ဘဲ ရပ်တည်နိုင်အောင်၊ ကမ္ဘာ့စီးပွားရေး ရိုက်ခတ်မှုများနှင့် နိုင်ငံ၏ယှဉ်ပြိုင်နိုင်မှု စွမ်းအား (National Competitivene) ဆက်လက်ထိန်းသိမ်းနိုင်ရေးတို့ကို ဆက်လက်ဖြစ်ပေါ်နိုင်အောင် ဆောင်ရွက်မည့် တရုတ်နိုင်ငံ၏ စီးပွားရေးအကွက်လှလှများအား ကမ္ဘာ့စီးပွားရေး ဇာတ်ခုံတွင် ဆက်လက် ကြည့်ရှုကြပါစို့။

References

- Asian Infrastructure Investment Bank, From Wikipedia, the free encyclopedia
- Business, "China ready for overheating economy, Tuesday, 22 Jun 2004
- Cary Huang, " Why a cooling in China's economy would be a good thing",
- JOE McDONALD, "China sets robust growth target to shore up cooling economy", AP News, By March, 2019.
- Linyue Li, Thomas D. Willett and Nan Zhang, " The Effects of the Global Financial Crisis on China's Financial Market and Macroeconomy", Economics Research International, Volume 2012, Article ID 961694, 6 pages http://dx.doi.org/10.1155/2012/961694
- Wen Hai, Kaifeng Zhong, "THE IMPACTS OF THE ASIAN ECONOMIC CRISIS ON CHINA'S FOREIGN TRADE", June 1999.
- Xinhua, 2019-07-1118:36:34, Editor, "ZX China reports steady FDI growth in H1"

အိမ်နီးချင်းနိုင်ငံများ၏ မျှော်မှန်းပုံရိပ်များ

|သန်းဇော်|

နိုင်ငံတိုင်းသည် မိမိနိုင်ငံကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် အကောင်အထည်ဖော်နိုင်ကြရန်အတွက် စိတ်ခွန်အားပေးတိုးမြှင့်ပေးနိုင်သည့် မျှော်မှန်းချက်များ ချမှတ်ခဲ့ကြသည်။ လက်ရှိအခြေအနေမှ အနာဂတ်ကာလ အပိုင်းအခြားတစ်ခုတွင် နိုင်ငံကို မိမိတို့ ပုံဖော်လိုသော ပုံသဏ္ဌာန်များ ဖြစ်ပေါ်နိုင်ရေး မူဝါဒများ၊ စီမံကိန်းများရေးဆွဲ၍ ပုံစံချမှတ်ခြင်းပင်ဖြစ်သည်။ ထိုသို့ ချမှတ်ရာတွင် ဉာဏ်ပညာကြီးမားခြင်း၊ စဉ်းစားတွေးခေါ်နိုင်မှု မြင့်မားခြင်းနှင့် စည်းမျဉ်းစည်းကမ်းနှင့် ပြည့်စုံပြီး ဥပဒေစိုးမိုးမှု၊ ပြည်သူများကို မျက်နှာမူသည့် ဆုံးဖြတ်နိုင်စွမ်းရှိသော အဖွဲ့အစည်းရှိသည့် နိုင်ငံများ၏ ပန်းတိုင်သည်

စိတ်ကူးယဉ်မှုမှ လက်တွေ့ပုံသဏ္ဌာန်အဖြစ်သို့ ပြောင်းလဲလာမည် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၀ ခုနှစ်အတွက် ပုံဖော်မှု

အိန္ဒိယနိုင်ငံသည် ကျေးလက်ဒေသနှင့်မြို့ပြ ကွာဟမှုလျော့နည်းစေရေး၊ စွမ်းအင်နှင့် အရည်အသွေးမီသော သောက်သုံးရေများ ညီညွတ်မျှတစွာ ဖြန့်ဖြူးရေးနှင့် ရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ အစရှိသည့် ကဏ္ဍပေါင်းစုံ ပါဝင်ဆောင်ရွက်ရေး၊ လူမှုစီးပွားရေးခွဲခြားဆက်ဆံမှုကြောင့် ချီးမြှင့်ထိုက်သူများကို ပိတ်ပင်ခြင်းမရှိသော ကောင်းမွန်သော ပညာရေးစနစ်ကျင့်သုံးရေး၊ စွမ်းဆောင်ရည်မြင့်သော ပညာသင်များ၊ သိပ္ပံပညာရှင်များနှင့် ကမ္ဘာအနှံ့မှ ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သော ရည်မှန်းချက်ပန်းတိုင်ထားရှိရေး၊ နေရာအနှံ့တွင် ကောင်းမွန်သောကျန်းမာရေး စောင့်ရှောက်မှုများရရှိရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ ပွင့်လင်းမြင်သာမှု ရှိရေးနှင့် အကျင့်ပျက် ခြစားမှု ပပျောက်ရေး၊ ဆင်းရဲနွမ်းပါးမှု အမြစ်ပြတ်ချေမှုန်းရေး၊ စာမတတ်မြောက်မှု ပပျောက်ရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ရာဇဝတ်မှုများ ကင်းဝေးရေးနှင့် လူတိုင်း လူမှုစီးပွား နယ်ပယ်တွင် ကင်းကွာမှု မရှိစေရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှု ကင်းဝေးရေး၊ ငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရေး၊ ခေါင်းဆောင်မှုအပိုင်းနှင့် နေထိုင်ရန် သင့်လျော်ကောင်းမွန်သော ကမ္ဘာ့ အကောင်းဆုံးနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ရေး ရည်မှန်းချက်များဖြင့် ကြောက်ရွံ့မှု၊ တုန်လှုပ်မှုကင်းမဲ့သော၊ ကမ္ဘာ့အလယ်တွင် အစဉ်အမြဲ ဦးမော့နိုင်သော၊ လွတ်လပ်စွာ တွေးခေါ်နိုင်သော၊ ပြည်တွင်းကွဲလွဲချက်များ လျော့ကျအောင်ပြုလုပ်ပြီး ပိုမိုပေါင်းစည်းစေသော၊ မည်သည့်အကြောင်းကြောင့်မှ သွားရမည့်လမ်းကြောင်း မပျောက်ဆုံးစေသော၊ ကျယ်ပြန့်သော အမြင်နှင့် လုပ်ဆောင်ချက်များဖြင့် စိတ်များကို အမြဲရွက်လွှင့်ထားသော၊ မှန်ကန်ပြီး ဂုဏ်သိက္ခာရှိသော စကားလုံးများကိုသာ ပြောဆိုမည့်နိုင်ငံ ဖြစ်စေရေး မျှော်မှန်းပုံဖော်လျက်ရှိပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၃၀ ခုနှစ်အတွက် ပုံဖော်မှု

ကမ္ဘောဒီးယားနိုင်ငံသည် စာမတတ်မြောက်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ကျန်းမာရေးချို့တဲ့မှု ကင်းမဲ့သော ကမ္ဘောဒီးယားနိုင်ငံ၊ ပြည်သူများအားလုံးသည် ငတ်မွတ်ခေါင်းပါးမှု၊ မညီမျှမှု၊ ခွဲခြားခံရမှုနှင့် အကူအညီကင်းမဲ့သော နေရာတွင် နေထိုင်နေခြင်းမျိုး မဖြစ်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများအားလုံးသည် ပညာရေး အဆင့်မြင့်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်နိုင်ရန်၊ ကောင်းမွန်သော အသက်မွေးဝမ်းကြောင်းမှုကို ရွေးချယ်နိုင်စွမ်းရှိပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စီးပွားရေးလုပ်ငန်းများအားလုံး မှီခိုနေရသည့် သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့နေစေရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနေသော လူ့အဖွဲ့အစည်းကို ထူထောင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို ထိခိုက်မှုမရှိစေသည့် ရေရှည်တည်တံ့သော စီးပွားရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံများ ထူထောင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အစိုးရများနှင့် အဓိကကျသော Stakeholder များက အားကောင်းစွာ ဆောင်ရွက်ရန်နှင့် ပြည်သူတို့၏ အကျိုးသည် ၄င်းတို့၏ အဓိကကျသော လုပ်ငန်း အဖြစ်ခံယူရန် မျှော်မှန်းပုံဖော်လျက်ရှိပါသည်။

လာအိုနိုင်ငံ၏ ၂၀၂၀ အတွက် ပုံဖော်မှု

လာအိုနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံအဖြစ်သို့ ကူးပြောင်းရန်၊ လူ့အရင်းအမြစ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်မှုဖြစ်စေသော အာဟာရဓာတ် ပြည့်ဝစွာမရရှိခြင်းမှ လွတ်မြောက်သည့်နိုင်ငံဖြစ်ရန် မျှော်မှန်းချက်ဖြင့် ၂၀၂၀ ပြည့်နှစ်တွင် နယ်ပယ်တစ်ခုစီတိုင်းတွင် ဖြစ်ပေါ်နေသော ၁၈% သော လေလွင့်ဆုံးရှုံးမှုများအား လျှော့ချရန်၊ စွန့်စားလုပ်ဆောင်မှုနှုန်းသည် ၄၀% ၌ တည်ရှိနေစေရန်၊ ငါးနှစ်အောက်ကလေးတို့အား အကျိုးသက်ရောက်စေသော အာဟာရဓာတ် မပြည့်ဝမှုအား လျှော့ချရန် ရည်ရွယ်၍ **'သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရန်'** မျှော်မှန်းပုံဖော်လျက် ရှိပါသည်။

တရုတ်နိုင်ငံ၏ ၂၀၃၀ ခုနှစ်အတွက် ပုံဖော်မှု

တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်သော်လည်း ကြီးမားသော လူဦးရေကြောင့် ဝင်ငွေမညီမျှမှု ကွာဟချက် ကြီးမားခြင်းနှင့်အတူ တစ်ဦးကျဝင်ငွေတွင် နိမ့်ကျပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်နှင့်သာ

တည်ရှိနေသောကြောင့် **'သဟဇာတဖြစ်ပြီး တီထွင် ဖန်တီးနိုင်စွမ်းနှင့် တစ်ဦးချင်းစီ၏ ဝင်ငွေမြင့်မားသော ခေတ်မီလူ့အဖွဲ့အစည်းဆီသို့'** မျှော်မှန်းချက်ဖြင့် နိုင်ငံကိုပုံဖော်မည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ ပုံဖော်မှု

ထိုင်းနိုင်ငံသည် တရားမျှတမှု၊ တန်းတူညီမျှမှု၊ ကြံ့ခိုင်မှုတို့နှင့် ပျော်ရွှင်မှုအတိုင်းသော လူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာရေး မျှော်မှန်းချက် ချမှတ်ထားပြီး ပြည်သူများ၏ ဘဝလုံခြုံမှုရှိရေးနှင့် အကာအကွယ်ပေးနိုင်ရန်အတွက် မျှတသော လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ရောက်ရှိစေရန်၊ မျှတ သော တရားစီရင်ရေးစနစ်အား အများလက်ခံလာရန်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုအောက်တွင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်ရန်၊ အမှန်တရားကို မြတ်နိုးသော၊ အသက်အရွယ်အလိုက် ဗဟုသုတနှင့်ပြည့်စုံသော ပြည်သူများဖြစ်လာစေရန်နှင့် ပြောင်းလဲမှုအလိုက် လိုက်ပါ ပြောင်းလဲနိုင်စေရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရန်၊ အစားအစာနှင့်စွမ်းအင် ဖူလုံစေရေးကို ဆောင်ရွက်ရင်း ပြည်တွင်းရှိ ဗဟုသုတအတွေ့အကြုံများ၊ တီထွင်ဖန်တီးမှုများကို အခြေခံ၍ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အကျိုးရှိမှုကို မြှင့်တင်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် စားသုံးမှု/သုံးစွဲမှုသည် ပတ်ဝန်းကျင်အတွက် ထိခိုက်မှုမရှိသောစီးပွားရေးပုံသဏ္ဌာန်အဖြစ် ပြုပြင်ရန်နှင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးအကျိုးစီးပွားအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ ဘေးအန္တရာယ်တို့၏ အကျိုးဆက်များအား ခံနိုင်စွမ်းတိုးတက်စေရေးနှင့် လူ့အသိုက်အဝန်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လုံခြုံစိတ်ချရသော သဘာဝရင်းမြစ်များနှင့် ပတ်ဝန်းကျင် တည်ဆောက်ရန် ရည်ရွယ်ချက်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ပြည်သူ့ဗဟိုပြုဆီသို့ ချဉ်းကပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစေရန်၊ ဦးစားပေးမှုကို ကျယ်ပြန့်စွာ ပါဝင်ရရှိစေရန်နှင့် အရပ်ဘက် အဖွဲ့အစည်းများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံရန်၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ပညာရေးလောကတွင်

အမျိုးသားဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ရေးဆွဲရာတွင် သေချာစွာ ပါဝင်ရန်ဆောင်ရွက်လျက် ရှိပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် ပုံဖော်မှု

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရှိရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားအားလုံး စားနပ်ရိက္ခာ ပူလုံမှုရှိရေး၊ ကျန်းမာရေးကောင်းမွန်စေရေးနှင့် တန်းတူ အခွင့်အရေးများ ရရှိစေရေး၊ နည်းပညာပိုင်းဆိုင်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ နိုင်ငံ၏ လိုအပ်ချက်ဖြစ်သည့် လူသားအရင်းအမြစ်ကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံသားအားလုံး ခေတ်နှင့်အညီ ပညာရေးကို အမီလိုက်နိုင်ရေး၊ အရင်းအမြစ်အားလုံးကို ကောင်းမွန်စွာ အသုံးပြုခြင်းဖြင့် ရေရှည် ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒီမိုကရေစီ၏ စည်းမျဉ်းစည်းကမ်းများ၊ တရားဥပဒေ၊ လူ့အခွင့်အရေး၊ ကျား/မတန်းတူအခွင့်အရေး၊ ဒေသခံပြည်သူများနှင့် အားနည်းသောသူများ၏ အခွင့်အရေးကို လေးစားမှုရှိရေး၊ လူသားအားလုံး၏ ဖန်းတီးနိုင်မှုစွမ်းအားကို အလေးထား၍ အားပေးမြှင့်တင်ရေး ရည်ရွယ်၍ **'ကျန်းမာပျော်ရွှင်ပြီး ပညာတတ်များပါဝင်သော ဖေးမကူညီတတ်သည့် လူ့အဖွဲ့အစည်းဖြင့် ချမ်းသာကြွယ်ဝသော၊ တီထွင်နိုင်စွမ်းနှင့် ထုတ်လုပ်နိုင်စွမ်းရှိပြီး အင်အားကောင်းသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့'** ရောက်ရှိစေရန် မျှော်မှန်းပုံဖော်လျက် ရှိပါသည်။

ဂလိုဘယ်လိုက်ဇေရှင်း (Globalization) ခေတ်နှင့်အညီ နိုင်ငံများသည် မိမိတစ်နိုင်ငံတည်း ရပ်တည်၍ နေထိုင်ရန် မဖြစ်နိုင်သောကြောင့် မိမိနိုင်ငံကိုလည်း ကမ္ဘာကြီးနှင့် ရင်ဘောင်တန်းနိုင်ရန် အများနည်းတူ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန်အတွက် ရောက်ရှိနေသည့် အနေအထားမှ အနာဂတ်ကာလပုံရိပ်ကို တိကျစွာ ပုံဖော်၍ တိကျသောမူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်း စဉ်များဖြင့် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

Reference:

1. Outline Perspective Plan of Bangladesh 2010-2021, General Economic Division, Government of The People's Republic of Bangladesh.
2. Cambodia new vision, Office of the Council of Ministers.
3. Building a modern, harmonious and creative society, The World Bank development research centre of the State Council, The People's Republic of China.
4. India Vision 2020, Dr.S.P.Gupta, Chairman of Planning Commission, Government of India.
5. 8th five year national socio- economic development plan (2016-2020), Ministry of Planning and Investment, Lao People's Democratic Republic.
6. The Thai Government Vision in the years 2015-2020, The government public relations department.

ဂင်းနှီးမြုပ်နှံမှုနှင့်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

|ဒေါက်တာညီ|

မိတ်ဆက်

ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် ခြေလှမ်းနိုင်ဖို့ဆိုတာ ရင်းနှီးမြုပ်နှံမှု မရှိဘဲ တက်လှမ်းလို့ မရနိုင်တာ ဖွံ့ဖြိုးပြီးနိုင်ငံများရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများပါ လက်ခံထားကြတာပါ။ ဒါကြောင့် နည်းလမ်းမျိုးစုံအပြင် အခွင့်အရေးများစွာဖြင့် မိမိတို့နိုင်ငံမှာ လာရောက်ရင်းနှီးမြုပ်နှံလာအောင် ဆွဲဆောင်နေကြတာပါ။ စာရေးသူတို့ အမိမြန်မာနိုင်ငံအနေနဲ့ အခြားနိုင်ငံတွေထက် ခြေလှမ်းများစွာ ပိုနိုင်မှလည်း ရှေ့ကို အရွေ့တစ်ခုအဖြစ် ရှိလာမှာလည်း ဖြစ်ပါတယ်။ ယခုအခါမှာ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပုဂ္ဂလိကအဖွဲ့တွေကရော၊ နိုင်ငံတော်အစိုးရကိုယ်တိုင်က ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းနိုင်သမျှ နည်းစေမည့် နည်းလမ်းတွေကို ထိန်းသိမ်းရင်း နိုင်ငံ့စီးပွားရေးကိုလည်း စဉ်ဆက်မပြတ်တိုးတက်လာဖို့အားသွန်ခွန်စိုက် ရုန်းကန်နေချိန်ဖြစ်ပါတယ်။ ဒါကြောင့် စာရေးသူအနေနဲ့ ခုဆောင်းပါးလေးနှင့် သတိ၊ အသိလေးတွေ နိုးကြားလာစေဖို့အတွက် လှုံ့ဆော်ပေးလိုက်ရခြင်းပါ။

နိဒါန်း

စာရေးသူကိုယ်တိုင် လေထုနှင့်ရေထု ညစ်ညမ်းမှုဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာဗွန်လျှော့ချရေး စီမံချက်များမှာပါ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီရဲ့ အစီအစဉ်တွေမှာ ပါဝင်လုပ်ဆောင်ခဲ့ပါတယ်။ ယခုအချိန်ထိလည်း မြန်မာနှင့် ဂျပန်ကာဗွန်လျှော့ချရေး စီမံချက်မှာ အဖွဲ့ဝင်အဖြစ် ပါဝင်နေပါတယ်။ စာတမ်းတွေလည်း ရေးသားခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ တာဝန်ထမ်းဆောင်စဉ်ကာလတွေကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက တာဝန်ရှိသူတွေနှင့် ဆွေးနွေးခဲ့တာ၊ အကြံပြုခဲ့တာတွေနှင့် ကွင်းဆင်းစစ်ဆေးခဲ့တာတွေလည်း များစွာလုပ်ဆောင်ခဲ့ဖူးပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများနှင့်လည်း အကျွမ်းတဝင်ရှိခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများအကြား လွန်ဆွဲချက်များစွာကိုလည်း နဖူးတွေ့ဒူးတွေ့ အတွေ့အကြုံကောင်းများစွာ ရှိခဲ့တာဆိုလည်း မမှားပါဘူး။

လက်ရှိတရုတ်နိုင်ငံအပါအဝင်၊ ဖွံ့ဖြိုးဆဲအထက်နိုင်ငံများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများအားလုံးကို သေချာသုံးသပ်ရှုမြင်ကြည့်လိုက်ရင် တိုးတက်ဖို့ ကြိုးစားဆဲကာလတစ်လျှောက်လုံးမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို

နိုင်ငံစီးပွားတိုးတက်မှုအတွက် လျစ်လျူရှု လုပ်ဆောင်ခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ အမေရိကန်လိုနိုင်ငံတွေက ယနေ့အချိန်ထိတောင် ဖန်လုံအိမ်ခါတ်ငွေ့လျှော့ချရေးစာချုပ်မှာ လက်မှတ်မထိုးတာကိုကြည့်ပြီး အားလုံးအသိပဲ မဟုတ်ပါလား။ အကြောင်းရင်းက ပတ်ဝန်းကျင်ထိခိုက်မှုဘက်ကို အလွန်အမင်းဇောင်းပေးလွန်းရင်လည်း စီးပွားရေးလုပ်စားဖို့၊ တိုးတက်ဖို့ကို အတားအဆီးဖြစ်စေနိုင်ပြန်ပါတယ်။ စီးပွားရေးတစ်ခုကိုပဲ ဇောင်းပေးလုပ်ဆောင်ပြန်ရင်လည်း သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှု၊ ထိခိုက်မှုကို များစွာဖြစ်ပေါ်မှာ အမှန်ပါ။ စီးပွားရေးရော၊ ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ရော နှစ်ခုလုံးကို ထိထိမိမိတိုးတက်လုပ်ဆောင်နိုင်ဖို့ စာရေးသူတို့ ဘယ်လိုခရီးဆက်ကြမလဲဆိုတာပြည်သူတွေ အားလုံး သိနားလည်သဘောပေါက်ကြစေဖို့ ဒီဆောင်းပါးလေးနှင့် တာဝန်ရှိသူများနှင့် နိုင်ငံတော်အတွက်ပါ အသိပေး၊ သတိပေးလိုတဲ့အတွက် ရေးသားလိုက်ရခြင်းပါ။

မရှိမဖြစ်ရင်းနှီးမြှုပ်နှံမှု

နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုတာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအပြင် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက အလုပ်အကိုင်ဖန်တီးပေးဖို့၊ နိုင်ငံတော်အတွက် နည်းပညာအသစ်အသစ်များ ရရှိဖို့၊ ဈေးကွက်သစ်များနှင့် ထုတ်ကုန်၊ ပို့ကုန်များတိုးတက်ဖို့၊ ပြည်တွင်းဈေးကွက်အခိုင်အမာရရှိဖို့နှင့် နိုင်ငံခြားအထိ ထိုးဖောက်ဖို့၊ နယ်စပ် ကုန်သွယ်မှု မြှင့်တင်နိုင်ဖို့ စသည်စသည် အချက်များစွာလိုအပ်နေတာပါ။ စီးပွားရေးနှင့်အတူ စဉ်းစားစရာအခြားသော အချက်တွေကတော့ အများသားပါပဲ။ ဒါပေမဲ့ အမြန်ဆုံး ဖွံ့ဖြိုး တိုးတက်မှုခြေလှမ်းတွေရယူဖို့ကတော့ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ထဲထဲဝင်ဝင် လာရောက် ရင်းနှီးမြှုပ်နှံဖို့ပါပဲ။ ၁၉၈၈ ခုနှစ် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးတဲ့ခါးဖွင့်ပြီးနောက်ပိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေ ဆူဆူညံညံပြောလာကြတာက တော့ သစ်တောဖုံးလွှမ်းမှုဟာ အဲဒီအချိန်လောက်ကတည်းက ၂၈ ရာခိုင်နှုန်းပဲကျန်ရှိတော့တာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက မြန်မာ

နိုင်ငံကို ဝင်ရောက်လာခဲ့ပြီး ကျောက်မျက်ရတနာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးနှင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံလာကြတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို မေ့လျော့ထားခဲ့တဲ့အတွက် ရာသီဥတုဆိုးရွားတဲ့ဒဏ်ကို နှစ်စဉ်လိုလိုခံစားလာခဲ့ကြရတာပါ။ မြန်မာပြည်တစ်ခုတည်းရယ်ကြောင့်တော့ မဟုတ် ပါဘူး။ အိမ်နီးချင်းနိုင်ငံတွေကလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် အပြုအမူတွေကို နှစ်ကာလရှည်လျားစွာ ဆောင်ရွက်ခဲ့ကြတာတွေကြောင့်လည်း ပါပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားဖို့က တကယ်လို အပ်ချက်တစ်ခုပါ။ ဒါပေမဲ့ ရှေးယခင်နှစ်တွေရဲ့ခါးသီးတဲ့ အတွေ့အကြုံတွေက မြန်မာနိုင်ငံသားများရဲ့ အသိစိတ်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ဆီးခဲ့ရပြီး နိုင်ငံတော်အတွက် အကျိုးအမြတ်နည်းပါးခဲ့ပြီး၊ နိုင်ငံသားများအတွက် ခံစားခွင့်နည်းပါးမှု၊ ရာသီဥတုဖောက်ပြန်မှု အကျိုးရလဒ်တွေရလာတယ်လို့ ရှုမြင်လာခဲ့ကြပါတယ်။ လက်ရှိ NLD အစိုးရလက်ထက်မှာ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးစေမည့် နည်းလမ်းတွေကို စနစ်တကျ ပြင်ဆင်လာခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို ၂၀၁၈ ခုနှစ်မှာ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီး နိုင်ငံသားများ အကျိုးများစေမည့် တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်အောင် ကြိုးကြပ်စစ်ဆေးမှုကို အလေးထားခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ မရှိမဖြစ် လိုအပ်နေမှာဖြစ်ပြီး နိုင်ငံနှင့် လူမျိုးအကျိုးများစေဖို့ဆိုရင်တော့ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်အောင် နိုင်ငံတော်နှင့် ပြည်သူ အတူလက်တွဲလုပ်ဆောင်ကြဖို့က အရေးကြီးပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း

ယခုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ရင်းနှီးမြှုပ်နှံမှုပမာဏအလိုက် အတည်ပြုမိန့်နှင့် အဆိုပြုမိန့်ဆိုပြီး နှစ်ပိုင်းရှိတယ်ဆိုပေမဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဆီကို တင်ပြလာတဲ့ အဆိုပြုချက်များကို သဘောထားမှတ်ချက်များတောင်းခံပြီးမှ ခွင့်ပြုလုပ်ဆောင်စေတာပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် လည်းထုတ်လုပ်မည့် ကုန်ပစ္စည်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုက်ညီပြီး လုပ်ဆောင်ရမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ လုပ်ဆောင်စေဖို့ လမ်းညွှန်မှုကို ပေးပါတယ်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် (Environmental Impact Assessment, EIA)၊ လူမှုဘဝထိခိုက်မှုဆန်းစစ်ချက် (Social Impact Assessment, SIA)၊ လူမှုစီးပွား ထိခိုက်မှု ဆန်းစစ်ချက် (Environmental/social Impact Accessment, ESIA) စသည်ဖြင့် ချထားလုပ်ဆောင်စေပြီး စောင့်ကြည့်စိစစ်မှုမျိုးတွေလည်း လုပ်ဆောင်နေပါတယ်။ စနစ်တကျ ကွင်းဆင်းဆောင်ရွက်တာမျိုးတွေလည်း အပတ်စဉ်အလှည့်ကျ တာဝန်ပေး စိစစ်လျက်ရှိနေတာကို တွေ့ရပါတယ်။ ဆိုလိုရင်းကတော့ တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဖြစ်ဖို့ ပြည်သူပြည်သားတို့က စောင့်ကြည့်နေရုံနှင့် မလုံလောက်ဘဲ တာဝန်ရှိသူ ဌာနဆိုင်ရာများနှင့်အတူ လက်တွဲ လိုက်နာအောင် လုပ်ဆောင်ကြရမှာပါ။ ပြည့်စုံတဲ့ကိစ္စဆိုတာ နေရာတိုင်းမှာ မရှိပေမဲ့ ပြည့်စုံတဲ့ ဝန်းကျင်ကောင်းရဖို့နှင့် ဖန်တီးတည်ဆောက်ဖို့က စာရေးသူတို့ အားလုံးရဲ့ တာဝန်သာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့်လည်း လက်ရှိအချိန်မှာ ကမ္ဘာ့နိုင်ငံများနည်းတူ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် လုပ်ဆောင်နေတာကိုလည်း တွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ စာရေးသူအထက်က တင်ပြခဲ့သလိုပါပဲ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှု တစ်ခုခုဘက်ကို ဧောင်းပေးလွန်းရင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်နေစေမှာဖြစ်ပါတယ်။ တစ်ခုခုကို ဦးစားပေးရွေးချယ်ပြန်ရင်လည်း နိုင်ငံတိုးတက်မှုကို အဟန့်အတား ဖြစ်စေနိုင်ပါတယ်။ နှစ်ခုလုံးကို တစ်ပြိုင်တည်း အချိုးကျကျ လုပ်ဆောင်စေခြင်းကသာ လက်တွေ့အလုပ်ဖြစ်စေမှာ ဖြစ်ပါတယ်။

သုံးသပ်ချက်နှင့် နိဂုံး

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆိုပြုမိန့်/အတည်ပြုမိန့်တွေမှာ တင်ပြလာတဲ့ ထုတ်လုပ်မှု ပမာဏကိုကြည့်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ/ နည်းဥပဒေများနှင့် စိစစ်ပြီး EMP/ EIA/SIA/ESIA စသည်ဖြင့် ရေးဆွဲ အကောင်အထည်ဖော်ဖို့ စီမံချက်များကို ရင်းနှီးမြှုပ်နှံသူဘက်က ကြိုတင် တင်ပြကြရပါတယ်။ ယခင်ကာလများကဆိုရင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်များကို လုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း ပြီးစီးအောင် တင်ပြဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အကြံပြုချက်အတိုင်း ရေးဆွဲ အတည်ပြု အကောင်အထည်ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ ရေးဆွဲရာမှာ ရင်းနှီးမြှုပ်နှံသူများအဖို့ အကြံပေးအဖွဲ့ များ/ ပြင်ပအဖွဲ့ အစည်းများ ငှားရမ်းဆောင်ရွက်ရသည့် အတွက် တစ်စုံတစ်ရာ ငွေကြေးကုန်ကျမှုများရှိသကဲ့သို့၊ လက်တွေ့နှင့် ကင်းကွာနေမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ချမှတ်တဲ့မူဘောင်နှင့် မကိုက်ညီသော တင်ပြချက်များအတွက် အချိန်ကုန်၊ ငွေကုန်ဖြစ်ကြရတာတွေလည်း ရှိနေကြပါတယ်။ ထုတ်ကုန်ပမာဏကိုကြည့်ပြီး ချမှတ်ထားတဲ့အတွက် အချို့သော ရင်းနှီးမြှုပ်နှံသူများအဖို့ များစွာအခက်တွေ့စေတာတွေလည်း အများကြီးရှိပါတယ်။ ဥပမာပေးရလျှင် CMP စနစ်သုံး USB ခေါင်းနှင့် ကြိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း တင်ပြလာတဲ့အခါ ထုတ်လုပ်မှုပမာဏဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ပြဋ္ဌာန်းချက်အရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် EIA ရေးဆွဲ အကောင်အထည်ဖော်ဆောင်ဖို့ အကြံပြုခြင်း ခံရပါတယ်။ တကယ့်လက်တွေ့ မှာတော့ ပတ်ဝန်းကျင် ထိခိုက်လောက်အောင် ထုတ်ကုန်ပစ္စည်းမှာ ဓါတုသုံးမှု၊ စွန့်ပစ်လောင်စာစသည့် နည်းပါးတဲ့စနစ်သုံးတာတွေဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူအဖို့ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စီမံချက် EMP လောက်ပဲမျှော်မှန်းထားပေမဲ့ မလိုအပ်ဘဲ ငွေကြေးပိုမိုကုန်ကျပြီး ပြင်ပအဖွဲ့အစည်းတစ်ခု အပ်နှံဆောင်ရွက်ရမှာမို့ မျှော်မှန်းချက်ထက်ခက်ခဲသွားစေတာမျိုး၊ ရင်းနှီးမြှုပ်နှံမှု ဆက်လက် လုပ်ဆောင်ဖို့ စိတ်ပျက်သွားစေတာတွေကို တွေ့ရှိခဲ့ရပါတယ်။ စာရေးသူဆိုလိုချင်တာက လက်တွေ့လုပ်ငန်းခွင်နှင့်ကင်းကွာနေတဲ့ ဆန်းစစ်ချက်မျိုးတွေနှင့် စာရွက်ပေါ်ရေးထားတဲ့ ပတ်ဝန်းကျင်မထိခိုက်အောင် လုပ်ဆောင်ချက်တွေကိုပဲ အလေးထားနေမည့်အစား တင်ပြထားချက်တွေကို အများပြည်သူ ချပြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှုကို နှစ်ဖက်မြင် ရှုမြင် သုံးသပ်ပြီး နိုင်ငံတော်အတွက် ရှေ့ကို ရွှေအောင် လုပ်ဆောင်စေချင်တာလည်း ဖြစ်ပါတယ်။ အမြဲတမ်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဘက်ကို ဇောင်းပေးခြင်းနှင့် အလွန်အကျွံရင်းနှီးမြှုပ်နှံမှု မလာလာအောင် ဆွဲဆောင်နေခြင်းတို့ထက် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်လာအောင် ပြည်သူများထံပွင့်လင်းမြင်သာစွာ တင်ပြရမှာပါ။ လက်တွေ့ ကွင်းဆင်းလေ့လာမှုများကို ကြိမ်ဖန်များစွာလုပ်ဆောင်ပေးခြင်းက တာဝန်ရှိတဲ့ ဌာနဆိုင်ရာများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံသူတို့ လိုအပ်သည်များကို ကူညီပေးနိုင်သည့်အပြင် နိုင်ငံနှင့် လူမျိုးထိခိုက်မည့် ဘေးတို့မှလည်း ကင်းဝေးအောင် သတိပေးလုပ်ဆောင်ချက်များ ပြုလုပ်ပေးကြရမှာလည်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်အောင် အတူပူးပေါင်း လုပ်ဆောင်ကြရမှာပါ။ မလိုလားအပ်ဘဲ၊ သေချာ မဆန်းစစ်ဘဲ၊ ပြည်သူကို အသေအချာ ချပြခြင်းမရှိဘဲ၊ သေချာမသိသေးဘဲ၊ နားထောင်မပေးရသေးဘဲ တစ်ဖက်ဇောင်းနင်း အယူအဆများကို စွန့်ပစ်ကြပြီး နိုင်ငံအတွက် အချိန်ပေးလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီဆောင်းပါးကနေ တာဝန်ရှိသူများရော၊ ပြည်သူများကို သတိ/ အသိလေးပေးလိုက်ချင်တာကတော့ တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံတိုင်း မတိုးတက်မချင်း ပတ်ဝန်းကျင်ထိခိုက်မှုကို လျစ်လျူရှုသင့်သလောက် ရှုခဲ့ကြတာကိုပါ။ ဒါပေမဲ့ စာရေးသူတို့နိုင်ငံအနေဖြင့် မလျော့လွန်း မတင်းလွန်း လမ်းစဉ်ကိုယူပြီး ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် ဥပဒေများနှင့်အညီ လိုက်ပါလုပ်ဆောင်မည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်အောင် လက်တွဲအကောင်အထည်ဖော်ကြစေလိုပါတယ်လို့ နှိုးဆော်ရင်းနိဂုံးချုပ်လိုက်ရပါတယ်။

2018 MYANMAR STATISTICAL YEARBOOK

မှ

ကိန်းဂဏန်းများကိုဖတ်ရှုခြင်း (၁)

၁။ **ရန်ကုန်နဲ့ မန္တလေးအပူ/အအေး** ၂၀၀၈ မှ ၂၀၁၇ ထိ လစဉ် အပူချိန်နဲ့ မိုးရေချိန်တွေရဲ့ ပျမ်းမျှခြင်း အချက်အလက်တွေက ပြောတာကတော့.....

(က) ရန်ကုန်မှာ ဧပြီလ အပူဆုံးပါတဲ့၊ မန္တလေးလည်း ဧပြီလ အပူဆုံးပါပဲ၊ ၃၂ ° C ခန့်ရှိတယ်။ ရန်ကုန်ကတော့ ၃၀ ° C ခန့် ရှိပါတယ်။ ရန်ကုန်မှာ မိုးအများဆုံးလက ဇူလိုင်လပါ၊ မန္တလေးမှာ အောက်တိုဘာလပါ။

၂။ ပြည်နယ်/ တိုင်းအလိုက် လူဦးရေအချိုးအစား ပါဝင်မှုကို သန်းခေါင်စာရင်းနှစ်များဖြစ်တဲ့ (၁၉၇၃/ ၁၉၈၃/ ၂၀၁၄) နဲ့ ယှဉ်ကြည့်လိုက်ပါက...

(က) ရန်ကုန်တိုင်းက ၁၉၇၃ နဲ့ ၁၉၈၃ မှာ ၁၁% ခန့်စီရှိခဲ့သော်လည်း ၂၀၁၄ မှာတော့ ၁၄% ကျော်လာပါတယ်၊ ၂၀၀၈ ဧရာဝတီတိုင်း နာဂစ်နောက်ပိုင်း ရန်ကုန်သို့ ပြောင်းရွှေ့လာသူတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းကြောင့် လူဦးရေများလာတယ်လို့ ပြောနိုင်တာပေါ့ဗျာ....

(ခ) ဧရာဝတီတိုင်းရဲ့ လူဦးရေအချိုးအစား ပါဝင်မှုမှာ ၁၉၇၃/ ၁၉၈၃/ ၂၀၁၄ သန်းခေါင်စာရင်း နှစ်အရကြည့်တော့ ... ၁၉၇၃ မှာ ၁၄% ကျော်၊ ၁၉၈၃ မှာ ၁၄% ရှိခဲ့သော်လည်း ၂၀၁၄ မှာ ၁၂% အထိ ကျဆင်းသွားတာနဲ့ဆိုတော့၊ ဧရာဝတီတိုင်းက ရန်ကုန်တိုင်းထဲသို့ ပြောင်းရွှေ့လာကြတာပေါ့ဗျာ....

(ဂ) ကချင်ပြည်နယ်မှာတော့ နိုင်ငံရဲ့လူဦးရေ အချိုးအစားပါဝင်မှုမှာ ၁၉၇၃ နဲ့ ၁၉၈၃ ထက် ၂၀၁၄ မှာ ပိုများလာတာ တွေ့ရတာကတော့ ကျောက်တူးဖော်ရေး လုပ်ငန်းရှိတော့ သွားရောက် နေထိုင်လုပ်ကိုင်ကြတာ ပေါ့ဗျာ....

(ဃ) တနင်္သာရီတိုင်းမှာလည်း နိုင်ငံရဲ့လူဦးရေ ပါဝင်မှု အချိုးအစားမှာ သန်းခေါင်စာရင်းနှစ်များဖြစ်တဲ့ ၁၉၇၃/ ၁၉၈၃/ ၂၀၁၄ မှာ ၂၀၁၄ က နည်းနည်းပိုလာပါတယ်ပေါ့၊ ရေလုပ်ငန်းတွေဆီ အလုပ် လာလုပ်ကြတယ်၊ ဟိုတယ် လုပ်ငန်းတွေလည်း ပိုလာလို့ပေါ့ဗျာ... ရခိုင်မှာလည်း အဲ့ဒီ သဘောပဲ တွေ့ရတယ်၊ ရှမ်းလည်း ၂၀၁၄ မှာ နည်းနည်း တိုးတယ်၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးရှိလို့ပေါ့နော်...

(င) ၂၀၁၄ မှာ နိုင်ငံရဲ့ လူဦးရေအချိုးအစားမှာ ၁၉၇၃/၁၉၈၃ ထက် ကျဆင်းသွားတဲ့ ပြည်နယ်/ တိုင်းတွေက ချင်း/ စစ်ကိုင်း/ ပဲခူး/ မကွေး/ မန္တလေး/ မွန်တို့ဖြစ်တယ်၊ ဘယ်ရောက်သွားကြတာလဲဆိုတော့ ကချင်/ ရန်ကုန်/ ရှမ်းနဲ့ ပြည်ပထွက်ခွာ အလုပ်လုပ်ကြလို့ ဖြစ်မှာပေါ့ဗျာ...

(စ) လူဦးရေပျံ့နှံ့မှုအနေနဲ့ ၁၉၇၃/ ၁၉၈၃ /၂၀၁၄ ကြည့်ရင်တော့ ၁၅ နှစ်အောက် အချိုးအစားက ၂၀၁၄ မှာ ၆၅% အထိ မြင့်တက်ပါတယ်၊ အလုပ်လုပ်နိုင်တဲ့အရွယ် ၁၅-၆၄ နှစ်က ၂၀၁၄ မှာ ၃၀% ခန့်အထိ ကျဆင်းလာတယ်၊ ၆၅+ နှစ်က ၅% ခန့်အထိ မြင့်တက်လာတယ်၊

(ဆ) ၁၉၇၃/ ၁၉၈၃/ ၂၀၁၄ တွေမှာ စုစုပေါင်းမီခိုသူ အချိုး ကျဆင်းလာတာ တွေ့ရပါတယ်၊ ဒါပေမဲ့ သက်ကြီးရွယ်အို မီခိုသူ များလာတယ်၊ အသက်ကြီးသူ အသက်အုပ်စု များလာလို့ပေါ့။

(ဇ) ၂၀၁၄ စာရင်းအရ ဘာသာကိုးကွယ်မှုမှာ ဗုဒ္ဓဘာသာက ၈၉.၈% ခရစ်ယာန် ၆.၃% အစ္စလာမ် ၂.၃% ရှိနေတာ တွေ့ရှိရပါတယ်၊

(ဈ) ၂၀၁၄/ ၂၀၁၅/ ၂၀၁၆/ ၂၀၁၇ လူဦးရေ ခန့်မှန်းစာရင်းအရ အသက် ၆၅ အပိုင်းအခြားတွင် ၂၀၁၇ မှာ ၃.၂၇ သန်းနဲ့ အများဆုံး တွေ့နေရပြန်ပါတယ်။

(ည) ၂၀၁၇ စာရင်းအရ နိုင်ငံခြားသားနေထိုင်သူ တရုတ်နဲ့ အိန္ဒိယက အများဆုံးဖြစ်ပါတယ်၊ အိန္ဒိယနိုင်ငံသားက အနည်းငယ် ပိုတာတွေ့ရပါတယ်။

လူဦးရေပျံ့နှံ့ပုံ

၃။ တစ်ပြည်လုံးလူဦးရေမှာ ၂၀၁၄ ခုနှစ်စာရင်းအရ ၅၁.၄၉ သန်းရှိပါတယ်၊ ကျား ၂၄.၈၃ သန်း၊ 'မ' ၂၆.၆၆ သန်းဆိုတော့ 'မ' အရေအတွက်က ၂ သန်းလောက်များနေတယ်ပေါ့၊ ပြည်နယ်/တိုင်း လူဦးရေ ကြည့်ရင် အများဆုံး ရန်ကုန်တိုင်း (၇.၃၆) သန်း၊ ဧရာဝတီတိုင်း (၆.၁၉) သန်း၊ မန္တလေးတိုင်း (၆.၁၇) သန်း ရှိကြောင်းတွေ့ရပါတယ်၊ ရန်ကုန်မှာ လူတွေ ကားတွေများတယ်ဆိုတာပေါ့၊

၄။ လူဦးရေအချိုးအစားအနေနဲ့ ၁၉၇၃/ ၁၉၈၃/ ၂၀၁၄ များကို ယှဉ်ကြည့်တဲ့အခါ မန္တလေးတိုင်း လူဦးရေ အချိုးအစားက ၁၉၇၃/ ၁၉၈၃ မှာ ထူးခြားစွာ မပြောင်းလဲသော်လည်း ၂၀၁၄ မှာ ၁% ကျဆင်းသွားတာ တွေ့ရပါတယ်၊ ရန်ကုန်တိုင်းလူဦးရေ အချိုးအစားအနေနဲ့လည်း ၁၉၇၃/ ၁၉၈၃ မှာထူးခြားစွာ မပြောင်းလဲသော်လည်း ၂၀၁၄ မှာ ၃% ကျော်တိုးလာတာတွေ့ရပါတယ်၊ ဧရာဝတီတိုင်း လူဦးရေ အချိုးအစားအနေနဲ့ လည်း ၁၉၇၃/ ၁၉၈၃ မှာ ထူးခြားစွာ မပြောင်းလဲသော်လည်း ၂၀၁၄ မှာ ၂% ခန့် ကျဆင်းသွားတာ တွေ့ရပါတယ်၊ ထို့ကြောင့် ၂၀၁၄ မှာ မန္တလေးတိုင်းနဲ့ ဧရာဝတီတိုင်းမှ (၃%) ရန်ကုန်တိုင်းသို့ (၃%) ပြောင်းရွှေ့လာကြောင်း သုံးသပ်နိုင်ပါတယ်၊

၅။ မြေပြင်ဧရိယာအကျယ်အဝန်းအနေနဲ့ ရှမ်း (ပထမ) စစ်ကိုင်း (ဒုတိယ) ကချင် (တတိယ) အသီးသီး တည် ရှိနေပါတယ်၊ လူဦးရေသိပ်သည်းမှုအနေနဲ့ တစ်စတုရန်းကီလိုမီတာမှာ ရန်ကုန် (၇၁၆)၊ မန္တလေး (၂၀၀)၊ ဧရာဝတီ (၁၇၇) တို့ ရှိပါတယ်၊ ရန်ကုန်မှာဧရိယာနည်းပြီး လူဦးရေများတဲ့အတွက် သိပ်သည်းမှုများတာပေါ့၊

၆။ ၂၀၁၄ အရွတစ်နိုင်ငံလုံးလူဦးရေအချိုးမှာ မြို့ပြလူဦးရေ (၃၀%)နှင့် ကျေးလက် (၇၀%) ရှိပါတယ်။ ရန်ကုန်တိုင်းအနေနဲ့ မြို့ပြ (၇၀%)၊ ကျေးလက် (၃၀%) ရှိပါတယ်။ ဧရာဝတီတိုင်းကတော့ မြို့ပြလူဦးရေ (၁၄%) နဲ့ ကျေးလက်လူဦးရေ (၈၆%) ရှိပါတယ်။ ဧရာဝတီတိုင်းက လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းတွေကြောင့် ကျေးလက်နေ လူဦးရေများရခြင်းဖြစ်တယ်။

၇။ လူဦးရေနဲ့ မှီခိုသူအချိုးကြည့်တော့ အသက် ၆၅+ မှာ မြို့ပြ ၁၉၇၃ (၃.၃%)၊ ၁၉၈၃ (၃.၈%) ၊ ၂၀၁၄ (၆.၀%) နဲ့ ကျေးလက်မှာ ၁၉၇၃ (၃.၈%)၊ ၁၉၈၃ (၄.၀%)၊ ၂၀၁၄ (၅.၇%) တွေ့ရတယ်။ မြို့ပြရော ကျေးလက်မှာပါ မှီခိုသူ အချိုးတိုးတာ တွေ့ရပါတယ်။ ကျန်းမာရေးကောင်းပြီး အသက်ကြီးသူ အရေအတွက်/ ပင်စင်စား အရေအတွက် များလာတယ်လို့ ပြောနိုင်တယ်။ ၂၀၁၄ ခုနှစ် အသက် ၆၅+ အရေအတွက်အနေနဲ့ ရန်ကုန်တိုင်း (၄.၁၅ သိန်း)၊ မန္တလေး တိုင်း (၃.၈၀ သိန်း)၊ ဧရာဝတီတိုင်း (၃.၅၉ သိန်း) တို့ကို တွေ့ရပါတယ်။

မွေးတယ်၊ သေတယ်

၈။ ၂၀၁၄ မှ ၂၀၁၇ အတွင်း တစ်နှစ်ပျမ်းမျှ တစ်နိုင်ငံလုံး/ မြို့ပြ/ ကျေးလက်တို့ရဲ့ မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်းတို့ကို ကြည့်တဲ့အခါ လူ (၁၀၀၀) လျှင် တစ်နိုင်ငံလုံးပျမ်းမျှ (၂၀) ဦးမွေးပြီး (၉) ဦးသေတယ်လို့ တွေ့ရတယ်။ မြို့ပြမှာ (၁၇) ဦးမွေးပြီး (၉) ဦးသေတယ်။ ကျေးလက်မှာ (၂၂) ဦးမွေးပြီး (၉) ဦးသေတယ်လို့ တွေ့ရတယ်။ မွေးဖွားမှုမှာ ကျေးလက်ကများတယ်။ သေဆုံးတာကတော့ တစ်နိုင်ငံလုံး/မြို့ပြ/ ကျေးလက် သိပ်မကွာလှဘူး၊ ပျမ်းမျှ (၉) ဦးရှိတယ်။ မြို့နေလူတန်းစားက ကလေးမွေးတာကို ထိန်းကြတယ်၊ ကျေးလက်လူတန်းစားရဲ့ ဘဝက အိမ်ထောင်ရေးသုခကို သာယာမှုတစ်ခုအနေနဲ့ ခံစားကြတဲ့ သဘောရှိတယ်။ မြို့နေလူတန်းစားက ကျန်းမာရေးစောင့်ရှောက်မှုကောင်းတယ်။ ကျေးလက်နေ လူတန်းစားက သဘာဝလေ၊ သဘာဝအစားအစာ၊ သဘာဝပတ်ဝန်းကျင်နဲ့ နေခွင့်ရလို့ သေနှုန်းမများတာဖြစ်တယ်။

လူသက်တမ်း

၉။ ၂၀၁၄ မှ ၂၀၁၇ ထိ ပျမ်းမျှသက်တမ်းသည် ၆၄ နှစ်၊ ၆၆ နှစ် ထိတိုးမြင့်လာတာတွေ့ရတယ်။ အထူးသဖြင့် 'ကျား' သက်တမ်း (၆၁) နှစ်၊ 'မ' သက်တမ်း (၇၀) နှစ် တွေ့ရတယ်။ အမျိုးသမီးများကပို၍ အသက်ရှည်တယ်ပေါ့။ ဘာကြောင့်လဲ စဉ်းစားကြည့်တယ်၊ အမျိုးသားများက ဆေးလိပ်၊ အရက်၊ ကွမ်းစားခြင်း၊ အိမ်ထောင်ဦးစီးဖြစ်ခြင်း၊ မိသားစုမှာ အဓိကတာဝန်ရှိသူဖြစ်တော့ သောကများတာလည်း ဖြစ်နိုင်တယ်၊ အမျိုးသမီးများက အိမ်ထောင်သားမွေးကိစ္စကြောင့် သွေးသားသစ်ပြောင်းလို့ ပိုကျန်းမာကြောင်း တွေ့ရတယ်။ ဘာသာရေးကို အမျိုးသားများထက်ပို၍ အားကိုး/ လိုက်စားကြတာတွေ့ရတယ်၊ မြို့ပြနဲ့ ကျေးလက်လူသက်တမ်းကတော့ သိသာတဲ့ ကွာခြားမှုမတွေ့ရပါ။

၁၀။ ၂၀၀၈ မှ ၂၀၁၇ ထိ ပျမ်းမျှမိုးရေချိန်များကို ကြည့်တဲ့အခါမှာ ထားဝယ်မြို့နှင့် ရေးမြို့တို့က အများဆုံး ဖြစ်ပါတယ်၊ ဒုတိယအများဆုံးမြို့များကတော့ ဘားအံ၊ မြိတ်၊ မော်လမြိုင်နှင့် သံတွဲမြို့တို့ ဖြစ်ပါတယ်၊ မိုးရေချိန် အနည်းဆုံးက ညောင်ဦးမြို့ ဖြစ်ပါတယ်။

၁၁။ ၂၀၀၈ မှ ၂၀၁၇ ထိ ပျမ်းမျှအပူချိန်အနေနဲ့ ဧပြီနဲ့ မေမှာ အမြင့်ဆုံး ဖြစ်ပါတယ်။ ပြည်၊ မကွေး၊ ညောင်ဦး၊ ရန်ကုန်၊ ပျဉ်းမနားတို့က ဧပြီမှာ အမြင့်ဆုံးဖြစ်ပြီး မုံရွာနှင့် ညောင်ဦးတို့က မေလမှာ အမြင့်ဆုံး ဖြစ်ပါတယ်။

သဘာဝဘေး

၁၂။ တစ်နိုင်ငံလုံး သဘာဝဘေးအန္တရာယ်များမှာ မီးလောင်မှု အရေအတွက် ၂၀၁၅-၁၆ (၂၃၀)၊ ၂၀၁၆ -၁၇ (၄၅၅)၊ ၂၀၁၇-၁၈ (၅၄၆) ဆိုတော့ ပိုများပြားလာတာတွေ့ရပါတယ်၊ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေတာပေါ့၊ မန္တလေးတိုင်းနဲ့ ရန်ကုန်တိုင်းယှဉ်ကြည့်တဲ့အခါ မီးလောင်မှုမှာ (၃) နှစ် ပျမ်းမျှအနေနဲ့ မန္တလေးက (၃၅) ရန်ကုန်က (၂၆) ဆိုတော့ မန္တလေးက များနေတယ်၊ ရာသီဥတုနဲ့ အဆောက်အဦ အခြေအနေတွေကွာလို့ ဖြစ်လိမ့်မယ်။ မုန်တိုင်းကျရောက်မှုများမှာလည်း ၂၀၁၅-၁၆ (၁၉၁)၊ ၂၀၁၆-၁၇ (၄၉၆)၊ ၂၀၁၇-၁၈ (၇၅၂) ပိုများလာတာ တွေ့ရပြန်တယ်။ ဆုံးရှုံးမှု အနုတ်လက္ခဏာတွေပေါ့၊ ၂၀၁၇/

၂၀၁၈ တစ်နိုင်ငံလုံး မိုးကြိုးထိလို့ သေဆုံးသူ (၁၁၅) ဦး ရှိပါတယ်၊ ဧရာဝတီတိုင်းက အများဆုံး (၂၇) ဖြစ်ပါတယ်။ အနည်းဆုံး (၁) ဖြစ်တဲ့ ပြည်နယ်တွေကတော့ ကချင်နဲ့ ကယားဖြစ်ပါတယ်၊ ချင်းပြည်နယ်မှာ ၂၀၁၅/၁၆ (၁)၊ ၂၀၁၆-၂၀၁၇ (-)၊ ၂၀၁၇-၂၀၁၈ (-) ဆိုတော့ ထူးခြားပါတယ်။ လွင်ပြင်နည်းပြီး တောင်ကြားတွေမှာ လူနေများလို့ ပေါ့နော်၊

အုပ်ချုပ်ရေးအဆင့်

၁၃။ ၂၀၁၈ တစ်နိုင်ငံလုံး ခရိုင် (၇၅) ခု၊ မြို့နယ်အဆင့် (၃၃၀)၊ မြို့ (၄၅၇)၊ ရပ်ကွက် (၃၃၉၆) နှင့် ကျေးရွာပေါင်း (၆၃၂၈၇) ဖြစ်ပါတယ်။ မြို့နယ်အများဆုံးက ရှမ်းပြည်နယ်နဲ့ ရန်ကုန်တိုင်းဖြစ်ပါတယ်၊ မြို့နယ်အနည်းဆုံးက ကယားနဲ့ ကရင်ဖြစ်ပါတယ်။

ပုဂ္ဂလိကဆေးရုံ

၁၄။ ၂၀၁၈ ခုနှစ် စာရင်းအရတစ်နိုင်ငံလုံးတွင် ပုဂ္ဂလိက ဆေးရုံ (၂၂၄) ရုံရှိပါသည်။ ရန်ကုန်တိုင်းအများဆုံး (၅၄) ရုံ၊ မန္တလေးတိုင်း (၄၅) ရုံ၊ စစ်ကိုင်းတိုင်း (၂၅) ရုံဖြစ်ပါသည်။ ပုဂ္ဂလိကဆေးရုံမရှိသော ပြည်နယ်များမှာ ကယားနှင့် ချင်းဖြစ်ပါသည်။ လူနေမှု၊ စီးပွားရေးအခြေအနေကို မှန်းဆနိုင်ပါသည်။

အုပ်ချုပ်ရေး/ တရားဥပဒေစိုးမိုးရေး

၁၅။ ရာဇဝတ်မှုဖြစ်ပေါ်သည့်နှုန်း ၂၀၁၃ မှ ၂၀၁၄/ ၂၀၁၅ ထိထူးခြားစွာ မတိုးလာသော်လည်း၊ ၂၀၁၅ မှ ၂၀၁၆/ ၂၀၁၇ ထိ တိုးမြင့်မှုသည် ထူးခြားစွာ တိုးမြင့်တာတွေ့ရပါတယ်၊ ၂၀၁၇ သည် ၂၀၁၅ ၏ ၂ ဆ တွေ့ရပါတယ်၊

၁၆။ ၂၀၁၇ ခုနှစ်မှာ ရာဇဝတ်မှု အများဆုံးတိုင်း/ပြည်နယ်ကတော့ ရန်ကုန်နဲ့ ရှမ်းဖြစ်ပြီး အနည်းဆုံးကတော့ ကယားနဲ့ ချင်းဖြစ်ပါတယ်၊

၁၇။ ရာဇဝတ်မှုဖြစ်ပေါ်တဲ့ အရေအတွက်တွေကတော့ တိုးတက်တယ်လို့ ပြောရပါမယ်။ ၂၀၀၅/ ၂၀၁၀/ ၂၀၁၃-၂၀၁၇ လို့ ပိုင်းခြားဖော်ပြထားတာ ကြည့်လိုက်တော့ မုဒိမ်းမှု ၂၀၀၅ နဲ့ ၂၀၁၀ ကာလမှာ ၄၀၀ အောက်ရှိတယ်၊ ၂၀၁၃ - ၂၀၁၄ - ၂၀၁၅ ကာလမှာ ၇၀၀ ကျော်ရှိတယ်၊ ၂၀၁၆ - ၂၀၁၇ ကာလမှာတော့ ၁၄၀၀ အထိ တက်သွားတယ်၊ ဘာကြောင့်လဲစဉ်းစားသင့်တယ်၊ ခိုးမှု ၂၀၀၅ နဲ့ ၂၀၁၀ မှာ ၃၀၀၀ သာသာရှိတယ်။ ၂၀၁၃/ ၂၀၁၄/ ၂၀၁၅ မှာ ၄၅၀၀ ခန့်ထိ တက်လာတယ်၊ ၂၀၁၆/ ၂၀၁၇ မှာ ၆၀၀၀ ကျော်လာတယ်၊ ဆက်စပ်မှု ဖြစ်နိုင်တဲ့ မူးယစ်ဆေးဝါးမှုကလည်း ၂၀၀၅/ ၂၀၁၀ မှာ ၃၀၀၀ ခန့်ရှိခဲ့တယ်၊ ၂၀၁၃/ ၂၀၁၄/ ၂၀၁၅ မှာ ၆၅၀၀ ကျော်လာတယ်၊ ၂၀၁၆/ ၂၀၁၇ မှာ ၈၀၀၀ ကျော်ကနေ ၉၅၀၀ ကျော်သွားတယ်၊ အဲဒီတော့ အချိန်ကာလအပိုင်းအခြား (၃) ပိုင်းခွဲကြည့်မယ်ဆိုရင် ၂၀၀၅/ ၂၀၁၀ သည် စစ်အစိုးရကာလ၊ ၂၀၁၃/ ၂၀၁၄/ ၂၀၁၅ သည် ပထမအကြိမ် သမ္မတသက်တမ်း၊ ၂၀၁၆/ ၂၀၁၇ သည် ဒုတိယအကြိမ် သမ္မတသက်တမ်း ကာလတို့ဖြစ်တယ်၊ လူတွေရဲ့ အကျင့်စာရိတ္တ၊ တစ်ဦးကျဝင်ငွေ၊ လက်ကိုင်ဖုန်းသုံးစွဲမှု၊ အလုပ်လက်မဲ့ဦးရေတွေနဲ့ဆိုင်နိုင်သလား စဉ်းစားသင့်တယ်။

၁၈။ ၂၀၁၇ ခုနှစ် ယာဉ်တိုက်မှုအရေအတွက်မှာ ပထမပဲခူးတိုင်း၊ ဒုတိယ ရန်ကုန်တိုင်း၊ တတိယ မန္တလေးတိုင်း ဖြစ်ပါတယ်၊ အနည်းဆုံးကတော့ ကယားနဲ့ ချင်းပြည်နယ်ပါ၊

၁၉။ ၂၀၁၇ ခုနှစ်အတွက် မူးယစ်ဆေးဝါး အမှုအရေအတွက်က ရှမ်းပြည်နယ် အများဆုံးဖြစ်ပါတယ်။ ဒုတိယအများဆုံးအုပ်စုအနေနဲ့ ကချင်ပြည်နယ်/ စစ်ကိုင်းတိုင်း/ ရန်ကုန်တိုင်းတို့ ဖြစ်ပါတယ်။ အနည်းဆုံးကတော့ ချင်းပြည်နယ် ၂၀၁၇ မှာ (၃) မှုသာ ရှိပါတယ်။

ဖြစ်တန်စွမ်းအားပေါ်
အခြေမခံသောနမူနာရွေးချယ်ခြင်း

|ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)|

၁။ ယခင်အပတ်တွင် ဖြစ်တန်စွမ်းအပေါ် အခြေခံသော နမူနာရွေးချယ်ခြင်း (probability sampling) အကြောင်းကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယခုအပတ်တွင် ဖြစ်တန်စွမ်းအပေါ် အခြေမခံသော နမူနာရွေးချယ်ခြင်း (non-probability sampling) အကြောင်းကို ဆက်လက်တင်ပြမည် ဖြစ်ပါသည်။

Non-Probability sampling တွင် -

(က) ဝေပုံကျ သတ်မှတ်၍ နမူနာရွေးချယ်နည်း (Quota Sampling)

(ခ) ရည်ရွယ်ချက်အပေါ် အခြေခံ၍ နမူနာရွေးချယ်နည်း (Purposive Sampling)

(ဂ) အဆင်ပြေနိုင်မှုအပေါ် အခြေခံ၍ နမူနာရွေးချယ်နည်း (Convenience Sampling)

(ဃ) ဖြေဆိုသူမှတစ်ဆင့် ချိတ်ဆက်၍ နမူနာရွေးချယ်ခြင်း (Snowball Sampling) တို့ ဖြစ်သည်။

၂။ non-probability sampling သည် randomization အပေါ် အခြေခံခြင်း မဟုတ်သဖြင့် probability sampling ထက် ယေဘုယျအားဖြင့် လုပ်ရကိုင်ရလွယ်ကူခြင်း၊ စရိတ်သက်သာခြင်း များရှိသော်လည်း Population (ဦးရေ) ကို ကိုယ်စားပြုမှု အားနည်းသည်။

ထို့ကြောင့် non-probability sampling ကို လူမှုစီးပွားရေး စစ်တမ်း (Socio-economic Survey) များတွင် အသုံးပြုမှု နည်းပြီး၊ ကုန်ပစ္စည်းတစ်မျိုးမျိုး အပေါ်တွင် စားသုံးသူများ၏ အမြင်သဘောထားများကို လေ့လာသည့် ဈေးကွက် လေ့လာမှု စစ်တမ်း (Marketing Survey) အများစုတွင်သာ ကျယ် ကျယ်ပြန့်ပြန့် အသုံးပြု သည်ကို တွေ့ရပါသည်။

၃။ non-probability sampling အကြောင်းကို ဆက်လက် လေ့လာကြည့်မည်ဆိုပါက -

(က) **ဝေပုံကျသတ်မှတ်၍ နမူနာရွေးချယ်နည်း (Quota Sampling) -** ဖြေဆိုသူ၏ အမြင်များသည် အသက်အရွယ် အလိုက်၊ မိသားစုဝင်ငွေအလိုက်၊ ကျား/မ အလိုက် စသည် ဖြင့် ကွာခြားချက် ရှိ/မရှိ ကို သိရှိနိုင်ရန် လေ့လာလိုသည့် အခါ အဆိုပါ နမူနာရွေးချယ်နည်းကို အသုံးပြုကြသည်ကို တွေ့ရသည်။

ဥပမာ - အချို့ရည်သောက်သုံးမှုနှင့်ပတ်သက်ပြီး လေ့လာ ကြည့်မည်ဆိုပါက အချို့ရည်သည် အသက်အရွယ်အစုံ သောက်သုံးမှုရှိသကဲ့သို့ ကျား/မ မရွေး၊ ဆင်းရဲ/ချမ်းသာ မရွေး သောက်သုံးသည့် သဘောရှိသည်။ သို့သော် အသက် အရွယ်အပေါ် မူတည်ပြီး ရွေးချယ်မှုပုံစံ ကွာခြားနိုင်သည်။ ငယ်ရွယ်သူများသည် အချို့ခါတ်များခြင်းကို ပိုမိုနှစ်သက် မည်ဟု ယူဆရပြီး၊ အသက်အရွယ်ကြီးသူများအနေဖြင့် ကျန်းမာရေးအတွက် ချင့်ချိန်၍ အချို့မှာတ်လျော့နည်းသည့် အချို့ရည်များကို ရွေးချယ်လိမ့်မည်ဟု ယူဆရပါသည်။ ထို့ပြင် ဝင်ငွေနည်းပါးသူ အများစုသည် အချို့ရည်၏ ဈေးနှုန်း သက်သာမှုကို အဓိကထားရွေးချယ်မည်ဟု ယူဆရပြီး၊ ဝင်ငွေမြင့်မားသူ အများစုသည် အချို့ရည်၏ တံဆိပ် (Brand)၊ အရသာနှင့် ကျန်းမာရေးအရ သင့်တော်မှု ရှိ/မရှိ ကို အဓိကထား ရွေးချယ်မည်ဟု ယူဆရပါသည်။

၄။ ထို့ကြောင့် အချို့ရည်ရွေးချယ်မှုသည် စားသုံးသူများ၏ အသက်အရွယ်အလိုက် (သို့) ဝင်ငွေအလိုက် (သို့) ကျား/မ အလိုက် ကွာခြားချက်ရှိ/မရှိ သိရှိနိုင်ရေးအတွက် လေ့လာရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ အချို့ရည် ထုတ်လုပ်သူများအနေဖြင့် စားသုံးသူလိုအပ်ချက်နှင့် ကိုက်ညီသော အချို့ရည်များကို ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။



(ခ) **ရည်ရွယ်ချက်အပေါ် အခြေခံ၍ နမူနာရွေးချယ်နည်း (Purposive Sampling) -** အကြောင်း အရာတစ်ခုအပေါ်တွင် လည်းကောင်း၊ ဖြစ်ရပ်တစ်ခုအပေါ်တွင်လည်းကောင်း၊ ကုန်ပစ္စည်းအမျိုးအစားတစ်ခုအပေါ်တွင်လည်းကောင်း အမြင်သဘောထားများကို လေ့လာလိုသည့်အခါ ပို၍ထိ ရောက်မှုရှိစေရန် ဖြေဆိုသူ (respondent) ကို ကျပန်း ရွေးချယ်ခြင်းထက် အဆိုပါအကြောင်းအရာ/ ဖြစ်ရပ်/ ကုန်ပစ္စည်းအကြောင်းကို အမှန်တကယ်သိသူ (သို့) စိတ် ဝင်စားသူကို မေးမြန်းလိုသည့်အခါ အဆိုပါနမူနာ ရွေးချယ် နည်းကို အသုံးပြုလေ့ရှိသည်။

ဥပမာ - မော်တော်ကားကုမ္ပဏီတစ်ခုမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ဆန္ဒရှိပါက ၄င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် Car showroom မဖွင့်မီ ပထမဦးစွာ ကား ဝယ်မည့်သူများ၏ အမြင်သဘောထားကို သိချင်မည်ဖြစ် သည်။ ထို့ကြောင့် အဆိုပါအကြောင်းအရာအတွက် ဖြေဆို သူ (respondent) ကို ကျပန်းရွေးချယ်မည်ဆိုပါက ကား အကြောင်းစိတ်မဝင်စား သူများ/ မသိသူ များနှင့် ကားဝယ် ရန် အစီအစဉ်မရှိသူများလည်း ပါဝင်လိမ့်မည်ဖြစ်ရာ အဆို ပါ ဖြေဆိုသူများ၏ အမြင်များသည် လေ့လာသုံးသပ်မှု အတွက် ကိုက်ညီမှု မရှိနိုင်ပါ။

၅။ အမှန်တကယ် ကားအကြောင်း စိတ်ဝင်စားပြီး၊ ကားဝယ်ရန် အစီအစဉ်ရှိသူများကသာ အဆိုပါ ကုမ္ပဏီ၏ အနာဂတ် ဝယ်သူများ (future customers) ဖြစ်နိုင်ခြေရှိပါ သည်။ ထို့ကြောင့် အမှန်တကယ် ကားအကြောင်းစိတ်ဝင်စား ပြီး၊ ကားဝယ်ရန်လည်း အစီအစဉ်ရှိသူများကို ရွေးချယ် နိုင်ရန် researcher ၏ စံသတ်မှတ်ချက် (Criteria) သည် အလွန်အရေးကြီးလှပါသည်။

၆။ ထို့နောက် Purposive sampling အရ researcher ၏ စံသတ်မှတ်ချက် (Criteria) နှင့် ကိုက်ညီသည့်ဖြေဆိုသူ (respondent) များကို ရည်ရွယ်ချက်ရှိရှိလိုက်လံတွေ့ဆုံပြီး မေးမြန်းမှု ဆောင်ရွက်ကြခြင်းဖြစ်သည်။ Purposive sampling ကို Quantitative Research တွင် သာမက Qualitative Research များတွင်လည်း အသုံးပြုကြသည်ကို တွေ့ရသည်။

(ဂ) အဆင်ပြေနိုင်မှုအပေါ် အခြေခံ၍ နမူနာရွေးချယ်နည်း (Convenience Sampling) –

နမူနာကောက်ရွေးချယ်သော နည်းလမ်းများထဲတွင် စရိတ်အသက်သာဆုံးနှင့် လုပ်ရကိုင်ရ အလွယ်ကူဆုံးနည်းလမ်း ဖြစ်ပါသည်။ အဆိုပါ နမူနာကောက်နည်းအရ researcher များသည် ဖြေဆိုသူ (respondent) များကို တယ်လီဖုန်းလမ်းညွှန်စာအုပ် (telephone directories) ကို မှီငြမ်းပြီး ရွေးချယ်၍ မေးမြန်းခြင်း၊ မိမိအနီးပတ်ဝန်းကျင်မှ ဖြေဆိုသူကိုရှာဖွေပြီး မေးမြန်းခြင်းနှင့် လမ်းဆုံတစ်နေရာ (သို့) shopping mall ရှေ့နားတွင် ဖြတ်သွား/ဖြတ်လာများကို တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်လေ့ရှိပါသည်။

၇။ ထိုကဲ့သို့ ဖြေဆိုသူ (respondent) ကို လွယ်လင့်တကူ ရှာဖွေစုဆောင်းခြင်းဖြစ်သဖြင့် အချိန်ကုန်သက်သာခြင်း အပါအဝင် အထက်ဖော်ပြပါ အားသာချက်များရှိသော်လည်း ဦးရေ (population) ကိုကိုယ်စားပြု (representative) ရန် အတွက် risk အများဆုံးသော နမူနာကောက်နည်းလမ်းတစ်ခုဖြစ်သည်။

(ဃ) ဖြေဆိုသူမှတစ်ဆင့် ချိတ်ဆက်၍ နမူနာရွေးချယ်ခြင်း (Snowball Sampling) –

ဖြေဆိုသူ (respondent) ကို ရှာဖွေရန် ခက်ခဲသည့် စစ်တမ်း (survey) များတွင် အသုံးပြုသော နမူနာကောက်နည်းတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် hidden respondent များကို ရှာဖွေရာတွင် အသုံးပြုခြင်းဖြစ်သည်။

ဥပမာ - HIV ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး ပြည့်တန်ဆာတို့၏ လိင်ဆက်ဆံမှုနှင့် ပတ်သက်သည့် အလေ့အထများကိုမေးမြန်းလိုသည့်အခါ ဖြစ်တန် စွမ်းအပေါ်အခြေခံသော နမူနာရွေးချယ်ခြင်း (probability sampling) ဖြင့် ဆောင်ရွက်၍ မရတော့ပါ။ ရည်ရွယ်ချက်အပေါ် အခြေခံ၍ နမူနာရွေးချယ်နည်း (Purposive Sampling) ကဲ့သို့ researcher မှ တစ်ဦးချင်း လိုက်ပြီး စုဆောင်း၍လည်း မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် မည်သူသည် ပြည့်တန်ဆာဖြစ်သည်ကို သတ်မှတ်ရန် ခက်ခဲမည်ဖြစ်သကဲ့သို့ အမှန်တကယ် ပြည့်တန်ဆာလုပ်ငန်း လုပ်ဆောင်သူများကိုပင် researcher များအနေဖြင့် ချဉ်းကပ်ရန် ခက်ခဲပါမည်။ ထို့ကြောင့် စစ်တမ်း (survey) သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးရန် အလွန်ခက်ခဲမည်ဖြစ်ပါသည်။



၈။ ထို့ကြောင့် researcher များအနေဖြင့် ပထမဦးဆုံးပြည့်တန်ဆာတစ်ဦးအား မဖြစ်မနေရှာဖွေရမည်ဖြစ်ပြီး အဆိုပါ ပြည့်တန်ဆာ၏ ချိတ်ဆက်ပေးမှုမှတစ်ဆင့် စစ်တမ်းအတွက် လိုအပ်သည့် အရေအတွက် ရရှိစေရန် ထပ်မံစုဆောင်းခြင်းဖြစ်သည်။ snowball sampling တွင် researcher အတွက် ပထမဆုံးဖြေဆိုသူ (first respondent) ရရှိရေးသည် အလွန်အရေးကြီးဆုံးသော ဆောင်ရွက်မှု တစ်ခုဖြစ်ပါသည်။

နဂါး၏အာဂျင်ဒါအသစ်နှင့်
မြန်မာ့စီးပွားရေး ရင်ခုန်၊ ရင်တုန်

စောနိုင်(အသုံးချဘောဂပေဒ)

ပြည်တွင်းမီဒီယာများ၌ တဖြည်းဖြည်းချင်း အရေးများ၊ အပြောများလာသော တရုတ်နိုင်ငံကိုယ်တိုင် ပို၍ပို၍ဝါဒဖြန့်လာသော ၄င်းတို့၏ အာဂျင်ဒါ (Agenda) အသစ်သည် အနာဂတ် ကမ္ဘာ့စီးပွားရေး၊ ကုန်သွယ်ရေးနယ်ပယ်တွင် ပို၍အရေးပါလာတော့မည်မှာ သေချာသည်။ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt, One Road-OBOR) အဖြစ် သိထားသော Belt and Road Initiative-BRI အစီအစဉ်သည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းက သတင်းသဲ့သဲ့ကြားခဲ့ရဖူးသည်။ ပိုးလမ်းမရပ်ဝန်း စီမံကိန်းဟု မြန်မာဘာသာဖြင့် လှလှပပခေါ်ဆိုကြသည့် ထို BRI အစီအစဉ် နှင့် ပတ်သက်၍ လွန်ခဲ့သည့် သုံး၊ လေးနှစ်ခန့်လောက်မှစ၍ မြန်မာနိုင်ငံအတွင်းမှပင် သတင်းစကားများ ပိုမိုကြားသိခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ မေလ ၁၄ နှင့် ၁၅ ရက်များ၌မူ တရုတ်နိုင်ငံသည် ၄င်းတို့၏ အာဂျင်ဒါအသစ်ကို Belt and Road Forum for International Cooperation ဖြင့် ကမ္ဘာသို့ လူသိရှင်ကြား အသိပေးခဲ့သည်။ တစ်နည်းဆိုရလျှင် တရုတ်နိုင်ငံသည် ၄င်းတို့၏ ရှေးဟောင်း ကုန်းကြောင်းပိုးလမ်းမကြီးကို ပြန်လည်ဆန်းသစ်ကာ ခေတ်သစ်ရေကြောင်းလမ်း ဖန်တီးမှုနှင့် ချိတ်ဆက်လျက် ၄င်းတို့ ဦးဆောင်နိုင်မည့် စီးပွားရေး၊ ကုန်သွယ်ရေး ရပ်ဝန်းအစီအစဉ်သစ် တစ်ရပ်ကို မိတ်ဆက်လိုက်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ၄င်းတို့၏ ကမ္ဘာပတ်မည့် အစီအစဉ်ကြီးကို ပထမဦးဆုံး ခန့်ခန့်ထည်ထည်ဖြင့် ကမ္ဘာသို့ စတင်၍ မာကတ်တင်းလုပ်လိုက်ခြင်းဖြစ်သည်။

ဘေကျင်းတွင် ပြုလုပ်ခဲ့သည့် ထိုအစီအစဉ်ကို နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ အိုင်အမ်အက်ဖ်အကြီးအကဲတို့လည်း တက်ရောက်ခဲ့ကြသည်။ တက်ရောက်ခဲ့သည့် ခေါင်းဆောင်များထဲတွင် ရုရှားသမ္မတ ပူတင်၊ အီတလီဝန်ကြီးချုပ်၊ တူရကီသမ္မတ အာဒိုဂန်နှင့် အာဆီယံအဖွဲ့မှ ဖိလစ်ပိုင်သမ္မတ၊ မလေးရှားသမ္မတ၊ အင်ဒိုနီးရှားသမ္မတ၊ ဗီယက်နမ်သမ္မတနှင့် မြန်မာနိုင်ငံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်သည်။ အခမ်းအနား၌ အာဂျင်တီးနားသစ်ပိုင်ရှင် တရုတ်နိုင်ငံ၏ သမ္မတ ရှီကျင်းဖျင်က One Belt, One Road အစီအစဉ်ကို အမွှန်းတင်သော၊ ကမ္ဘာကို ဆွဲဆောင်သော၊ အားလုံးစိတ်ဝင်စားမှုရှိစေမည့် စကားလုံးများဖြင့် ကြိုဆိုဖိတ်ခေါ်မှုကို ပြသခဲ့သည်။ လက်ရှိကမ္ဘာကြီး၏ အခြေအနေနှင့် သဟဇာတရှိစွာ ကမ္ဘာ့နိုင်ငံများကြား အတူတကွ နေထိုင်ရေး၊ အစီအစဉ် အကောင်အထည်ဖော်ရမည့် ဖြတ်သန်းရာ တစ်လျှောက်ရှိနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး၊ မတူညီသော ယဉ်ကျေးမှုများ ဖလှယ်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးရန် တရုတ်နိုင်ငံဦးဆောင်ဦးရွက်ပြုသည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း လည်းဆိုသည်။ ထို့ပြင် ၄င်းက တရုတ်နိုင်ငံနှင့် ပါဝင်ပတ်သက်သည့် နိုင်ငံတို့အကြား နှစ်ဖက်အကျိုး ဖြစ်ထွန်းစေသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ် တိုးချဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

သို့သော် အစီအစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံကြီးငယ်များကြားတွင် အမြင်အမျိုးမျိုးရှိနေသည်။ အစီအစဉ်ကို လက်တွေ့ကျကျ တက်ရောက်ခဲ့သည့် နိုင်ငံများတွင်လည်း စီးပွားရေး ပြည့်စုံကာ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအင်အားကောင်းသည့် ဖွံ့ဖြိုးပြီးနိုင်ငံများ ပါရှိသကဲ့သို့၊ ဝင်ငွေနိမ့်၊ ငွေကြေးအရင်းအနှီးချို့တဲ့၊ ကုန်ထုတ်လုပ်မှုနိမ့်ကျနေသေးသည့် ဖွံ့ဖြိုးဆဲနိုင်ငံတို့လည်း ပါဝင်သည်။ ဖွံ့ဖြိုးပြီးရော၊ ဖွံ့ဖြိုးဆဲတို့ပါ အကျိုးဖြစ်ထွန်းမည်။ လမ်းကြောင်း တစ်လျှောက်ရှိ ဒေသများတွင် အဆောက်အအုံဖွံ့ဖြိုး တိုးတက်ရေးအစီအမံများ ရှိလာမည်။ ထိုအစီအမံများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကိုလည်း တရုတ်နိုင်ငံမှ မတည်ပေးနိုင်ရေးစီစဉ်နေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဘေကျင်း အခြေစိုက် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asia Infrastructure Investment Bank-AIIB) နှင့် ရုရှားဟိုင်းအခြေစိုက် ဖွံ့ဖြိုးရေး ဘဏ် (New Development Bank) တို့မှ ချေးငွေထုတ်ပေးမှု များရှိလာမည်။ တရုတ်နိုင်ငံမှ ကုန်ကြမ်းလိုအပ်ချက်များနှင့် ကုန်ချောတင်ပို့မှုများ ယခင်ကထက် ပိုမိုများပြားလာသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများမှာ တစ်နွယ်ငင် တစ်စင်ပါ ပိုမိုအားကောင်းလာမည်ဟု ထင်မှတ်ဖွယ်ရာဖြစ်သည်။

ယခင်ကတည်းက စီးပွားရေးအပါအဝင် နယ်ပယ်၊ ကဏ္ဍစုံ၌ အဆက်အစပ်ရှိနေခဲ့သည့် အိမ်နီးချင်း မြန်မာနိုင်ငံအနေဖြင့် တရုတ်၏ BRI သို့မဟုတ် OBOR အစီအစဉ်ကို ပါဝင်ပတ်သက်ရန် အကြောင်းဖန်ခဲ့ပြီဖြစ်သည်။ အမှန်တွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းများဖြစ်ကြသော်လည်း ဆက်ဆံရေးရာသီမှာ ပုံမှန်မရှိခဲ့ပေ။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ဆက်ဆံခဲ့သော နိုင်ငံဖြစ်ခဲ့သကဲ့သို့၊ မြန်မာနိုင်ငံ၏ လူထုဆန္ဒကို လျစ်လျူရှုပြီး ပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာများရှိနေသည့် နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် တစ်ဖက်တွင် အထောက်အကူဖြစ်စေခဲ့သကဲ့သို့၊ အခြားတစ်ဖက်တွင် အခက်အခဲ၊ အကြပ်အတည်းဖြစ်စေခဲ့သည့် နိုင်ငံဟုလည်း ဆိုရပေမည်။ မြန်မာအစိုးရနှင့် နယ်စပ်လက်နက်ကိုင် တိုင်းရင်းသားများအကြား ဖြစ်ပေါ်နေသော အခြေအနေများပေါ်တွင် ပရိယာယ်အမျိုးမျိုးဖြင့် ပတ်သက်နေသကဲ့သို့ မြန်မာနိုင်ငံ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အရင်းအနှီးပမာဏများများဖြင့် ထဲထဲဝင်ဝင် ပါဝင်လျက်ရှိသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကျင့်သုံးမှုစတင်လာချိန်တွင် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားသော သဘောထားမှာ ယခင်ကာလများနှင့် မတူတော့ပေ။ သမ္မတဦးသိန်းစိန်လက်ထက်တွင်လည်း အပေါင်းလက္ခဏာများသော ဆက်ဆံရေးများ ရှိလာခဲ့သည်။ ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတာဝန်ယူခဲ့သည့် လူထုအစိုးရသစ်လက်ထက် တစ်နှစ်ကျော်ကာလအတွင်း၌

နိုင်ငံတော်သမ္မတသည်လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည်လည်းကောင်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့၏။ တရုတ်နိုင်ငံနှင့် နယ်ပယ်စုံ ဆက်ဆံရေးသည် ထင်ထားသည်ထက် ပို၍ အားကောင်းလာသည့် အလားအလာရှိခဲ့သည်။ ပြီးစီးခဲ့သည့် One Belt, One Road အာဂျင်တိုအသစ် မိတ်ဆက်ပွဲကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်၊ အသိအမှတ်ပြုခဲ့ပြီး စီးပွားရေးနှင့် နည်းပညာ ဆိုင်ရာ၊ နယ်စပ်စီးပွားရေး ဆိုင်ရာ၊ ကျန်းမာရေးကဏ္ဍ ဆိုင်ရာ၊ ပုဂံ ဘုရားများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သဘောတူစာချုပ် ၅ ခုကို လက်မှတ်ထိုးခဲ့ကြသည်။ အခြေအနေအရပ်ရပ်သည် အလွန်အမင်း အရင်းအနှီးကြီးမားသည့် တရုတ်နိုင်ငံ၏ မဂါစီမံကိန်းကြီးတွင် မြန်မာနိုင်ငံ ပါဝင်ပတ်သက်တော့မည့် အခြေအနေကို ပြနေသည်။

မြန်မာနိုင်ငံအတွက် စဉ်းစားစရာများစွာရှိလာသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည်၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသအစီအစဉ်၊ အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ပတ်သက်သည့် အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းမအစီအစဉ်၊ အာဆီယံ-မဲခေါင် အစီအစဉ်၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ အစီအစဉ်၊ မဲခေါင်-ဂင်္ဂါအစီအစဉ်များစသည့် ဒေသတွင်း အစီအစဉ် အတော်များများတွင် ပါဝင်လျက်ရှိသည်။ အားလုံးသည် အပြန်အလှန် အကျိုးဖြစ်ထွန်းရေးများ အစီအစဉ်များဖြစ်သည်ဟုဆိုသော်လည်း အားနည်းသူထက် အားကြီးသူကသာ အကျိုးဖြစ်ထွန်းမှုများမည်မှာ သဘာဝဖြစ်၏။ မြန်မာနိုင်ငံသည် အစီအစဉ်များစွာတွင် ပါဝင်နေသော်လည်း ထုတ်ကုန်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် အားနည်းလျက်ရှိနေဆဲဖြစ်သည်။ ယခု ထပ်မံ အကောင်အထည်ဖော်မည့် တရုတ်နိုင်ငံ၏ BRI အစီအစဉ်သည်လည်း ဤသဘောသဘာဝပင် ရှိသည်ကို ဖြန့်ကျက်တွေးဆ၍ ကြိုတင်ပြင်ဆင်စရာများ လုပ်ဆောင်နိုင်မှ ဖြစ်ပေမည်။

မြန်မာနှင့် တရုတ် စီးပွားရေးနှင့် သက်ဆိုင်သည့် ဆက်ဆံမှုကိုလည်း တစ်ဖက်တစောင်း လေ့လာကြည့်မိသည်။ တစ်နိုင်ငံလုံးအုံကြွခဲ့သည့် ၁၉၈၈ ခုနှစ် အရေးအခင်းအလွန်၊ တပ်မတော်မှ နိုင်ငံ့တာဝန်ယူချိန် ၁၉၉၀ ပြည့်နှစ်အစကာလများမှစ၍ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကဏ္ဍစုံတွင် နီးစပ်လာခဲ့သည်။ ထိုအချိန်ကတည်းက အလုပ်ဖြစ်ခဲ့သည့် မြန်မာ တရုတ်နယ်စပ်ကုန်သွယ်ရေးမှာ ယခုအချိန်အထိပင် အရှိန်အဟုန်ကောင်းနေဆဲ။ မြန်မာ တရုတ်နယ်စပ် ကုန်သွယ်ရေးပမာဏသည် လျော့နည်းကျဆင်းသွားစရာ အကြောင်းမရှိ။ မြန်မာနှင့် နယ်နိမိတ်ထိစပ်နေသည့် နိုင်ငံလေးနိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများထဲတွင် တရုတ်နိုင်ငံနှင့် အများဆုံးဖြစ်သည်။ သို့သော် မြန်မာပို့ကုန်က ပမာဏလွန်စွာနည်းပါး၍ တရုတ်နိုင်ငံမှ သွင်းကုန်မှာ တရားဝင်ရော၊ တရားမဝင်ပါ ပမာဏများပြားလျက်ရှိသည်။ ပုံမှန်ကုန်သွယ်ရေးတွင်လည်း ထိုနည်းတူစွာပင်။ ကုန်သွယ်မှုလိုငွေ အမြဲရင်ဆိုင် နေရသော မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင်လည်း လိုငွေပမာဏ အမြဲကြီးမားလျက် ရှိနေသည်။ မြန်မာ့ကုန်သွယ်မှုကဏ္ဍသည် လုံးဝအားနည်းလျက်ရှိ၏။ တင်ပို့သည့် ကုန်စည်အများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များနှင့် ကုန်ကြမ်းများသာဖြစ်သည်။ သစ်တောကဏ္ဍနှင့် တွင်းထွက်ကျောက်မျက်များမှာလည်း တရားဝင်ထက် တရားမဝင် ခိုးထုတ်တင်ပို့သည့် ပမာဏက ကြောက်စရာကောင်းလှသည်။ မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံဘက်မှ တင်သွင်းရာတွင် အခြေခံစားသောက်ကုန်၊ ကလေးကစားစရာမှစ၍ လူသုံးကုန်၊ ဆောက်လုပ်ရေး ပစ္စည်းအလယ်၊ ရင်းနှီးကုန်ပစ္စည်းမျိုးစုံအဆုံး ပြည့်တင်း၌လိုအပ်နေသည့် ကုန်ကြမ်း၊ တစ်စိတ်တစ်ပိုင်းကုန်ချောနှင့် ထုတ်ကုန်အများစုဖြစ်သည်။ မြန်မာနိုင်ငံ လူထု၏နေ့စဉ်ဘဝသည် တရုတ်နိုင်ငံမှ ထုတ်ကုန်အတော်များများနှင့် မကင်းနိုင်သည့် အခြေအနေတွင် ဖြစ်နေသည်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း ထို့အတူပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ထိပ်တန်းနိုင်ငံထဲတွင်ပါဝင်ပြီး ထိပ်တန်းထဲမှ ထိပ်ဆုံးတွင် ရှိနေသည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင် ဈေးနှုန်းသက်သာသော ကုန်ပစ္စည်းများ စီးဝင်လာမှုကြောင့် မြန်မာ့ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများ အခက်အခဲတွေ့ခဲ့ဖူးသည်။ အရည်အသွေးညံ့သော၊ စားသုံးသူကို ဘေးအန္တရာယ်ဖြစ်စေတတ်

သော ကုန်ပစ္စည်းများရှိခဲ့သောကြောင့် ကျန်းမာရေးအန္တရာယ်များအတွက် စိုးရိမ်ခဲ့ရဖူးသည်။ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကြောင့်လည်း နိုင်ငံသားတို့ နေ့စဉ်စားဝတ်နေမှုဘဝများ၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးမှုများရှိခဲ့သည်ကို ကြုံတွေ့ခဲ့ရပြီးဖြစ်၏။ ဖြေရှင်းရန် ကျန်ရှိနေသေးသည့် ပြဿနာများလည်း ရှိနေသေးသည်။ လက်ပံတောင်းတောင်၊ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူစီမံကိန်းမှ ရင်းနှီးမြှုပ်နှံမှုတို့သည် တရုတ်နိုင်ငံ၏ အာဂျင်ဒါအသစ် BRIကို ချမပြခင်ကတည်းက မြန်မာနိုင်ငံတွင် ရှိနေပြီး မြန်မာလူထု ဂရုတစိုက်ကြည့်နေသည့် တရုတ်ရင်းနှီးမြှုပ်နှံမှုကြီးများဖြစ်သည်။ အခြားရင်းနှီးမြှုပ်နှံမှုများရှိသေးသည်။ ထို့ကြောင့် အာဂျင်ဒါအသစ် BRI မကြေညာခင်ကတည်းက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရင်းနှီးပတ်သက်မှုများစွာ ရှိနေခဲ့ပြီးဖြစ်သည်။

Belt and Road Inititative-BRI အစီအစဉ်သည် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ ရှိနေသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေခဲ့ပြီဖြစ်သည်။ စိတ်လှုပ်ရှား၊ ရင်ခုန်စရာကောင်းသော အကျိုးဖြစ်ထွန်းမှုများနှင့်အတူ စိုးရိမ်၊ ရင်တုန်စရာများလည်း ရှိနေခဲ့ပြီ။ အမျော်အမြင်ရှိရှိတွေးဆမှုများ အလွန်တွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ၊ လူမှုစီးပွားမတည်ငြိမ်မှုများ၊ အလုပ်သမား ရေးရာများ၊ တစ်ဖက်စောင်းနင်း ကုန်သွယ်မှုနှင့် ထပ်မံကြီးမားလာနိုင်သည့် ကြွေးမြီဝန်ထုပ်ဝန်ပိုးကြီး တို့အတွက် စဉ်းစားမိသည်။ တရုတ်နိုင်ငံမှ ကူညီထောက်ပံ့ပေးမည့်အရာများကို လေ့လာသင့်သည်။ သက်ရောက်မှုများကို စဉ်းစားသင့်သည်။ ဖြစ်နိုင်ခြေများ၊ ဖြစ်နိုင်ခြေထက် ကျော်လွန်နိုင်သည့် အခြေ အနေများကို တွက်ချက်ထားသင့်သည်။ တရုတ်နိုင်ငံ၏ဗျူဟာကို အသေးစိပ်လေ့လာဆွေးနွေးမှုများ ပြုလုပ်၍ နိုင်ငံအတွက် ဗျူဟာတစ်ရပ် ပြင်ဆင်ရန်ဖြစ်သည်။ ထို အာဂျင်ဒါအသစ်ထဲတွင် မဖြစ်မနေ ပါဝင်ပတ်သက်တော့မည့် မြန်မာနိုင်ငံအနေဖြင့်

- မြန်မာနိုင်ငံထဲသို့ တရားမဝင်၊ တရားဝင် လာရောက်လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား စီးပွားရေးသမားအကြီး၊ အငယ်များနှင့် ပတ်သက်၍လည်းကောင်း၊
- မျှတမှုရှိပြီး နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်မှုပေးနိုင်သည့် အင်စတီကျူးရှင်းများ မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း ထူထောင်နိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊
- မြန်မာနိုင်ငံ၏ လက်ရှိပို့ကုန်တင်ပို့မှုနှင့် သွင်းကုန်တင်သွင်းမှု အခြေအနေအရပ်ရပ်နှင့် ပတ်သက်၍ လည်းကောင်း၊
- ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီး ဖွံ့ဖြိုးရေးနှင့် ထုတ်ကုန်များ၏ Supply Chain၊ Value Chain တစ်လျှောက် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊
- ဝန်ဆောင်မှုကဏ္ဍ လက်ရှိအခြေအနေနှင့် ဘဏ္ဍာရေးစျေးကွက် အနာဂတ်အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊
- ရှိပြီးသား နိုင်ငံခြားချေးငွေများအခြေအနေ၊ တရုတ်နိုင်ငံမှ ထပ်မံချေးငှားပေးလာနိုင်မည့် ချေး ငွေအခြေအနေတို့နှင့် အနာဂတ် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုကဲကြမ္မာနှင့် ပတ်သက်၍လည်းကောင်း အလေးအနက်ထား ဆွေးနွေးမှုများပြုလုပ်၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်ဆည်းထားနိုင်ရေး ဆောင်ရွက်ရတော့မည်။

တရုတ်နိုင်ငံ၏ အာဂျင်ဒါသစ် BRI သည် ကိုယ်ကျိုးစီးပွားမပါသော ပရဟိတ လုပ်ငန်းတစ်ခု မဟုတ်ပေ။ လူဦးရေ ၁.၄ ဘီလီယံကျော်ရှိသော လူ့အဖွဲ့ အစည်းကြီးတစ်ခုက ကမ္ဘာပတ် လှုပ်ရှားဖန်တီးမည့် အကျိုးအမြတ်ရှာစီးပွားရေးဝန်းကျင်တစ်ခု သာဖြစ်သည်။ မြန်မာနိုင်ငံကကြိုတင်ပြင်ဆင်ရန် ဖော်ပြခဲ့သော အခြေအနေများမှာ ရုတ်တရက်စဉ်းစားမိသော အခြေအနေအချို့ သာဖြစ်သည်။ ထည့်သွင်းစဉ်းစားစရာ အခြားသောအချက်များစွာ ရှိနေပါသေးသည်။ သတိဆိုသည်မှာ ပိုသည် မရှိ။ နိုးထလာပြီဖြစ်သော အိမ်နီးချင်းတရုတ်နဂါးကြီး၏ လှုပ၍ ပရိယာယ်ကြွယ်သည့် အာဂျင်ဒါသစ်ထဲတွင် ပါဝင်ပတ်သက်ရာ၌ နိုင်ငံ့အကျိုးစီးပွား ဖြစ်ထွန်းမှု မလျော့ပါးစေရေး၊ နစ်နာမှုမရှိစေရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုတင်ပြင်ဆင်၍ လက်မလွန်၊ ခြေမကျဲစေရန် သတိကြီးကြီးထား၊ ဆောင်ရွက်ရန်မှတစ်ပါး အခြားမရှိလေပြီ။ ။

စီးပွားရေးတီထွင်ဖန်တီးမှုဆိုင်ရာ မိတ်ဖက်အစီအစဉ် (EIPP)

|ဒေါက်တာပင်လုံအေး|



မျက်မှောက်ခေတ် နိုင်ငံတကာ အခြေအနေများဟာ လျင်မြန်စွာပြောင်းလဲလျက်ရှိပြီး အရှေ့- အနောက်နဲ့ တောင်-မြောက် ပူးပေါင်းဆောင်ရွက်မှုများဟာ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ဒေသတွင်း အဖွဲ့အစည်းများအကြား ပိုမိုများပြားလျက်ရှိပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနေနဲ့ ဖွံ့ဖြိုးမှု ရရှိဖို့ ရုန်းကန်နေရတဲ့ တတိယနိုင်ငံများမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ ယခင်ကထက် ပိုမိုကြိုးပမ်းလျက်ရှိကြပါတယ်။ ဒီလိုကြိုးပမ်းမှုများအနက် ကိုရီးယားနိုင်ငံရဲ့ခြေလှမ်းသစ် အစီအစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံနဲ့ အူဘက်ကစ္စတန်နိုင်ငံမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မယ့် စီးပွားရေးတီထွင် ဖန်တီးမှုဆိုင်ရာ မိတ်ဖက်အစီအစဉ် (Economic Innovative Partnership

Program-EIPP) အစီအစဉ်ကို အနည်းငယ် မိတ်ဆက်ချင်ပါတယ်-

စီးပွားရေး ပို့ပြီးတိုးတက်မှု အကောင်းဆုံးအနေအထားရှိသောနိုင်ငံ

ကိုရီးယားသမ္မတနိုင်ငံဟာ ကမ္ဘာ့စီးပွားရေးမှာ အဆင့် ၁၁ ရှိပြီး အာရှစီးပွားရေးမှာ အဆင့် ၄ ရှိပါတယ်။ သူတို့ရဲ့ စီးပွားရေးအဆင့်အတန်း ဆက်လက်တိုးမြှင့်လာဖို့ အတွက် အာရှရဲ့တောင်ဘက် ခြမ်းနိုင်ငံများနဲ့ ပိုမိုနီးကပ်စွာ ပူးပေါင်းနိုင်ရေးကို အထောက်အကူပေးမဲ့ New Southern Policy-NSP ကို ၂၀၁၇ ခုနှစ်မှာ ချမှတ်ခဲ့ပါတယ်။ ဒီ NSP ရဲ့ ချဉ်းကပ်မှု တစ်စိတ်တစ်ပိုင်းအရ ကိုရီးယားသမ္မတနိုင်ငံဟာ အခြားအာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း လက်ရှိလုပ်ကိုင်နေတဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်နေသလို ပူးပေါင်းဆောင်ရွက်မှု ပုံစံသစ်တွေကိုလည်း စတင်လာပါတယ်။

အကူအညီ

ကိုရီးယားသမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ လက်ရှိလုပ်ကိုင်နေတဲ့ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတွေကို အနည်းငယ်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံကိုပေးတဲ့ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ODA ကို ကိုရီးယားသမ္မတနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA နဲ့ ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာနတွေက Grant ပေးပါတယ်။ ယခုအခါ ကိုရီးယားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရကြ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် Grant တွေ ပိုမိုပေးအပ်လာပါတယ်။

ချေးငွေ

ချေးငွေအနေနဲ့ပြောရမယ်ဆိုရင် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန MOEF လက်အောက်ရှိ Korea EXIM Bank ရဲ့ Economic Development Cooperation Fund-EDCF က မြန်မာနိုင်ငံကို ၂၀၁၄- ၂၀၁၇ ကာလအတွင်း EDCF ချေးငွေ အမေရိကန်ဒေါ်လာ သန်း (၅၀၀) ပေးခဲ့တယ်။ အဲ့ဒီချေးငွေတွေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံ စီမံကိန်းတွေကို အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ ကိုရီးယားသမ္မတနိုင်ငံဟာ မြန်မာနိုင်ငံကို သူတို့ရဲ့ဦးစားပေးအဆင့် သတ်မှတ်ထားတဲ့အတွက် ချေးငွေပမာဏကို အခြားနိုင်ငံများနဲ့နှိုင်းယှဉ်ပါက အများဆုံး ပေးအပ်ထားပါတယ်။ ဥပမာပြောရမယ်ဆိုရင် EDCF ချေးငွေအနေနဲ့ မွန်ဂိုလီးယားကို အမေရိကန်ဒေါ်လာသန်း (၇၀၀)၊ အီသီယိုပီးယားကို အမေရိကန်ဒေါ်လာသန်း (၃၀၀)၊ ဘင်္ဂလားဒေ့ရှ်ကို အမေရိကန်ဒေါ်လာသန်း (၅၀၀) နဲ့ ကမ္ဘောဒီးယားကို အမေရိကန်ဒေါ်လာသန်း (၇၀၀) ချေးငွေပေးခဲ့ပြီး မြန်မာနိုင်ငံကိုတော့ ၂၀၁၈-၂၀၂၂ ခုနှစ်အတွင်း EDCF ချေးငွေ အမေရိကန် ဒေါ်လာ သန်း (၁၀၀၀) ပေးအပ်သွားမှာပါ။ ချေးငွေရယူဖို့အတွက် သဘောတူညီချက်စာချုပ်ကို မကြာခင်ကာလမှာ လက်မှတ်ရေးထိုးဖို့အတွက် Korea EXIM Bank နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆောင်ရွက်မှုတွေလုပ်နေပါတယ်။

KSP

နောက်အစီအစဉ်တစ်ခုကတော့ MOEF လက်အောက် ရှိတဲ့ Korea Development Institute-KDI ကပေးတဲ့ Knowledge Sharing Program-KSP အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ ကိုရီးယားကျွန်းဆွယ်စစ်ပွဲရဲ့ အကျိုးဆက် ဆိုးရွားတဲ့အခက်အခဲများ ကြားကနေ ရုန်းကန်ပြီး ကမ္ဘာ့အဆင့်မီ စီးပွားရေး နိုင်ငံအဖြစ် တိုးတက်နိုင်ခဲ့တဲ့ ကိုရီးယားသမ္မတနိုင်ငံရဲ့ အတွေ့အကြုံကောင်းတွေကို မိတ်ဖက် နိုင်ငံတွေအကြား မျှဝေပေးတဲ့ အစီအစဉ်ဖြစ်ပြီး မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်မှာစတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒီအစီအစဉ်အရ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှာ ဒီနေ့ထိ လေ့လာဆန်းစစ်ချက် (၂၄) ခု ရှိပြီဖြစ်ပါတယ်။

ဒီ KSP အစီအစဉ်ဟာ တစ်နှစ်ကို စီမံချက် (၁) ခု၊ တစ်ချို့နှစ်တွေမှာ (၂) ခု ပေးပြီး ကာလကတော့ ဆန်းစစ်ချက်တွေကို တစ်နှစ်အတွင်း ဆောင်ရွက်ကြပါတယ်။ သုတေသနဆောင်ရွက်ပုံ နည်းလမ်းအနေနဲ့ စီမံချက်အကောင်အထည်ဖော်မဲ့ ဝန်ကြီးဌာနက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနကတစ်ဆင့် အဆိုပြုပြီး KDI က ရွေးချယ်ထားတဲ့ ခေါင်းစဉ်အလိုက် KSP Launching Seminar နဲ့ High-level Meeting (Local Consultant Interview) တို့ကိုပြုလုပ်ပြီးအသေးစိတ်လေ့လာသုံးသပ်ပါတယ်။ အဲ့လို လေ့လာသုံးသပ်ပြီးတဲ့အခါ Korea Expert များနဲ့ Local Consultant များက သူတို့ရဲ့လေ့လာတွေ့ရှိချက်တွေကို ကြားဖြတ်အစီရင်ခံစာအနေနဲ့ မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်တယ်။ အဲ့ဒီနောက် Final Reporting Workshop နဲ့ Senior Policy Dialogue လုပ်ပြီး သုတေသနရလဒ်အစီရင်ခံစာတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ပေးပို့ပါတယ်။ အဲ့ဒီတွေ့ရှိချက်တွေကိုတော့ ကိုရီးယားနိုင်ငံက ဆက်လက်ကူညီအကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိတော့ပါဘူး။

EIPP

စီးပွားရေးတီထွင်ဖန်တီးမှုဆိုင်ရာ မိတ်ဖက် အစီအစဉ် (EIPP) ဟာ KSP ရဲ့ပုံစံသစ်ပါ။ ဒီအစီအစဉ်ကိုလည်း KSP ကို ပေးတဲ့ MOEF ရဲ့ KDI ကပဲ ပေးမှာပါ။ ဒါပေမဲ့ အရင်ပေးတဲ့ KSP လို Knowledge Sharing Program သက်သက်မဟုတ်ဘဲ ကိုရီးယားသမ္မတနိုင်ငံ New Southern Policy-NSP အရ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ကိုရီးယားသမ္မတနိုင်ငံရဲ့ အထောက်အပံ့နဲ့ အကောင်အထည်ဖော်မည့် စီမံကိန်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ရလဒ်များကိုအခြေခံကာ နှစ်နိုင်ငံ စီးပွားရေးအလားအလာကောင်းများ ပေါ်ထွက်ပြီး မြန်မာနိုင်ငံမှာ ကိုရီးယား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေဖို့အတွက် အထောက်အကူပြုမည့် ကာလလတ်မှ ကာလရှည်ဖွံ့ဖြိုးမှုမဟာဗျူဟာ ဆန်းစစ်ချက်ပေါ်ထွက်ရန် ရည်ရွယ်ပါတယ်။ EIPP ကို လက်ခံဆောင်ရွက်မယ့် နိုင်ငံအနေနဲ့ ကိုရီးယားနိုင်ငံနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မယ့် စီမံကိန်းတွေကို တစ်နှစ်မှာ စီမံကိန်း (၅) ခုအထိ အဆိုပြုနိုင်ပါတယ်။

စီမံကိန်းအရေအတွက်ကိုတော့ MOEF က သတ်မှတ်မှာဖြစ်ပြီး နှစ်စဉ်ရရှိမယ့် ဘဏ္ဍာငွေ ပမာဏပေါ်မူတည်ကာ တစ်နှစ်အတွင်း စီမံကိန်းဘယ်နှစ်ခု ဆောင်ရွက်မလဲဆိုတာကိုတော့ မြန်မာဘက်နဲ့ ကိုရီးယားဘက်တို့ အတူတကွ ညှိနှိုင်းကြမှာပါ။ စီမံကိန်းကာလအနေနဲ့ စီမံကိန်းတစ်ခုကို (၃) နှစ်ကနေ (၅) နှစ်အတွင်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမှာပါ။

ဒီ EIPP ရဲ့ အကောင်အထည်ဖော်မှုပုံစံကို ဥပမာပေးရှင်းပြလိုပါတယ်။ EIPP က ရွေးချယ်တဲ့ စီမံကိန်းဟာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ စက်ရုံကုန်ထုတ်လုပ်မှု ထောက်ပံ့ခြင်းနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများ အကောင်အထည်ဖော်မှုကို လေ့လာဆန်းစစ်မယ့် စီမံကိန်း အဖြစ် ရွေးချယ်တယ်ဆိုပါစို့။ ဒီစီမံကိန်းကို ကာလလတ်နဲ့ ကာလရှည်ဖွံ့ဖြိုးမှုမဟာဗျူဟာတည် ထောင်ခြင်း၊ လုပ်ငန်းစဉ်အကောင်အထည်ဖော်ခြင်းနဲ့ ဒီလို အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့ နည်းဥပဒေများနဲ့ ညှိနှိုင်းချက်များ Streamlining ဖြစ်/မဖြစ်ကို လေ့လာဆန်းစစ်သွားမှာ ဖြစ်ပါတယ်။

ကာလလတ်နဲ့ ကာလရှည်ဖွံ့ဖြိုးမှု မဟာဗျူဟာတည်ထောင်ခြင်းအပိုင်းမှာ အကောင်အထည်ဖော်မယ့် စီမံကိန်းရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်၊ Master Plan နဲ့

စက်ရုံကုန်ထုတ်လုပ်မှုနဲ့ စက်ရုံ ဝန်ဆောင်မှုများကို အထောက်အပံ့ပေးတဲ့ အစီအစဉ်တွေ ပါဝင်မှာဖြစ်ပြီး၊ လုပ်ငန်းစဉ်အကောင် အထည်ဖော်ဆောင်တဲ့အခါ စီမံကိန်း အတွက် ဖြစ်မြောက်နိုင်စွမ်း ဆန်းစစ်မှု၊ Site Preparation အနေနဲ့ လမ်း၊ လျှပ်စစ်၊ ရေကဲ့သို့ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းဆိုင်ရာ၊ သက်မွေးပညာ Training Centre/ Polytechnic College၊ Techno Park တို့နဲ့ University-Industry-Research Institute ဆိုင်ရာ ကျောင်းတွေ တည်ထောင်ပေးခြင်းအပြင် လုပ်ငန်းစဉ်လည်ပတ်ခြင်းနဲ့ ပြုပြင်ထိန်းသိမ်းခြင်းတွေဖြစ်တဲ့ Waste treatment System တွေကိုလည်း လေ့လာဆန်းစစ်သွားမှာဖြစ်ပါတယ်။

နည်းဥပဒေများနဲ့ ညွှန်ကြားချက်များအနေနဲ့ ကတော့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းအဖြစ် တိုးတက်စေမယ့် ရင်းနှီးမြှုပ်နှံသူကာကွယ်ခြင်း၊ ပိုင်ဆိုင်မှု အခွင့်အရေး၊ Corporate Tax စတာတွေနဲ့ Public-Private Partnership (PPP) စနစ် အားကောင်းခိုင်မာရေး၊ SMEs ရဲ့ကုန်ထုတ်စွမ်းအား၊ နည်းပညာ၊ Credit Guarantee စတဲ့ သက်မွေးပညာလေ့ကျင့် ရေးစနစ် တိုးတက်စေမယ့် နိုင်ငံတကာ အဆင့်မီ လုပ်ငန်းစဉ်တွေကို အထူးသုတေသနပြု လေ့လာသွားမှာပါ။ ဒီလေ့လာဆန်းစစ်ချက်တွေဟာ စီးပွားရေးအရ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့် ကိုရီးယားလုပ်ငန်းရှင်တွေအတွက် လမ်းပြမြေပုံအဖြစ် အထောက်အပံ့ပေးရန် ရည်ရွယ်ထားပြီး နိုင်ငံတွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုစီးဝင်စေမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။

ကိုရီးယားသမ္မတနိုင်ငံအနေနဲ့ ဒီအစီအစဉ်ကို မြန်မာနိုင်ငံနဲ့ အူဘက်ကစ္စတန်နိုင်ငံတွေမှာ စတင်အကောင်အထည်ဖော်မှာဖြစ်ပြီး အူဘက်ကစ္စတန်နိုင်ငံနဲ့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးပါပြီ။ မြန်မာနိုင်ငံမှာလည်း ဒီအစီအစဉ်ကို မကြာခင်မှာ စတင်အကောင်အထည်ဖော်နိုင်ဖို့အတွက် နှစ်နိုင်ငံ သဘောတူ လက်မှတ်ရေးထိုးဖို့ နှစ်ဖက်ညှိနှိုင်းလျက်ရှိပါတယ်။

နိဂုံး

ကိုရီးယားနိုင်ငံဟာ မြန်မာနိုင်ငံကို လာရောက်မြှုပ်နှံတဲ့ မိတ်ဖက်နိုင်ငံ ၄၉ နိုင်ငံအနက် အဆင့် ၆ နေရာမှာ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် များစွာမူတည်နေတဲ့အတွက် အနောက်နိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းရှင်များအပြင် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားကောင်းတဲ့ ကိုရီးယား၊ ဂျပန်နဲ့ တရုတ်နိုင်ငံရဲ့ လာရောက်ရင်းနှီးမှုကိုလည်း များနိုင်သလောက် များများရဖို့လိုပါတယ်။ ဒါ့ကြောင့် နိုင်ငံအတွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာဖို့အတွက် ကနဦး ဆန်းစစ်ချက် လမ်းပြမြေပုံဖြစ်တဲ့ ဒီ EIPP ရဲ့ သုတေသနပြုလေ့လာဆန်းစစ်ချက်တွေဟာ နိုင်ငံဖွံ့ဖြိုး တိုးတက်မှုအတွက် များစွာ အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီအစီအစဉ်ဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေမယ့် အဓိကသော့ချက် တစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

အလုပ်သမားရေးရာ ကိစ္စရပ်များ နှင့် ILO

|မယု(စက်မှု)|

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်များကို 'The Future We Want' ဆောင်ပုဒ်ဖြင့် အလေးထားမြှင့်တင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံသူနိုင်ငံသားများ၏ အလုပ်သမားရေးရာ ကိစ္စရပ်များသည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လုံးဝအခရာကျသည့် မောင်းနှင်အားတစ်ခုပင် ဖြစ်ပေသည်။

အလုပ်သမားရေးရာကိစ္စသည် လူသားအားလုံး၏ အရေးကိစ္စဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်ရှိ အလုပ်သမားတိုင်းအတွက် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးကို မြှင့်တင်ပေးရန်၊ အလုပ်သမားရေးရာ စံချိန်စံနှုန်းများ ချမှတ်နိုင်ရန်နှင့် မူဝါဒများ ဖော်ထုတ်နိုင်ရန်အတွက် ကမ္ဘာပေါ်ရှိ အဖွဲ့ဝင်နိုင်ငံ

ပေါင်း (၁၈၇) နိုင်ငံမှ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များအား အတူတကွ ပေါင်းစည်းပေးသည့် တစ်ခုတည်းသော အဖွဲ့အစည်းကို တင်ပြရလျှင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International LabourOrganization-ILO) ပင် ဖြစ်သည်။ ILO ကို ၁၉၁၉ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့သည် ကုလသမဂ္ဂ၏ အထူးသီးခြားအဖွဲ့တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ ယခုနှစ် ၂၀၁၉ ခုနှစ်တွင် ILO ၏ သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ တိုင်ခဲ့ပြီဖြစ်ပါသည်။ လူမှုတရားမျှတမှု အပေါ်အခြေခံသည့် ILO ၏ ကမ္ဘာတစ်ဝှမ်း အေးချမ်းသာယာရေးဆိုသည့် စိတ်ကူးပုံဖော်ချက်ဖြင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးရှိ အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ ILO ရာပြည့် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ILO သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး နှစ်စဉ် ILO က ကြီးမှူးကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားညီလာခံတွင် အလုပ်သမားရေးရာနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စများ၊ သင့်လျော် ကောင်းမွန်သည့် အလုပ်အကိုင် ရရှိရေးဆိုင်ရာကိစ္စများ၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာကိစ္စများ၊ ကလေးအလုပ်သမားဆိုင်ရာကိစ္စများ၊ အဓမ္မစေခိုင်းခြင်းဆိုင်ရာ ကိစ္စများ၊ အလုပ်လက်မဲ့ပြဿနာများ၊ အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများ၊ ILO က ချမှတ်ထားသည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီခြင်း ရှိ/မရှိ ကိစ္စများနှင့် လုပ်ငန်းခွင်တွင် အလုပ်သမားများ အခြေခံရသင့်ရထိုက်သည့် အခွင့်အရေးဆိုင်ရာကိစ္စများကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။

အလုပ်သမားရေးရာနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ

ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၈) ခု စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင် ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် ဖြစ်ပေါ်ရရှိစေရေး ပန်းတိုင်သည် အလုပ်သမားရေးရာကိစ္စများအတွက် အရေးကြီးသည့် ပန်းတိုင်ဖြစ်သကဲ့သို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁) ဖြစ်သည့် နေရာအနှံ့ဆင်းရဲ နွမ်းပါးမှု အဆုံးသတ်ရေး၊ ပန်းတိုင် (၂) ဖြစ်သည့် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ ပန်းတိုင် (၃) ဖြစ်သည့် လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး၊ ပန်းတိုင် (၄) ဖြစ်သည့် လူသား အားလုံး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေး၊ ပန်းတိုင် (၅) ဖြစ်သည့် ကျားမတန်းတူညီမျှမှုရရှိရေးတို့သည်လည်း အလုပ်သမားရေးရာကိစ္စနှင့် တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေပါသည်။ အဆိုပါပန်းတိုင်များ ပြည့်မီစေရေးအတွက် ILO ၏ အကူအညီဖြင့် ဆောင်ရွက်သွားရမည် ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း ၁ ပုဒ်မ ၃၁ တွင် နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပြီး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ်အနက် ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော လုပ်ငန်း

များကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန် ဟူသည့်အချက်ကို မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ထားပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ၊ ကုလသမဂ္ဂ၏ စဉ်ဆက် မပြတ်ဖွဲ့ဖြိုးမှုပန်းတိုင်များနှင့် ချိတ်ဆက်၍ နိုင်ငံတော်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကို အခြေခံပြီး ချမှတ်ထားရှိသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀) ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပန်းတိုင် (၂) စီးပွားရေးတည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရီစီးပွားရေး စီမံခန့်ခွဲမှု၊ ပန်းတိုင် (၃) အလုပ်အကိုင် ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေး ဖြစ်ပြီး မဟာဗျူဟာ (၄.၅) ရွှေ့ပြောင်းလုပ်သားအပါအဝင် လုပ်သားအားလုံး၏ ထုတ်လုပ်နိုင်စွမ်းကို အသုံးချရေးနှင့် အလုပ်သမားအခွင့်အရေးကို ကာကွယ်ပေးရေးဟူသော ပန်းတိုင်နှင့် မဟာဗျူဟာချမှတ်ကာ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အနေဖြင့် အလေးထား မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးဆိုင်ရာ အစီအစဉ်အနေဖြင့် Myanmar Decent Work Country Programme (2018–2021) ကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင် အတည်ပြုပြီး (၂၁-၉-၂၀၁၈) ရက်နေ့တွင် ILO နှင့် နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် ရေရှည်တည်တံ့သည့် စွန့်ဦးတီထွင် စီးပွားရေးအခွင့်အလမ်းများကို အလုပ်လုပ်သူများ လက်လှမ်းမီစေရေး၊ အလုပ်သမားဘေးကွက် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာခြင်းအားဖြင့် အလုပ်ခွင်များတွင် အခြေခံစည်းမျဉ်းနှင့် အခွင့်အရေးများ ကျင့်သုံးမှု အားကောင်းလာစေရေး၊ ထိခိုက်လွယ်သည့် အလုပ်သမားများနှင့် ပြည်သူများအတွက် လူမှုအကာအကွယ်ပေးမှု အကျုံးဝင်စေရန်တိုးချဲ့ရေးစသည့် ဦးစားပေးနယ်ပယ် (၃) ရပ်ဖြင့် အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

ရွှေ့ပြောင်း အလုပ်သမားဆိုင်ရာကိစ္စများ

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် International Organization for Migration-IOM ၏ IOM Global Migration Indicators, 2018 တွင် ဖော်ပြထားသည့် ၂၀၁၈ ခုနှစ် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများ ညွှန်ကိန်းအရ ကမ္ဘာ့လူဦးရေ ၇.၆ ဘီလီယံအနက် ၂၅၈ မီလီယံခန့်သည် ရွှေ့ပြောင်း သွားလာနေရပြီး ရွှေ့ပြောင်းအလုပ်သမား ၁၅၀.၃ သန်း အနက် ၇.၈% သည် အရှေ့တောင်အာရှမှ ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်ခလစာ ကွာခြား

> **မြန်မာနိုင်ငံတွင် အသက် (၅နှစ်-၁၇နှစ်) အရွယ် ကလေး ၁၂ သန်းကျော်ခန့်ရှိ ပြီး အလုပ်လုပ်နေသည့် ကလေးလုပ်သား ၁.၃ သန်းခန့်ရှိသည့်အတွက် တစ်နိုင်ငံလုံး ကလေးဦးရေ၏ ၁၀ ရာခိုင်နှုန်း နီးပါးရှိကြောင်း သိရှိရသည်။**

ခြင်း၊ လုပ်သားဈေးကွက် ကွာဟချက်ရှိခြင်း၊ နည်းပညာ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် ကမ္ဘာတစ်ဝှမ်း ရွှေ့ပြောင်း လုပ်သားသွားလာမှု မြင့်တက်လျက် ရှိနေပါသည်။ မြန်မာနိုင်ငံသည် IOM အဖွဲ့သို့ ၂၀၁၂ ခုနှစ်တွင် ကျင်းပသည့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ညီလာခံတွင် ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ အဖြစ် ဝင်ရောက်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ ၅ နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

ကလေး အလုပ်သမားဆိုင်ရာကိစ္စများ

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပြဿနာသည် ကြီးထွားနေဆဲဖြစ်သည်။ ၂၀၁၅ Labour Force Survey Report အရ မြန်မာနိုင်ငံတွင် အသက် (၅နှစ်-၁၇နှစ်) အရွယ် ကလေး ၁၂ သန်းကျော်ခန့်ရှိပြီး အလုပ်လုပ်နေသည့် ကလေးလုပ်သား ၁.၃ သန်းခန့်ရှိသည့် အတွက် တစ်နိုင်ငံလုံး ကလေးဦးရေ၏ ၁၀ ရာခိုင်နှုန်း နီးပါးရှိကြောင်း သိရှိရသည်။ အဓိက ပြဿနာမှာ ဆင်းရဲနွမ်းပါးမှုကြောင့် ငွေကြေးနှင့် လူမှုရေး အခက်အခဲများ ဖြစ်ပေါ်လာပြီး ပညာသင်ကြားနိုင်ခြင်းမရှိဘဲ ရသည့် အလုပ်ဝင်ရောက်လုပ်ကိုင်ကြရခြင်းပင်ဖြစ်သည်။ ကလေး လုပ်သားအများစုသည် မူလတန်းအဆင့်သာ ပြီးမြောက်ကြသည်ကိုလည်းတွေ့ရပြီး အန္တရာယ် ရှိသော လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေကြရပါသည်။ သို့ပါ၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းကဏ္ဍအမျိုး ၂၀ နှင့် လုပ်ငန်းခွဲ ၁၀၈ ခု ပါဝင်သည့် ကလေး အလုပ်သမားဆိုင်ရာ အန္တရာယ်ရှိသည့် အလုပ်စာရင်း (မူကြမ်း) ကို ILO အကူ အညီဖြင့် ရေးဆွဲလျက်ရှိပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်လက်မဲ့ပြဿနာများ

အလုပ်လက်မဲ့ ဆိုသည်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အလုပ်မရှိသောသူများ၊ အလုပ်အကိုင်မရှိသော်လည်း အလုပ်ကို ရှာဖွေခြင်းမပြုသောသူများ၊ အလုပ်အကိုင် ရှာဖွေသော်လည်း မရရှိသောသူများ ဖြစ်ပါသည်။ အလုပ်လက်မဲ့နှုန်းကို တိုင်းတာရာတွင် အလုပ်လုပ်ကိုင်နိုင်သော အလုပ်သမားထုအတွင်းမှ အလုပ်လက်မဲ့ဖြစ်နေသော လူဦးရေနှင့် စုစုပေါင်း လူဦးရေ အချိုးအစားကို တိုင်းတာခြင်းပင်ဖြစ်သည်။

အလုပ်လက်မဲ့နှုန်းသည် နိုင်ငံများ၏ စီးပွားရေး တိုးတက်မှုအပေါ် တွင်လည်း မှီခိုနေပါသည်။ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်ရန် အလုပ်အကိုင်ဖန်တီးနိုင်မှု အများဆုံး ဆောင်ရွက်ပေးနိုင်သည့်ကဏ္ဍတစ်ခုဖြစ်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍကို ဦးစားပေး ဆောင်ရွက်ရန်နှင့် အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ ၉၈% သည် SMEs ကဏ္ဍမှဖြစ်ပြီး SMEs လုပ်ငန်းများသည် နိုင်ငံတိုးတက်မှု၏ ကျောရိုးဖြစ်သဖြင့် နိုင်ငံ၏စီးပွားရေး တိုးတက်လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ တိုးတက်များပြားလာစေရန် ဆောင်ရွက်ခြင်းဖြင့် အလုပ်လက်မဲ့ပြဿနာများ ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ အလုပ်သမားရေးရာကဏ္ဍတစ်ခုလုံး ရှင်သန်အားကောင်းလာစေရန်၊ လုပ်ငန်းခွင်တစ်ရပ်လုံး ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်ကိုင်နိုင်ရန်၊ အလုပ်သမားတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ တရားမျှတစွာ ရရှိခံစားနိုင်စေရန် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်တို့ အပေးအယူမျှတစွာဖြင့် ILO နှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ဘဝအတွေ့အကြုံ

(နောက်ဆုံးအခန်း)

|ခေတ်အဆက်ဆက် နိုင်ငံတကာဝန်များကိုထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။|

|ကျော်ဒွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)|

ပင်စင်စားဝါသနာ

၁။ ဝန်ထမ်းဘဝမှာ အိမ်ကိစ္စဘာမျှ မလုပ်ရတဲ့သူ၊ ယခုပင်စင်ယူပြီးတော့ အိမ်မှာ အချိန်ပြည့် နေရတော့လည်းမနေနိုင်သေးပါ၊ သူငယ်ချင်းကိုယ်ပိုင်ကျောင်းမှာ စာသွားသင်ပေးနေပြန်တယ်၊ ကိုယ်ပိုင်ကျောင်းမှာက ၅ တန်းမှ ၁၀ တန်းအထိရှိတယ်၊ ကိုယ်က ဘာသာရပ် မသင်ပါ၊ ယဉ်ကျေးလိမ္မာဘာသာရပ်အနေနဲ့ သင်ချင်တာကောက်သင်ပေးတယ်၊ ဥပမာသတင်းစာမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ပြပြီး၊ ဆက်နွယ်တဲ့ ဗဟုသုတတွေ၊ မှတ်သားစရာတွေ၊ သင်ခန်းစာယူစရာတွေကို ထုတ်နုတ်ဖော်ပြပြီး လေ့ကျင့်ပေးတယ်၊ ကလေးတွေက ပုံစံအမျိုးမျိုးနဲ့ တွေ့ရတယ်။

၂။ ၂၀၁၇ ခုနှစ် နွေရာသီမှာ မိမိ နံနက်ပိုင်းသွားပြီး ဒါန၊ သီလ၊ ဘာဝနာ တစ်နိုင်လုပ်တဲ့ စွန်းလွန်းဂူဝိပဿနာကျောင်းမှာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်တယ်၊ ကိုယ်ကလည်း စာသင်တာ ဝါသနာပါတော့ လုပ်အားပေးစာဝင်သင်တယ်၊ အတန်းက (၄) တန်းအဆင့် ကျောင်းသား/သူတွေ ငါးပါးသီလ၊ ရေအကျိုး ၁၀ ပါး စသည်တို့ကို သင်ပေးရတယ်၊ ဆရာနဲ့ ကျောင်းသားက နှစ် (၆၀) လောက်ကွာတော့ သတိထားပြီးသင်ရတယ်၊ ဘာသာရေးအခြေခံရှိအောင် သင်ပေးရတယ်၊ ရတနာ (၃) ပါး၊ မိဘ၊ ဆရာကို ဦးထိပ်ထားဖို့ မိမိဘဝအတွေ့အကြုံနဲ့ သင်ပေးလိုက်တယ်။

၃။ ၂၀၁၈ ခုနှစ် နွေရာသီမှာ တိုက်အုပ်ဆရာတော်က ကလေးတွေကို ဗုဒ္ဓဝင်အင်္ဂလိပ်လို သင်ပေးဖို့ ပြောလာတယ်။

နိမိတ်ကြီးလေးပါး (The Four Sights)

1. Everyone had to grow old.

၁။ အိုရမည်။

2. Everyone could get sick any time.

၂။ နာရမည်။

3. Have to die one day.

၃။ သေရမည်။

4. Made up his mind.

၄။ တောထွက်မည်.....ကို ကလေးတွေ အလွတ်ရအောင် သင်ပေးလိုက်တယ်။

တောထွက်တော်မူခန်း

- woke up at midnight
- left the Palace with his servant
- At River Anoma
- took out all jewellery
- put on a yellow robe
- cut off hair
- At that time, the prince was twenty-nine years old စတဲ့ အသုံးအနှုန်းလေးတွေကို နုတ်တိုက်ရအောင် သင်ပေးလိုက်တယ်၊

လူတိုင်းသေကြရတယ်၊ အချိန်မရွေးသေနိုင်တယ်၊ လူမသေဘူးတဲ့အိမ် မရှိကြောင်းကို သင်တဲ့အခါ အောက်ပါ စကားလုံးတွေကို သင်ပေးလိုက်တယ်၊

KISA GOTAMI အကြောင်းမှာပါတဲ့ စာပိုဒ်ကလေးတွေ

- where no one had died before
- could not find a house where no death, had taken place.
- she finally knew that death comes to everyone.

သင်ပေးတော့ ကလေးတွေ စိတ်ဝင်စားတယ်။ ဘာသာရေးအခြေခံကို သိသွားကြတယ်။

လူကြီးတွေလည်း သင်ပေးတယ်

၅။ ဥပဒေအကျိုးဆောင်တစ်ခုက ဖိတ်ကြားလို့ ရင်းနှီးမြှုပ်နှံမှုဥပဒေကို သင်ပေးတယ်၊ အလားတူပဲ မိတ်ဆွေတစ်ဦးက နာရေးကူညီမှုအသင်း (ရန်ကုန်) သုခအလင်းပညာဒါနမှာ စီးပွားရေး လုပ်ငန်းရှင်နဲ့ စိတ်ဝင်စားသူများကိုလည်း စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ဆွေးနွေးပေးပါတယ်။

ဘာတွေသင်မလဲစဉ်းစားကြည့်တယ်

၆။ မိမိက စီးပွားရေးတက္ကသိုလ်မှာ ၅ နှစ်ကြာအောင် စီးပွားရေးပညာဘွဲ့ (သချာ်စာရင်းအင်းပညာ) နဲ့ အောင်တယ်၊ နောက်ဆုံးနှစ်မှာ သာကေတမြို့နယ် စီးပွားရေးစစ်တမ်းကောက်ယူပြီး နောက်ဆုံးနှစ် စာတမ်းတင်ခဲ့တယ်၊ ဒုတိယနှစ်ကစပြီး စီးပွားရေးတက္ကသိုလ် သုတေသနဌာနနည်းပြဆရာဦးဇော်ဖေဝင်းနဲ့ စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ် ကျေးရွာ (၁၀) ရွာကို စီးပွားရေး စစ်တမ်းလိုက်ကောက်ခဲ့တယ်၊ ၁၉၇၀ ခုနှစ်ကပေါ့၊ အဲ့ဒီကစပြီး သုတေသနပါမောက္ခဒေါက်တာ ခင်မောင်ကြည်နဲ့ နီးစပ်ပြီး ဆရာကြီးခိုင်းတဲ့ စာရင်းအင်းပညာနမူနာကောက်နည်းတွေကို လေ့လာ၊ သိရှိအသုံးချသွားတတ်တယ်၊ ၁၉၇၄ / ၁၉၇၅ ခုနှစ်မှာ သုတေသနဌာနမှာ သုတေသနလက်ထောက်အဖြစ် လုပ်ခဲ့တယ်၊ ၁၉၇၅ ခုနှစ်မှာ PSC မှာဝင်ခွင့်စာမေးပွဲဖြေပြီး စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှာ အလုပ်သင်အရာရှိအဖြစ် ဝင်ရောက်အမှုထမ်းတယ်၊ ၁၉၈၆ မှ ၁၉၉၂ ခုနှစ်အထိ သံတွဲမြို့နယ် စီမံကိန်းမှူး၊ သံတွဲခရိုင်စီမံကိန်းမှူးတွေ လုပ်ခဲ့တယ်၊ ၁၉၇၆ မှ ၁၉၈၆ ထိ စာရင်းအင်းပညာ ကျူရှင်ဆရာလုပ်ခဲ့တယ်၊ ၁၉၉၄ မှ ၂၀၁၀ ထိ MIC ညွှန်ကြားရေးမှူးအထိ လုပ်ခဲ့တယ်။ DICA မှာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခဲ့တယ်ဆိုတော့၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးစနစ်များနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများသင်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဖြစ်စဉ် (၁၉၆၂ ခုနှစ် တပ်မတော်မှ ပထမအကြိမ် အာဏာသိမ်းရတယ်)

၇။ ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့တယ်၊ နိုင်ငံရေးအရ လွတ်လပ်သွားပေမဲ့ စီးပွားရေးမှာတော့ နိုင်ငံခြားသားတွေရဲ့ လက်ထဲမှာအဓိကရှိနေတယ်၊ ကုမ္ပဏီကြီးတွေ၊ ဘဏ်တွေ၊ ရေနံတွင်းတွေ၊ ပို့ဆောင်ရေးပိုင်းတွေ၊ ထုတ်လုပ်

ရေးစက်ရုံတွေက နိုင်ငံခြားသားတွေ လက်ထဲမှာရှိနေတယ်၊ ၁၉၄၈ နဲ့ ၁၉၆၂ ကြားမှာ ပါလီမန်စနစ်၊ သမ္မတစနစ်၊ ဝန်ကြီးချုပ်စနစ်ပေါ့၊ ဝန်ကြီးချုပ်ဦးနု၊ ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရကာလစသည့် မြန်မာ့နိုင်ငံရေးကလည်း တည်ငြိမ်မှု မရှိခဲ့တယ်ပေါ့၊ ဒါကြောင့်လည်း ၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီ တက်လာတယ်၊

၈။ ၁၉၆၂ မှာ နိုင်ငံခြားသား/ နိုင်ငံသားစီးပွားရေး လုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်တယ်၊ ထိုစဉ်က မိမိကလည်း (၁၂) နှစ်သား၊ (၇) တန်းကျောင်းသားဆိုတော့ မှတ်မိတယ်၊ မိမိတို့ အိမ်ဘေးက ရွှေလင်းယုန်စတိုးဆိုတာ ရှိတယ်၊ ဆိုင်ကို လုံခြုံရေးတွေချပြီး ချိတ်ပိတ်လိုက်တယ်၊ ပိုင်ရှင် မိသားစုက ဆိုင်နောက်ဘက်မှာပဲ နေခွင့်ရတယ်၊ ၁၉၆၃ ခုနှစ်မှာ ဘဏ်တွေကို ပြည်သူပိုင်သိမ်းလိုက်တယ်၊ အဲဒီကစပြီး နိုင်ငံပိုင်ဘဏ်တွေ ဖြစ်လာတယ်၊ ၁၉၆၄ ခုနှစ်မှာ ကိုယ်ပိုင်အထက်တန်းကျောင်းတွေဖြစ်တဲ့ စိန့် (st) ကျောင်းတွေကိုလည်း ပြည်သူပိုင်သိမ်းလိုက်တယ်၊

စီးပွားရေးစနစ်က နိုင်ငံပိုင်စီးပွားရေးစနစ်/ ပြည်သူပိုင် / အလုပ်သမား - လယ်သမားပိုင်ဆိုပြီး ဆိုရှယ်လစ် စီးပွား ရေးစနစ်ကို စတင်လိုက်တယ်၊ နိုင်ငံရေးပါတီက မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တစ်ခုတည်းသောပါတီ၊ စနစ်က ဆိုရှယ်လစ်စီးပွားရေးစနစ်၊ စီမံကိန်းချစီးပွားစနစ်၊ ဗဟိုထိန်းချုပ်မှုစနစ်လို့လည်း ခေါ်တယ်၊ ၁၉၇၄ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းတယ်၊ စီးပွားရေး စီမံကိန်းမှာလည်း၊ အနှစ် (၂၀)၊ စီမံကိန်းချမှတ်ပြီး ကာလတို (၄) နှစ် စီမံကိန်းများကာလရှည်နဲ့ ဘောင်ချပြီး၊ နှစ်စဉ် စီမံကိန်းများနဲ့ အကောင်အထည်ဖော်ခဲ့တယ်၊

၉။ ဆိုရှယ်လစ် စီးပွားရေးစနစ်မှာ ပိုင်ဆိုင်မှုကတော့ ပြည်သူပိုင် ၇၅% ၊ သမဝါယမနဲ့ ပုဂ္ဂလိကပိုင်က ၂၅%၊ ပုဂ္ဂလိကပိုင်ဆိုင်မှုကတော့ အနည်းဆုံးပါပဲ၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုကော်မတီအဆင့် ဆင့်ဖွဲ့ပြီး အကောင်အထည်ဖော်တယ်၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းတွေမှာ အစိုးရဝန်ထမ်းတွေနဲ့ စီမံခန့်ခွဲတယ်၊ အဲဒီကစပြီး တိုင်းပြည် စီးပွားရေးက တဖြည်းဖြည်းကျဆင်းလာခဲ့တယ်။ ၁၉၇၀ ခုနှစ် ၅ ကြိမ်မြောက် ကျွန်းဆွယ်အားကစား ပြိုင်ပွဲ ကျောင်းသားအရေးအခင်း၊ ၁၉၇၄ ခုနှစ် အလုပ်သမားအရေးအခင်း၊ ၁၉၇၅ ခုနှစ် ဦးသန့်အရေးအခင်း စတဲ့ မတည်ငြိမ်မှုတွေနဲ့အတူ တိုင်းပြည်စီးပွားရေးကလည်း ကျဆင်းလာတယ်၊ လယ်သမားထံမှ စပါးဝယ်ယူတဲ့ ၁၉၈၆ ခုနှစ် စိုက်/ကြပ် ကော်မတီနဲ့ အုပ်ချုပ်ရေးတို့ကို လယ်သမားများက မကျေနပ်မှုများ အားလုံးစုပြုံပြီး ၁၉၈၈ ခုနှစ်မှာ ၈ - ၈ - ၁၉၈၈ (၈၈၈၈) အရေးတော်ပုံ ပေါ်လာတော့တယ်။

၁၉၈၈ ခုနှစ် တပ်မတော်မှ ဒုတိယအကြိမ် အာဏာသိမ်းရတယ်

၁၀။ ၁၉၈၇ ခုနှစ် မိမိရန်ကုန်ကို တာဝန်နဲ့ရောက်တိုင်း ရန်ကုန်မြို့ကြီးမှာ ဆန္ဒပြပွဲတွေ မကြာခဏ ဖြစ်ပေါ်နေတယ်၊ ၁၉၈၈ ဩဂုတ်လ ၁၂ ရက်နေ့ နံနက်ပိုင်း၊ မိမိတို့ တာဝန်ထမ်းနေတဲ့ သံတွဲမြို့ ဈေးနားမှာ တက္ကသိုလ်ကျောင်းသားတွေ ရန်ဖြစ်တယ်ဆိုပြီး ရုန်းရင်းဆန်ခတ် တစ်စုဖြစ်တယ်၊ ကျောင်းသားများက သံတွဲဈေးခေါင်ပေါ်သို့ အုတ်ခဲများဖြင့် ထုလိုက်တဲ့အချိန်မှာ ဈေးတွင်းမှ ဈေးသည်များ လန့်ပြီး ထွက်ပြေးလာကြတယ်၊ အဲဒီအချိန်မှာ ကျောင်းသားများက အလံလွှင့်ပြီး ဒို့အရေး ဒို့အရေးဟု စတင်ကြွေးကြော်တယ်၊ လူအုပ်ကြီးကလည်း ကျောင်းသားများနောက်မှ လိုက်သွားကြတယ်၊ မြို့တွင်းလှည့်ပြီး သပိတ်စခန်း စတင်လိုက်တော့တယ်။

၁၁။ မိမိက မြို့နယ်စီမံကိန်းမှူးဆိုတော့ မြို့နယ်ပါတီ/ ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အစည်းအဝေးကို လိုက်ရတယ်၊ ၁၀-၈-၁၉၈၈ နေ့မှာ သံတွဲမှ စစ်တွေသို့ လေယာဉ်နဲ့သွားတယ်၊ လေယာဉ်ကျောက်ဖြူလေဆိပ် ခေတ္တဆင်းချိန်မှာ ကျောက်ဖြူမှာ မြို့လုံးကျွတ်ဆန္ဒပြနေပြီ၊ စစ်တွေရောက်ပြီး ပြည်နယ်ဂေဟာမှာ တည်းခိုတယ်၊ နေ့လည်ထမင်းထွက်စားတော့ ဈေးကိုပတ်ပြီး လူစုနေတယ်၊ ဆန္ဒပြလူအုပ်ကြီးက ပြည်နယ်ကောင်စီရုံးရှေ့ ရောက်လာတယ်။ ပြည်နယ်ကောင်စီ ဥက္ကဋ္ဌက အစည်းအဝေးအမြန်ထိုင်ပြီး မြို့နယ်ဥက္ကဋ္ဌများ မိမိမြို့နယ်များသို့ အမြန်ဆုံးပြန်ရန် ညွှန်ကြားတော့တယ်။

၁၂။ ဆန္ဒပြပွဲများဟာ တစ်နိုင်ငံလုံးပျံ့နှံ့သွားတယ်၊

၁၈-၉-၁၉၈၈ နေ့မှာ တပ်မတော်က အုပ်ချုပ်ရေးကို တာဝန်ယူလိုက်တယ်။ ပြည်သူတစ်ရပ်လုံးက ဆိုရှယ်လစ် စီးပွားရေးစနစ်၊ ဗဟိုထိန်းချုပ်မှုကို မကြိုက်ဘူး၊ ဒါကြောင့် တပ်မတော်ကနိုင်ငံရဲ့ စီးပွားရေးစနစ်ကို ကြေညာပေးရတယ်၊ ဆိုရှယ်လစ်စနစ်ကို ဖျက်သိမ်းကြောင်း ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ ဈေးကွက် စီးပွားရေးကို ကျင့်သုံးပေးမယ်လို့ ကြေညာလိုက်တယ်။

ဈေးကွက်စီးပွားရေးစနစ်

၁၃။ ဈေးကွက်ကို အခြေခံပြီး အစိုးရက ဗဟိုထိန်းချုပ်မှုကို လျော့ချပေးမယ်၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးမယ်၊ ပိုင်ဆိုင်မှုအချိုးအစားကိုလည်း နိုင်ငံပိုင် ၂၅%၊ သ/မနဲ့ ပုဂ္ဂလိကပိုင် ၇၅% အထိ ဆောင်ရွက်ပေးမယ်။ မူဝါဒတွေ ချမှတ်ပေးတယ်။ ဈေးကွက်စီးပွားရေး စနစ်ရဲ့ အနှစ်သာရက စားသုံးသူကို အဓိကအလေးပေးတဲ့ စနစ်ပါ၊ စားသုံးသူကြိုက်တဲ့ပစ္စည်းကို ကြိုက်ဈေးနဲ့ ကြိုက်တဲ့အချိန်မှာ ဝယ်ယူနိုင်တဲ့ စနစ်ကို ခေါ်တယ်။ MARKET ECONOMY, CONSUMER AS A KING လို့ တောင် တင်စားခေါ်ကြတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင် (FIC)

၁၄။ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ (၃၀) ရက်နေ့မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (FIL)ကို ပြဋ္ဌာန်းလိုက်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင် (FIC) ဥက္ကဋ္ဌမှာ ဗိုလ်မှူးချုပ်အောဘယ်လ်ဖြစ်တယ်။ သူက စီမံ/ဘဏ္ဍာနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနတို့ကို တာဝန်ယူသူဖြစ်တယ်။ FIC ရုံးကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်က အတွင်းရေးမှူးအနေနဲ့ တာဝန်ယူခဲ့တယ်။ ရုံးဝန်ထမ်းများကတော့ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြစ်တယ်၊

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)

၁၅။ နိုင်ငံတော်အကြီးအကဲက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမြဲအားကိုးနေလို့ မဖြစ်ဘူး၊ ဒါကြောင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၉၄ ခုနှစ် မတ်လမှာ ပြဋ္ဌာန်းပေးတယ်၊ ဥပဒေ (၂) ရပ်နဲ့ အလုပ်လုပ်နိုင်အောင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ကိုဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်မောင်ခင် (ရေ) (ဒုတိယဝန်ကြီးချုပ်) ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း (လေ) (ဒုတိယဝန်ကြီးချုပ်)၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ်အောဘယ်လ်၊ တွဲဘက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်၊ အဖွဲ့ဝင်များကတော့ စီးပွားရေးဆိုင်ရာဝန်ကြီးများ ဖြစ်ပါတယ်၊ ၁၉၉၄ ခုနှစ်မှာ DICA ဆိုတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနကို ဖွဲ့စည်းလိုက်တယ်၊ ရင်းနှီးမြှုပ်နှံမှုဌာနအတွက် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ စီးပွားရေးပညာတွဲ့ရလေ့ကျင့်ပြီး အရာထမ်း၊ အမှုထမ်းတွေဖြစ်တယ်၊ ကုမ္ပဏီဌာနအတွက် ကုန်သွယ်ရေးဦးစီးဌာန ကုမ္ပဏီမှတ်ပုံတင်ရုံးက အတွေ့အကြုံရှိပြီး အရာထမ်း၊ အမှုထမ်းတွေ ဖြစ်ပါတယ်၊

ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂) ခု

၁၆။ ထိုစဉ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၁၉၈၈)နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၁၉၉၄) တို့ကို ရေးဆွဲခဲ့သူတွေကတော့ စီမံ/ဘဏ္ဍာဝန်ကြီးက ဦးဆောင်ပြီး၊ စီးပွားရေးနဲ့ဥပဒေဌာနအသီးသီးက ပညာရှင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများဖြစ်တယ်၊ ဥပဒေ (၂) ရပ်လုံးမှာ တူညီတဲ့ အခွင့်အရေးတွေကတော့ (က) ဝင်ငွေခွန်ကင်းလွတ်ခွင့် ၃ နှစ် (ခ) ကုန်ကြမ်းတင်သွင်းခွင့် CUSTOM DUTY FREE ၃ နှစ် (ဂ) တည်ဆောက်ရေးကာလအတွင်း စက်ပစ္စည်းဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ CUTOM DUTY FREE နဲ့ တင်သွင်းခွင့်ပေးတယ်။ (ဃ) ပို့ကုန်၏ အမြတ် ၅၀% ကင်းလွတ်ခွင့်ပြုပါတယ်။ နိုင်ငံခြားကုမ္ပဏီကတော့ မြေဝယ်ယူခွင့်မရှိ။ မြေကို ငှါးနှိုင်မြေကိုသာ ငှားခွင့်ရှိတယ်။ မြေငှားရမ်း ကာလကတော့ ၃၀+(၅x၃)=၄၅ နှစ် ဖြစ်တယ်။ ကုမ္ပဏီမှာ ရှယ်ယာ ၁% ပါလျှင် နိုင်ငံခြား ကုမ္ပဏီဖြစ်တယ်။ အဲဒီဥပဒေ (၂) ရပ်နဲ့ ၂၀၁၀ ခုနှစ်အထိ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို

ဖိတ်ခေါ်ခဲ့တယ်။ MIC ဥက္ကဋ္ဌများကတော့ ၁၉၉၉ ခုနှစ်အထိ ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ ၂၀၀၀ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဦးသောင်း (ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)) (သိပ္ပံ/နည်းပညာဝန်ကြီး)၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ ဗိုလ်မှူးချုပ်မောင်မောင်သိမ်း (မွေး/ရေဝန်ကြီး) တို့ဖြစ်တယ်။

ပထမအကြိမ် ပြည်သူလွှတ်တော်

၁၇။ ၂၀၁၁ ခုနှစ်မှာ MIC ဥက္ကဋ္ဌက စီမံ/စီးပွားဝန်ကြီး ဦးတင်နိုင်သိန်း (ဗိုလ်မှူးချုပ် (ငြိမ်း))၊ ၂၀၁၂ ခုနှစ်မှာ MIC ဥက္ကဋ္ဌများကတော့ ဦးစိုးသိန်း (ဒုတိယဗိုလ်ချုပ်ကြီး(ရေ) ငြိမ်း)၊ ဦးဝင်းရှိန် (ဗိုလ်မှူးချုပ်၊ (ရေ) ငြိမ်း)၊ ဦးဇေယျာအောင် (ဗိုလ်ချုပ် (ငြိမ်း)) တို့ဖြစ်ပါတယ်။

၁၈။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁၉၈၈) ကို ပြင်ဆင်ပြီး ၂၀၁၂ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် ပြဋ္ဌာန်းလိုက်တယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၁၉၉၄) ကို ပြင်ဆင်ပြီး ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းလိုက်တယ်။ အဲဒီနှစ်မှာ ဥပဒေ (၂) ရပ်ကို ပေါင်းဖို့စတင်စဉ်းစားလာတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ရဲ့ နည်းဥပဒေထွက်မလာတော့ပါ။ ဥပဒေ (၂) ရပ်ပေါင်းပြီး DICA ရဲ့ DG က စတင်ရေးဆွဲတယ်။

၁၉။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ FIL (၂၀၁၂) နဲ့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ MCIL(၂၀၁၃) မှာ တူညီတာက ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်၊ ကုန်ကြမ်းတင်သွင်းခွင့် ၃ နှစ်၊ စက်ပစ္စည်း၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့်ပေးတယ်။ မြေငှားရမ်းခွင့်ကို နိုင်ငံခြားကုမ္ပဏီအနေနဲ့ ဌာနတွေသာမက ပုဂ္ဂလိကမြေပါ ငှားရမ်းနိုင်တယ်။ မြေငှားရမ်းကာလက ၅၀+(၁၀×၂)=၇၀ နှစ် ဖြစ်တယ်။

ဒုတိယအကြိမ် ပြည်သူလွှတ်တော်

၂၀။ ၂၀၁၆ ခုနှစ်မှာ MIC ဥက္ကဋ္ဌ ဦးကျော်ဝင်း (စီမံ/ဘဏ္ဍာဝန်ကြီး) ဖြစ်ခဲ့တယ်။ FIL နဲ့ MCIL နှစ်ခုပေါင်းပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) ကို ပြဋ္ဌာန်းလိုက်တယ်၊ ဥပဒေရဲ့ အခွင့်အရေးတွေကတော့၊ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ဇုန် (၁) (၂) (၃) ခွဲပြီး ၇ နှစ်၊ ၅ နှစ်၊ ၃ နှစ်စီပေးတယ်။ ကုန်ကြမ်းတင်သွင်းခွင့်ကတော့ ပို့ကုန်တင်ပို့နိုင်မှသာ အကောက်ခွန်ကင်းလွတ်ခွင့်ပေးတယ်၊ CMP ကုန်ကြမ်းကတော့ မူလသဘာဝအတိုင်း CD Free ပါပဲ။ စက်ပစ္စည်းနဲ့ ပြည်တွင်းမှာမရရှိနိုင်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းကိုသာ အခွန်ကင်းလွတ်ခွင့်ပေးပါတယ်၊ နိုင်ငံခြားကုမ္ပဏီက မြေကို ပုဂ္ဂလိကနဲ့ အစိုးရထံမှ ငှားရမ်းနိုင်တယ်၊ ငှားရမ်း ကာလကတော့ ၅၀+(၁၀×၂)=၇၀ နှစ်အထိ ပေးပါတယ်။ နိုင်ငံခြားသားရှယ်ယာ ၃၅% အထိကို မြန်မာကုမ္ပဏီလို့ ၂၀၁၇ ခုနှစ် ကုမ္ပဏီဥပဒေက ဆိုထားတယ်၊ နိုင်ငံခြားသားအနေနဲ့ မြေပိုင်ဆိုင်ခွင့်မရှိပါ။

၂၁။ ၂၀၁၈ ခုနှစ်မှာ အစိုးရအဖွဲ့ရုံးဝန်ကြီး ဦးသောင်းထွန်း ဥက္ကဋ္ဌ ဖြစ်လာတယ်၊ မကြာမီမှာဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို DICA နဲ့ FERD ဖြင့်ဖွဲ့စည်းလိုက် တယ်၊ ဦးသောင်းထွန်းက ဝန်ကြီးဌာနအသစ်ရဲ့ ဝန်ကြီးဖြစ်လာတယ်။

၂၂။ မိမိအနေနဲ့ MIC မှာ (၂၀၁၀) အသက် ၆၀ အထိ၊ ၄င်းအပြင် ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ များမှာ ကျွမ်းကျင်သူ/အကြံပေးအနေနဲ့ လုပ်ခဲ့ရလို့ MIC သည် မိမိဘဝအထွေထွေထဲက အစိတ်အပိုင်းတစ်ခုလို့ ပြောနိုင်လေမလားလို့ပါ ဗျာ--------

လူမှုနေရာမှုန် ဆိုရာဝယ်

|ဒေါက်တာညီညီမောင်|

နိဒါန်း

မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ လူတိုင်းအခြေတကျပြောဆိုနေလေ့ရှိတဲ့ လူမှုနေရာမှန်မရှိလို့ မတိုးတက်တာ၊ မအောင်မြင်တာဆိုတဲ့ အယူအဆက အတော်ကို တွင်ကျယ်ခဲ့ပါတယ်။ စာရေးသူကိုယ်တိုင်လည်း လူမှုနေရာမှန်ကိစ္စအတွက် အတော်လေးကို အမျိုးမျိုး ဆင်ခြင်သုံးသပ်ခဲ့ဖူးပါတယ်။ စာရေးသူ ငယ်စဉ်ကတော့ လူမှုနေရာမှန် မရှိရတဲ့ကိစ္စအပေါ် အတော်လေးကို စိတ်ပျက်မိခဲ့တာ ဝန်ခံပါတယ်။ ဒါပေမဲ့ လူမှုန် နေရာမှန် ဖြစ်ဖို့ဆိုတာ မြန်မာနိုင်ငံတော် စတင်တည်ထောင်စဉ်ကတည်းက မဖြစ်ခဲ့တဲ့ အမှန်တရားတစ်ခုအတွက် ခုအချိန်မှာတော့ စာရေးသူအနေဖြင့် အမြင်တစ်မျိုးဘက်က အပြုသဘောဆောင်ရေးသားလိုစိတ် ပေါ်ပေါက်လာခဲ့ပါတယ်။ အမြင်မတူရင်

လည်း စိတ်မခုကြစေချင်ပါဘူး။ ဒါပေမဲ့ ပေးချင်တဲ့ ထိထိရောက်ရောက် အတွေးလေးတစ်ခုကို ပိုမိုအတွေးပွားစေနိုင်ဖို့ ရည်ရွယ်ပြီး ဒီဆောင်းပါးကို ရေးသားလိုက်ရပါတယ်။

လူမှုန်နေရာမှန်ဖြစ်ရေးနှင့် ပညာရေးအခြေခံအားနည်းချက်

လူမှုန်နေရာမှန်ကိစ္စကို ပြောတော့မည်ဆိုလျှင် အလုပ်ခွင်ကိစ္စ၊ ရာထူးဌာနန္တရကိစ္စ၊ ပညာအပေါ် အသုံးချနိုင်မှု/ အသုံးမချတတ်မှု စသည့်အခြေခံအချက်များကို သေချာတွေးခေါ်ဖို့ လိုအပ်လာမည်လို့ ယူဆမိပါတယ်။ လွတ်လပ်ရေးရပြီးကာလကစပြီး မြန်မာ့ပညာရေးစနစ်က တွေးခေါ်ကြံဆနိုင်ဖို့ ဝေးစွ၊ ရရှိထားတဲ့ဘွဲ့ဒီဂရီ၊ လက်မှတ်နှင့် လိုက်လျောညီထွေတဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိဖို့က အတော်ပင် ဝေးနေခဲ့တာကလည်း အမှန်ပါပဲ။ (ဥပမာပြရလျှင် အင်ဂျင်နီယာ/ဆရာဝန်များနှင့် သက်ဆိုင်တဲ့ ဌာနတွေမှာ အီကိုဆင်းများက ဦးစီးအရာရှိ ဌေစာရင်း စသည်အဆင့်များဖြင့်သာ ရာထူး ဆက်လက်ခံစားပိုင်ခွင့်များ ဆုံးရှုံးရသည့်ကိစ္စရပ်များစွာကို တွေ့ရှိကြရမှာပါ။) ဒီလိုပါပဲ ပညာရပ်ဆိုင်ရာနဲ့ မသက်ဆိုင်ဘူးလို့ ယူဆကြတဲ့ မြန်မာ့လူအသိုင်းအဝိုင်းမှာ ခုနကလို ပြဿနာတွေ ဒုနဲ့ဒေး ဆိုတာ အားလုံးသိရှိကြပြီး ဖြစ်မှာပါ။ ဒီလူက ကိုယ်နဲ့ မဆိုင်သည့် အလုပ်နေရာမှာ လာလုပ်နေတာ။ သူကတော့ ဘာမှ သိမှာ မဟုတ်ဘူး၊ ဘွဲ့နဲ့အလုပ်က တခြားစီ စသည် စသည် အတွေးအခေါ်ဟောင်းများကလည်း အရပ်သား အသိုင်းအဝိုင်းရော၊ ဝန်ထမ်းအသိုင်းအဝိုင်းမှာပါ အုပ်ချုပ်သူလူတန်းစား အတော်များများမှာပါ အမြစ်တွယ်တည်ရှိနေတာပါ။ အဓိကဆိုလိုတာက ရယူခဲ့တဲ့ အတတ်ပညာကလည်း အသုံးချနိုင်လောက်အောင် မရခဲ့ဘဲ အားနည်းခဲ့ပြီး သက်ဆိုင်ရာ အလုပ်နေရာကလည်း ရှားပါးမှုတွေက လူတွေကို အဆင်ပြေတဲ့ အလုပ်နေရာတွေ မှာ အလျဉ်းသင့်သလို ဖြစ်ချင်သလို ဖြစ်နေခဲ့ကြတာမျိုးဆိုရင် စိတ်ခုကြလေမလား မသိနိုင်ပါ။ ဒါပေမဲ့ စာရေးသူအနေဖြင့် အတုယူရသော၊ အရည်အချင်းပြည့်ဝသော လူပုဂ္ဂိုလ် အတော်များများကို သူတို့အောင်မြင်နေတဲ့ အလုပ်ဝန်းကျင်တွေကို ပြန်ကြည့်လိုက်တဲ့အခါ ယူခဲ့တဲ့ဘွဲ့နှင့် လုပ်နေတဲ့ အလုပ်နေရာဟာ ကိုက်ညီကြသူ အတော်နည်းပါးပြီး တာဝန်ကျရာနေရာမှာ အထူးချွန်ဆုံး လုပ်ကိုင်နေကြသူများ ဖြစ်နေတာကို တွေ့ရှိကြရပါတယ်။

ဒါဆိုရင် စာဖတ်သူတို့အနေဖြင့် တွေးစရာအတွေးနည်းနည်းလေးတော့ ရလာမည် ထင်ပါတယ်။ ဒါ့အပြင် ကိုယ့်ပတ်ဝန်းကျင်ကို ပြန်ငဲ့ကြည့်လိုက်လျှင်လည်း ဆရာဝန် ကျွှေ့ရှင်ဆရာ၊ အင်ဂျင်နီယာစီးပွားရေးသမား၊ ဆရာဝန်အနုပညာရှင်များ၊ အောင်မြင်နေတဲ့ စာရေးဆရာများ စသည် များစွာသော အောင်မြင်မှုရရှိနေကြတဲ့ ပုဂ္ဂိုလ်များကို အထင်အရှားတွေ့မြင်ကြရမှာပါ။ ပုစ္ဆာတိုင်းမှာ အဖြေတော့ ရှိတတ်ကြပါတယ်။ ဒါပေမဲ့ လက်ခံတဲ့ သူများအပေါ်တွင်သာ မူတည်နေတာလည်း ဖြစ်ပါတယ်။

ဌာနဆိုင်ရာလုပ်ငန်းခွင်နှင့် လူမှုန်နေရာမှန်ကိစ္စ

ဌာနဆိုင်ရာအတော်များများမှာ အထက်က ပေးခဲ့တဲ့ ဥပမာအတိုင်း ဖြစ်နေကြတဲ့ သာဓကများစွာနှင့် နစ်နာနေရတဲ့ ဘွဲ့နှင့်မကိုက်လို့ ရာထူးတိုး၊ နိုင်ငံခြားခရီး၊ ဆက်လက်ပညာသင်ခွင့် အခွင့်အရေး စသည့်ကိစ္စရပ်များစွာအတွက် ခံစားနေကြရတဲ့ လူအများ အတော်များပြားနေမည်မှာ အသေအချာပါ။ ဘယ်ဘွဲ့မဆို ခန့်ထားနိုင်တဲ့ ဌာနဆိုင်ရာ လုပ်ငန်းတွေနဲ့ သက်ဆိုင်တဲ့ ပညာတတ်မှ ခန့်ထားနိုင်တဲ့ လုပ်ငန်းနေရာတွေ များစွာရှိနေတာလည်းဖြစ်ပါတယ်။ စာရေးသူရဲ့ ဆိုလိုချက်ကို စာဖတ်နေရင်းမှာ သဘောပေါက်လာလိမ့်မည်လို့ ယုံကြည်ပါတယ်။ ထင်ရှားတဲ့ ဥပမာတစ်ခု ပေးချင်တာရှိပါတယ်။ စာရင်းစစ် ဌာနဆိုကြပါစို့။ အလုပ်အကိုင်ခေါ်တိုင်း Eco ဘွဲ့ရ B.com ဘွဲ့ရများကို ခေါ်လေ့ရှိပါတယ်။ တကယ်တမ်းကြတော့ ထိထိရောက်ရောက် လုပ်ငန်းဆောင်တာတွေကို စစ်ဆေးနိုင်ဖို့ဆိုရင် သက်ဆိုင်ရာ ဘာသာရပ် ကျွမ်းကျင်သူများပါဝင်တဲ့ စစ်ဆေးသူတွေကသာ နည်းပညာ၊ ဆေးပညာနှင့် တတ်သိပညာတွေကို သိမြင်နိုင်တာပါ။ စာရွက်ထဲမှာပါဝင်တဲ့ စာရင်းအတိုင်း ဝယ်ယူထားတဲ့ ဘောက်ချာနှင့် အပြင်ပေါက်ဈေးတိုက်ပြီး ကိုက်မကိုက် စစ်တာထက် ဒီပစ္စည်းက အမှန်တကယ်လိုအပ်တဲ့ ပစ္စည်းလား ဒီစီမံကိန်းနှင့်ရော ကိုက်ညီရဲ့လား၊ နိုင်ငံတော် ဘတ်ဂျက်တွေကို လေလွင့်စေတာလား စသည်ဖြင့် နားလည်တဲ့ သက်ဆိုင်ရာ

အတတ်ပညာကို တတ်ကျွမ်းနားလည်သူတွေသာ ရှိခဲ့မည်ဆိုလျှင် ပိုပြီးထိရောက်မှုရှိမှာကလည်း အသေအချာပင်။ ဆေးပညာဌာနကို သွားစစ်လျှင် စာရင်းအင်း ပညာနားလည်သူအပါအဝင် သက်ဆိုင်တဲ့ ဆေးပညာကို တတ်ကျွမ်းသူများပါ တစ်ပါတည်း ပါဝင်စစ်ဆေးနိုင်မည်ဆိုပါလျှင် နိုင်ငံအတွက် ထိရောက်အကျိုးများပြီး လေလွင့်မှု နည်းပါးသက်သာစေမှာလည်း ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ အဆောက်အဦများ ဆောက်လုပ်ပြီးစီးတဲ့အခါ အရည်အသွေးစစ်ဆေးခြင်း ပြုလုပ်ပြီးမှ လက်ခံတဲ့ ထုံးစံဆိုပေမဲ့ အရည်အသွေးမမီဘဲ နေထိုင်သူများအဖို့ အခက်ကြုံနေရတဲ့ ဝန်ထမ်းအိမ်ရာများ၊ ပုဂ္ဂလိက အဆောက်အဦများက နေရေးထိုင်ရေး ခက်ခဲစေတာကိုလည်း ညည်းတွားသံများကို လူမှုကွန်ရက်သုံးသူတိုင်း ဖတ်လို့မကုန်နိုင်အောင် မြင်ရဖတ်ရကြားရမှာပါ။ ဒါက အထက်က ဥပမာ စာရင်းစစ်တဲ့ နေရာမှာ တည်ဆောက်ရေးလုပ်ငန်း နားလည်တတ်ကျွမ်းသူများ မပါဝင်ခြင်းရဲ့ ရလဒ်တစ်ခုပါ။ တကယ်တော့ လာဘ်ပေးလာဘ်ယူနဲ့ ယဉ်ပါးခဲ့တဲ့ စာရေးသူတို့ နိုင်ငံအဖို့ မည်သည့်နေရာမဆို တိကျတဲ့ သေချာတဲ့ စာရင်းတွေ အမှန်တကယ်လိုအပ်တဲ့ ပစ္စည်းတွေအစား လေလွင့်လျော့ပါးစေတဲ့ အကြောင်းအရာများစွာက နိုင်ငံဆင်းရဲခြင်းကို ပိုမိုအခွန့်ရှည် စေတာလည်းဖြစ်ပါတယ်။

စာရေးသူရေးပြချင်တာကို နားလည်သဘောပေါက်လောက်ပြီထင်ပါတယ်။ ဌာနတိုင်းမှာ လက်ရှိခေတ်ကာလများအရ သက်ဆိုင်တဲ့ ဌာနတိုင်းအတွက် သက်ဆိုင်တဲ့ ပညာတတ်သိတဲ့ ပုဂ္ဂိုလ်တွေ လိုအပ်နေတာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ လိုအပ်ချက်နဲ့ မကိုက်ညီတဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေမဟုတ်ခဲ့ရင်တောင် ဌာနလုပ်ငန်းတွေအပေါ် အာရုံစူးစိုက်ပြီး ထပ်မံလေ့လာလိုက်စားတဲ့သူတွေရှိနေ ရင် အဲဒီဌာနဟာ ရည်မှန်းချက်တွေကို မလွဲ ရောက်ရှိနိုင်မှာပါ။ ဆိုလိုတာက လူမှုနေရာမှုန် ဆိုတာဟာ အသုံးတည့်သူကို တတ်ကျွမ်းသူကို သူနဲ့ ကိုက်ညီတဲ့နေရာကို ဘက်မလိုက်ဘဲ ထားရှိဖို့လိုသလို သူရသင့်ရထိုက်တဲ့ အခွင့်အရေးကိုလည်း ပေးအပ်ဖို့လည်း လိုပါတယ်။ ဒါမှ လုပ်ငန်းခွင်မှာ စိတ်နှစ်ပြီး လုပ်ကိုင်အောင်မြင်နိုင်ကြမှာပါ။ လုပ်ငန်းခွင်ပျော်သူတွေဖြစ်လာနိုင်မှာပါ။

သုံးသပ်ချက်နှင့် နိဂုံး

စာရေးသူ အသိပေး၊ သတိပေးလိုတာက ကိုယ်နဲ့မသက်ဆိုင်တဲ့ အလုပ်ဝန်းကျင် အောင်မြင်မှုရနေတဲ့ စံပြပုဂ္ဂိုလ်များစွာကို အတုယူကြည့်လိုက်လျှင် လုပ်ငန်းသဘောတရားကို နားလည်တတ်ကျွမ်းအောင် လေ့လာဆည်းပူးထားခြင်း၊ မိမိကိုယ်ကို ဌာနအတွက် အမြဲအဆင်သင့်ဖြစ်အောင် ကြိုးစားနေခြင်း၊ ဌာနအတွက် လိုအပ်လာနိုင်မည့် ကိစ္စရပ်များကို ကြိုတင် လေ့လာဆည်းပူး ပြင်ဆင်ထားခြင်းနှင့် လုပ်ငန်းအပေါ် တာဝန်ကျေလုပ်ခြင်းထက် စေတနာပါ အဆစ်ထည့်ပြီး စွမ်းစွမ်းတမံ လုပ်ဆောင်တတ်သူများ ဖြစ်နေတာကို တွေ့ကြရမှာပါ။ အခြေခံဘွဲ့တစ်ခုရထားသူအတွက် (အထူးလိုအပ်တဲ့ ကိစ္စရပ်များမှတစ်ပါး) ဘယ်နေရာ၊ ဘယ်ဒေသ ဘယ်အလုပ်ဝန်းကျင်မှာမဆို နားမလည် သည်ကို နားလည်တတ်ကျွမ်းအောင်၊ မရှက်မကြောက်ဘဲ စုဆောင်းတတ်သူဖြစ်ဖို့၊ မိမိကိုယ်တိုင် လိုအပ်သည်များကို အချိန်တိုင်း ဖြည့်ဆည်းနေတတ်သူဖြစ်ဖို့နှင့် စေတနာထား လုပ်ကိုင်တတ်ပြီး ဌာနအတွက် အမြဲအဆင်သင့်ဖြစ်နေစေဖို့ လုပ်ဆောင်နေသူများအဖို့ တော့ လူမှုန် နေရာမှုန် အမြဲ ဖြစ်နေမှာဖြစ်ပါတယ်။ မလုပ်မရှုပ်၊ မပြုတ်၊ ဘူးတစ်လုံး အမြဲဆောင်နေသူများအဖို့တော့ သက်ဆိုင်တဲ့ ဌာနပဲ ရောက်ရောက်၊ မသက်ဆိုင်တဲ့ ဌာနပဲရောက်ရောက် ထိုပုဂ္ဂိုလ်အတွက်ရော၊ ဌာနအတွက်ရော၊ လုပ်ငန်းခွင်အတွက်ပါ အကျိုးမဲ့ အချည်းနှီးဖြစ်စေမှာပါ။ စာရေးသူအနေဖြင့် အကြံပြုပေးချင်တာကတော့ အမြဲ ကြိုးစားနေသူအဖို့ ကိုယ်ရောက်တဲ့ နေရာမှာ ကိုယ်လိုအပ်နေတာကို ဖြည့်ဆည်းရင်း ဘဝ ရည်မှန်းချက်များကို အသေအချာပြင်ဆင်ချီတက်ပါလို့ တိုက်တွန်းလိုပါတယ်။ လူမှုန် နေရာမှုန် ဖြစ်ခြင်းဆိုတာ သက်ဆိုင်ရာလုပ်ငန်းခွင်မှာ ကိုယ့်ရဲ့အတတ်ပညာ၊ အသိပညာကို ရှုထောင့်တစ်ခုကနေ အသုံးတည့် အသုံးဝင်အောင် စေတနာအပြည့်ဖြင့် ဌာန/လုပ်ငန်း ရည်မှန်းချက်ပေါက်မြောက်ဖို့ ကြိုးစားနေသူဝန်ထမ်းများအဖို့ လူမှုန်နေရာမှုန်မှာ ရောက်နေသူများပါလို့ပဲ သုံးသပ်တင်ပြရင်း နိဂုံးချုပ်လိုက်ရပါတယ်။

ဆင်းရဲနွမ်းပါးမှုနှင့် အဆိုးသံသရာ

|ဝင်းဝင်းဝါ|

ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီဖြင့် ဗဟိုစာရင်းအင်းအဖွဲ့မှ မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်း (၂၀၁၇) ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတစ်ဝန်း ကောက်ယူခဲ့ပြီး ထိုစစ်တမ်းမှ ရရှိသည့် အချက်အလက်များဖြင့် စိစစ်ပြုစုထားသည့် အစီရင်ခံစာ ၃ ခုလုံးကို အစီအစဉ်အလိုက် ထုတ်ပြန်ပြီးစီးတော့မည်ဖြစ်ပါသည်။ ပထမဆုံးထုတ်ပြန်ခဲ့သည့် အဓိကညွှန်ကိန်းများ အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ပြီး ဒုတိယအစီရင်ခံစာဖြစ်သည့် ဆင်းရဲနွမ်းပါးမှု အစီရင်ခံ စာကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ နောက်ဆုံး အစီရင်ခံစာ ဖြစ်သည့် လူမှု-စီးပွား အစီရင်ခံစာကိုလည်း ဒုတိယအစီရင်ခံစာနှင့် အချိန်ကွာဟမှု မရှိစေဘဲ ထုတ်ပြန်နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

အဓိကညွှန်ကိန်းများ အစီရင်ခံစာတွင် ပါဝင်သည့် ကိန်းဂဏန်းအချက်အလက်များသည် စစ်တမ်းကြီးတစ်ခုလုံး၏ အဓိကအရေးပါသည့် အချက်အလက်များအား မီးမောင်းထိုးပြနိုင်ရန် ရည်ရွယ်၍ ကောက်နုတ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ ဒုတိယအစီရင်ခံစာဖြစ်သည့် ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာတွင် ဆင်းရဲမှု၊ မညီမျှမှုများနှင့် အနိမ့်အမြင့် ကွာဟမှုများကို အဓိက ကောက်နုတ်ထုတ်ပြန်ခဲ့ပါသည်။ တတိယအစီရင်ခံစာဖြစ်သည့် လူမှု-စီးပွားအစီရင်ခံစာတွင် မြန်မာနိုင်ငံလူဦးရေ၏ နေထိုင်စားသောက်မှုပုံစံ အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

အဓိကညွှန်ကိန်းများအစီရင်ခံစာတွင် လူဦးရေနှင့် ပထဝီဝင်အနေအထား၊ စွမ်းအင်နှင့် လျှပ်စစ်အသုံးပြုမှု၊ ပိုင်ဆိုင်ပစ္စည်း၊ ရေနှင့် မိလ္လာအသုံးပြုမှု၊ နည်းပညာဆိုင်ရာ မိုဘိုင်းဖုန်း၊ ကွန်ပျူတာနှင့် အင်တာနက်အသုံးပြုမှု၊ ပညာရေးအခြေအနေ၊ အလုပ်အကိုင် အခြေအနေစသည့် အခန်း(၈)ခန်းပါဝင်ပြီး ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာတွင် ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ ပျော်ရွှင်စိတ် ကျေနပ်မှု အခြေအနေများနှင့် ဆင်းရဲနွမ်းပါးမှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို အခန်း (၃) ခန်းအနေဖြင့် ခွဲခြားတင်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို ယေဘုယျအားဖြင့် အဓိပ္ပါယ်ဖွင့်မည်ဆိုပါက နေထိုင် စားသောက်မှုပုံစံ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ လူ့အရည်အသွေးနိမ့်ကျခြင်း သဘောကိုဆောင်နေပြီး နောက်ဆက်တွဲများအဖြစ် အားနည်း၍ အနိုင်ကျင့်ခံရခြင်းနှင့် လူ့ဘောင်အတွင်း ဝင်ဆံ့မှု မရှိခြင်း သဘောတရားတို့ကို တွေ့ရမည်ဖြစ်ပါသည်။ နည်းပညာရပ် တိုင်းတာချက်အရ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသူများကို တစ်နေ့ဝင်ငွေ ၁၅၉၀ ကျပ်အောက် ရောက်နေသူများအား သတ်မှတ်ပြီး **၂၀၀၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အား နှိုင်းယှဉ်ပါက ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၄၈.၂ ရာခိုင်နှုန်းမှ ၂၄.၈ ရာခိုင်နှုန်းသို့** ကျဆင်းသွားကြောင်း အစီရင်ခံစာမှ ဖော်ပြထားပါသည်။

ထို့အပြင် ဆင်းရဲနွမ်းပါးမှုသည် နေရာဒေသကို လိုက်၍ ကွာခြားမှုရှိပြီး မြန်မာနိုင်ငံတွင် ချင်းပြည်နယ်သည် ၅၈ ရာခိုင်နှုန်းဖြင့် အဆင်းရဲဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်သည် ၄၁.၆ ရာခိုင်နှုန်းဖြင့် ဒုတိယအဆင်းရဲဆုံးဖြစ်ကြောင်း အစီရင်ခံစာမှ သိရှိရပါသည်။ **ဤကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုသည် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်မှုရှိပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးတို့နှင့်လည်း ဆက်စပ်နေကြောင်း တွေ့ရှိနိုင်ပါသည်။**

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ဆင်းရဲနွမ်းပါးသူဦးရေ ကွာခြားခြင်းသည် လူဦးရေအရွယ်အစား ခြားနားခြင်းနှင့်လည်း သက်ဆိုင်လျက်ရှိပါသည်။ ဥပမာဆိုရပါမူ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းတွင် ကယားပြည်နယ်သည် ဧရာဝတီတိုင်းဒေသကြီးထက် များသော်လည်း ဆင်းရဲသူဦးရေတွင် အနည်းဆုံးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးသည် ဆင်းရဲသူဦးရေအများဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ **ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းနှင့် ဦးရေသည် သာမန်အားဖြင့် ကြည့်သော် တူသည်ဟု ထင်ရသော်လည်း လက်တွေ့တွင် ကွာခြားကြောင်း အစီရင်ခံစာမှ သိရှိရပါသည်။**

အစီရင်ခံစာတွင် ဆင်းရဲနွမ်းပါးမှုမျဉ်းဖြစ်သည့် တစ်နေ့လုပ်အားခ ၁၅၉၀ ကျပ် အောက် ရောက်နေသူများကို ဆင်းရဲနွမ်းပါးသူ၊ ဆင်းရဲနွမ်းပါးမှုမျဉ်းအထက်တွင် ဖြစ်သော်လည်း ထိုမျဉ်းနှင့် နီးကပ်စွာတည်ရှိနေသူများကို ဆင်းရဲနွမ်းပါးခြင်းမရှိသော်လည်း အခြေခိုင်မာမှု မရှိသေးသူ၊ ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့် ဝေးကွာနေသူများကို ဆင်းရဲနွမ်းပါးမှုမရှိသူဟူ၍ လူတန်းစားသုံးမျိုးကို တွေ့ရှိနိုင်ပြီး **ဆင်းရဲနွမ်းပါးခြင်း မရှိသော်လည်း အခြေခိုင်မာမှု မရှိသေးသူများအား ထိခိုက်လွယ် သောအုပ်စုဟု သတ်မှတ်နိုင်ပါသည်။ ၄င်းတို့သည် အလွယ်တကူပင် မမျှော်မှန်းနိုင်သည့် ဘေး အန္တရာယ်များကြောင့် ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်သို့ ပြန်လည်ရောက်ရှိသွားနိုင်ကြောင်း အစီရင်ခံစာမှ သိရှိရပါသည်။**

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကို ကြုံတွေ့ရင်ဆိုင်နေရ

သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးသည် လွန်စွာအထိနာခဲ့ရပါသည်။ အစီရင်ခံစာအရ ရာသီဥတုဇော် ခံစားရမှုသည် မြို့ပြတွင် ၃၂ ရာခိုင်နှုန်း နှင့် ကျေးလက်တွင် ၄၆ ရာခိုင်နှုန်းပို၍ ခံစားရကြောင်း တွေ့ရှိရပြီး **မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသတို့သည် ဘေးအန္တရာယ်ကျရောက်မှု များပြား၍ ကမ်းရိုးတန်းဒေသသည် ထိတွေ့နိုင်ချေနည်းပါးသည်ကို သိရှိခဲ့ရပါသည်။**

အစီရင်ခံစာတွင် အိမ်ထောင်စု အရွယ်အစားကြီးမားပြီး ကလေးဦးရေများပြားခြင်း၊ အိမ်ထောင်ဦးစီးပညာတတ်မြောက်မှု နည်းပါးခြင်းစသည့်အချက်များသည် ဆင်းရဲနွမ်းပါးမှုဖြစ်နိုင်ချေ ပိုမိုများပြားပြီး မဆင်းရဲသောသူများသည် ကောင်းမွန်သော အချက်အချာကျသည့် နေရာဒေသတွင် နေထိုင်ကြ၍ အိမ်ထောင်စု အရွယ်အစားသည်လည်း သေးငယ်သည်ကို တွေ့ရပါသည်။ **ကျောင်းမနေဖူးသော၊ မူလတန်းပညာရေးအား ပြီးမြောက်အောင် မသင်ဖူးသော၊ ဘုန်းတော်ကြီးသင် ပညာရေးကိုသာ တက်ဖူးသော အိမ်ထောင်ဦးစီးမှ အိမ်ထောင်စုဝင်များသည် ပို၍ပညာတတ်မြောက်သော အိမ်ထောင်ဦးစီး၏ အိမ်ထောင်စုဝင်များထက် နှစ်ဆပို၍ ဆင်းရဲကြသည်ကို သိရှိရပါသည်။**

အစီရင်ခံစာအရ ဆင်းရဲနွမ်းပါးမှုနှုန်း လျော့ကျလာသည်ဆိုသော်လည်း လုံးဝဥဿုံ ပပျောက်နိုင်မှုသည် လွန်စွာခက်ခဲနေပါသေးသည်။ **ဆင်းရဲနွမ်းပါးသူ ဖြစ်လာသည်နှင့်အမျှ ပညာတတ်မြောက်မှု မရှိခြင်း၊ အလုပ်အကိုင်ကောင်း မရရှိနိုင်ခြင်း၊ ပြည့်စုံသည့် အခြေအနေတွင် မရပ်တည်နိုင်ခြင်း စသည်တို့ ဆင့်ကဲဖြစ်ပေါ်လာပြီး ပြည့်စုံသည့် အခြေအနေမရှိသည့် မိဘများမှာ အလုပ်အကိုင်ကောင်းမွန်ခြင်း မရှိကြ၍ မိမိတို့သားသမီးများကိုလည်း ပညာတတ်မြောက်အောင် သင်ကြားပေးနိုင်ခြင်း မရှိသဖြင့် ဆင်းရဲနွမ်းပါးသူဖြစ်ရခြင်း** စသည့်အဆိုးသံသရာတွင် ရှေ့မှ နောက်သို့ နောက်မှရှေ့သို့ လည်ပတ်နေရပြီး မိဘနေရာရောက်လာချိန်တွင်လည်း နောက်ဆက်တွဲပြဿနာများဖြစ်သည့် ကလေးများအား ပညာသင်မပေးနိုင်ခြင်း၊ ကလေးအရွယ်မရောက်မီ အလုပ်ခိုင်းစေကြရခြင်း၊ မိဘများ၏ အုပ်ထိန်းမှု လစ်ဟာချက်များကြောင့် အနိုင်ကျင့် စော်ကားခံရခြင်း၊ ပညာဗဟုသုတနည်းပါး၍ မိဘနေရာသို့ အချိန်မတိုင်မီ စောစီးစွာရောက်ကြခြင်းစသည်တို့ တွေ့ကြုံကြရပါသည်။

အဆိုးသံသရာကို အလုံးစုံ ဖျောက်ဖျက်နိုင်ဖို့ မလွယ်ကူသော်လည်း အခြေအနေအတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးရန် လိုအပ်ပြီး ထိုမြှင့်တင်ခြင်းလုပ်ငန်းစဉ် စီမံကိန်းများသည်လည်း ဆင်းရဲမွဲသံသရာအတွင်း ရှိကြသည့် လူဦးရေအား အဓိက ရှာဖွေတွေ့ရှိနိုင်ရန် လိုအပ်ပါသည်။ အဓိကအားဖြင့် ဆင်းရဲနွမ်းပါးမှုအား သန့်ရှင်းသောရေ အသုံးမပြုနိုင်ခြင်းနှင့် အာဟာရပြည့်ဝသည့် အစားအစာ စားသုံးနိုင်မှုမရှိခြင်း၊ လူမှုနေထိုင်မှုဘဝ နိမ့်ကျခြင်း (သို့) အလုပ်အကိုင် ပြတ်လပ်ခြင်း၊ ပြည်တွင်းပဋိပက္ခများ ဖြစ်ပေါ်ခြင်း၊ အရည်အချင်းမပြည့်ဝခြင်း၊ ပညာတတ်မြောက်မှု နည်းပါးခြင်း၊ ရာသီဥတု ဖောက်ပြန်မှုကို ခံစားရခြင်း၊ အခြေခံအဆောက်အအုံ ပံ့ပိုးမှုမရနိုင်ခြင်း၊ အဓိုးရ၏ အုပ်ချုပ်မှုအရည်အသွေးနိမ့်ကျခြင်း၊ အရန်အစားထိုးအသုံးပြုနိုင်ရန် စီစဉ်ထားနိုင်မှု မရှိခြင်း စသည့်အချက်များဖြင့် တိုင်းတာလေ့လာနိုင်ပါသည်။

သန့်ရှင်းသောရေ အသုံးမပြုနိုင်ခြင်းနှင့် အာဟာရပြည့်ဝသည့် အစားအစာ စားသုံးနိုင်မှု မရှိခြင်းသည် ဆင်းရဲနွမ်းပါးမှု၏ အဓိက တရားခံဖြစ်ပြီး ရောဂါမဖြစ်ပွားအောင် ထိန်းချုပ်နိုင်သော နေရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ရောဂါဖြစ်ပွားသည့် နေရာများတွင် ကုသရေးနေရာများမှ ဝေးလံလွန်းခြင်းနှင့် ကုသရန် ဆေးဖိုးမတတ်နိုင်ခြင်းများသည် အလွန်အမင်း ဆင်းရဲစေသော အခြေအနေများတွင် တွေ့ရှိရပါသည်။ အလုပ်အကိုင် ပြတ်လပ်ခြင်းသည် ဝင်ငွေမရှိမှုကို ဖြစ်ပေါ်စေပြီး လူမှုနေထိုင်မှုဘဝ နိမ့်ကျခြင်းကို ဆင့်ကဲဖြစ်ပေါ်စေသည့်အပြင် မိသားစု ဦးရေများပြားခြင်းနှင့် ရာသီဥတုဇော် ခံစားရသည့် အခြေအနေများ၌လည်း ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေပါသည်။

ပဋိပက္ခ ဖြစ်ပွားရာဒေသများတွင် အမျိုးသား အိမ်ထောင်ဦးစီးများ သေဆုံးကြပြီး အမျိုးသမီးများ အိမ်ထောင်ဦးစီးဖြစ်လာရခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းတို့ ဖြစ်ကြသည့် အတွက် ဆင်းရဲနွမ်းပါးမှုကိုလည်း ဖြစ်ပေါ်စေပါသည်။ အမျိုးသမီးများသည် ပဋိပက္ခအတွင်း ထိခိုက်လွယ်ပြီး အကြမ်းဖက်ခံရသည့် ကိစ္စရပ်များစွာ ဖြစ်ပေါ်စေ ပါသည်။ ထို့အပြင် စီးပွားရေးမှစ၍ လူမှုရေးအဆုံး မညီမျှမှုသည်လည်း ဆင်းရဲတွင်းသို့ တွန်းပို့သည့် အချက်တစ်ချက်ဖြစ်ပါသည်။ ကျား၊ မ ခွဲခြားမှု၊ လူမျိုးရေး ခွဲခြားမှုနှင့် လူတန်းစား အနိမ့်အမြင့် ခွဲခြားမှု စသည်တို့သည် မညီမျှမှုများဖြစ်ပြီး ရင်းမြစ်ခွဲဝေမှုကို မညီမမျှဖြစ်စေ၍ ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေပါသည်။

ဆင်းရဲနွမ်းပါးမှုတွင် ပညာရေးအဆင့်နိမ့်ခြင်းသည် အကြောင်းရင်းတစ်ရပ် ဖြစ်သကဲ့သို့ ရာသီဥတုပြောင်းလဲခြင်းသည်လည်း ဆင်းရဲနွမ်းပါးမှုကို တွန်းပို့ပေးလျက်ရှိပါသည်။ ရာသီဥတု ပြောင်းလဲခြင်းကြောင့် စီးပွားပျက်ကိန်းဆိုက်ပြီး ဆင်းရဲမှုကို အားပေးသကဲ့သို့ ဖြစ်စေပြီး အခြေခံ အဆောက်အအုံ မရှိခြင်းသည်လည်း ရေ့ဆက်ရမည့် ခရီးအတွက် အဟန့်အတားဖြစ်ပေါ်စေပါသည်။ အခြေခံအဆောက်အအုံဖြစ်သည့် ဆက်သွယ်သွားလာရမည့် လမ်းမကောင်းပါက ၄င်းနှင့် ဆက်စပ်နေသည့် စီးပွားရေးလမ်းကြောင်းများ ပြောင်းလဲကုန်၍ ဝင်ငွေပျက်ပြီး ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေပါသည်။ အုပ်ချုပ်သည့် အစိုးရ၏ အရည်အသွေးနိမ့်ကျခြင်းသည် ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ အရန်အစားထိုးအသုံးပြုနိုင်ရန် အထောက်အပံ့ပစ္စည်းများ စီစဉ်ထားနိုင်မှု မရှိခြင်းသည်လည်း ပိုမို၍ ဆင်းရဲစေပါသည်။ အရည်အသွေးမရှိသည့် အစိုးရသည် ပြည်သူလူထုအတွက် အထောက်အပံ့ကောင်းများ မပေးနိုင်ဘဲ လုံခြုံမှုနှင့် ဘေးကင်းမှုကိုလည်း လွှမ်းခြုံမှု မပေးနိုင်ပေ။ အရန်အထောက်အပံ့ပစ္စည်းမရှိပါကလည်း ဘေးအန္တရာယ်ကြုံတွေ့ပါက အစားထိုးနိုင်မှုမရှိဘဲ ဆင်းရဲမှုကိုသာ ပို၍တိုးပွားစေမည်ဖြစ်ပါသည်။ များသောအားဖြင့် ဆင်းရဲနွမ်းပါးသူများသည် အိမ်ပိုင်၊ မြေပိုင်မရှိကြ၍ ကျူးကျော် နေထိုင်သူများဖြစ်ပြီး ၄င်းတို့သည် မြို့ပြတွင် အတွေ့များခြင်းကြောင့် မြို့ပြ၏ ဆင်းရဲနွမ်းပါးမှုသရုပ်သဏ္ဌာန်များအဖြစ် တွေ့ရှိရပြီး ကျေးလက်၏ ဆင်းရဲနွမ်းပါးသူများမှာလည်း နေထိုင်ရာဇာတိတွင် ဝင်ငွေရှာနိုင်မှု မရှိကြတော့၍ မြို့ပြတွင် ကျူးကျော်နေထိုင်၍လည်းကောင်း (သို့) အခြားသော အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင် ပြောင်းရွှေ့နေထိုင်၍လည်းကောင်း ဝင်ငွေရှာကြရသည်ကိုလည်း တွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဆင်းရဲမှုကြောင့် ပညာမတတ်ခြင်း၊ ဝင်ငွေမရှိခြင်း၊ အနာဂတ် အတွက် ကောင်းမွန်သည့် အခြေအနေ မတည်ဆောက်နိုင်ခြင်း စသည်တို့ ဖြစ်ပေါ်စေပြီး ထိုအချက်များကြောင့်ပင် ဆင်းရဲမှုကိုလည်း အမွေဆက်ခံရသကဲ့သို့ ဖြစ်ပေါ်စေပါသည်။ ကမ္ဘာပေါ်တွင် ဆင်းရဲမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းခြင်းအား ၁၉၉၀ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့သော်လည်း ယနေ့ထက်တိုင် လက်မခံနိုင်လောက်သော အတိုင်းအတာတစ်ခုတွင် အမြစ်တွယ်နေဆဲဖြစ်ပါသည်။ ဆင်းရဲမှုကို လျှော့ချမည့် ထောင်စုနှစ် ရည်မှန်းချက်သည် ၂၀၁၅ ခုနှစ်တွင် ပြီးဆုံးခဲ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ၂၀၁၆ ခုနှစ်မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ယနေ့အချိန်အခါတွင် ငတ်မွတ်ခေါင်းပါးမှုမရှိစေရေးနှင့် ဆင်းရဲမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရာများကို တိုက်ဖျက်နိုင်ရေး ဆက်လက်အကောင်အထည်ဖော်လျက်ရှိနေပါသဖြင့် အောင်မြင်ပါစေကြောင်း ဆုတောင်းရင်းဖြင့် ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ၏ ကောက် နုတ်ချက်များအား ရေးသားတင်ပြအပ်ပါသည်။

မှီငြမ်း - poverty report from MLCS (2017)

Wikipedia from internet

အစိုးရ–ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမှ ဖွံ့ဖြိုးမှုဆီသို့

ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့)

နိုင်ငံတော်အစိုးရပြည်သူများအားလုံး၏ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်သူနှင့် ချိတ်ဆက်ကာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်း မှတစ်ဆင့် ပြည်သူတို့အတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်စေရေး၊ ထုတ်လုပ်နိုင်စွမ်းအားမြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အကောင်အထည်ဖော်ဆောင်မှုများ ကောင်းမွန်စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက အတူပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံစီးပွားရေးတွင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ၊ သမဝါယမပိုင် အခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားတွင် ပုဂ္ဂလိကကဏ္ဍ အချိုးအစားမှာ တစ်မျိုးသား လုံး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် အများဆုံးပါဝင်သဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်အရေးပါပါသည်။ "ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ကြပါစို့" ဟူသည့် ဆောင်ပုဒ်ဖြင့်

ပုဂ္ဂလိကကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်စေမည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက် မှုပြုပြင်ပြောင်းလဲရေးကို ၂၀၁၃ ခုနှစ်၊ မေလမှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဖြင့် ပုဂ္ဂလိကကဏ္ဍ၏ အားနည်းချက်များ၊ လုပ်ငန်းစဉ်များပိုမိုတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI) သည် အဓိကအခန်းကဏ္ဍမှာ မောင်းနှင်လျက်ရှိပါသည်။

UMFCCI သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကဏ္ဍ၏ အကျိုးစီးပွားကို ကိုယ်စားပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်သည့် နိုင်ငံတော်အဆင့် အစိုးရအဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းတစ်ခုအဖြစ် ၁၉၁၉ ခုနှစ်မှ စတင်ရပ်တည်လာသည်မှာ ၂၀၁၉ ခုနှစ်တွင် ရာပြည့် (သို့) နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ်ပါသည်။ UMFCCI သည် ဒေသဆိုင်ရာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ နယ်စပ်ကုန်သွယ်မှုအသင်းအဖွဲ့များနှင့် အခြားသောအဖွဲ့ အစည်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းကြီးတစ်ခုလည်းဖြစ်ပါသည်။

UMFCCI အနေဖြင့် စီးပွားရေးအသိုက်အဝန်းဆီသို့ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အခွင့်အလမ်းများအား မျှဝေခြင်းတို့ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့ပြင် ဝန်ဆောင်မှုအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု သင်တန်းများ၊ ကုန်သွယ်ရေးသတင်းအချက်အလက်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပံ့ပိုးပေးမှုများ၊ စီးပွားရေးဆိုင်ရာ ရှာဖွေပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းများ၊ ကုန်သွယ်ရေးဆိုင်ရာနှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များနှင့် လေ့လာရေးခရီးစဉ်များစသည်တို့ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့ပြင် UMFCCI အတွင်းရေးမှူးအဖြစ် ပါဝင်သည့် ကော်မတီအမည်များမှာအောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံတကာဆက်ဆံရေးကော်မတီ
(၂) စီးပွားရေးဆိုင်ရာ သတင်းပြန်ကြားရေး ကော်မတီ
(၃) ဘဏ္ဍာရေးနှင့်အခွန်ကောက်ခံမှုရေးရာ ကော်မတီ
(၄) အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် ဖျန်ဖြေရေးကော်မတီ
(၅) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၆) အသင်းဝင်ရေးရာကော်မတီ
(၇) ကုန်သွယ်ရေးနှင့်ဝန်ဆောင်မှုများဖွံ့ဖြိုးရေးကော်မတီ
(၈) စိုက်ပျိုးရေးရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၉) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၁၀) စက်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၁၁) ရင်းနှီးမြှုပ်နှံမှုရေးရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ
(၁၂) စီးပွားရေး၊သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၁၃) အသက်မွေးဝမ်းကျောင်းနှင့် လူမှုရေး အသင်းအဖွဲ့တာဝန်ယူမှုဖွံ့ဖြိုးရေးကော်မတီ
(၁၄) စံသတ်မှတ်ခြင်းရေးရာကော်မတီ
(၁၅) စီမံဖွဲ့စည်းမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ကော်မတီ
(၁၆) မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၁၇) ငါးလုပ်ငန်းဖွံ့ဖြိုးရေးရာကော်မတီ
(၁၈ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်များဖွံ့ဖြိုးရေးကော်မတီ
(၁၉) ကုန်သည်ကြီးများအသင်းအဆောက်အဦတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ
(၂၀) ဒေသဆိုင်ရာအဖွဲ့အစည်းရေးရာ ကော်မတီ
(၂၁) ဥပဒေပြုလုပ်ငန်းကော်မတီ
(၂၂) အိုင်စီတီဖွံ့ဖြိုးရေးကော်မတီ

ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဒေသတွင်းပေါင်းစည်းမှုနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုအားလည်းတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် အရင်းအနှီး၊ နည်းပညာ၊ အခြားလိုအပ်သောပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည့် ကမ္ဘာ့အခြားနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန်လည်း လိုအပ်ပါသည်။ အာဆီယံကုန်သည်များနှင့်

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ASEAN Chambers of Commerce & Industry-ASEAN CCI) သည်လည်း အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးအမြတ်ဖြစ်ထွန်းရေးနှင့် ကုန်သွယ်မှုဆိုင်ရာ မြှင့်တင်သည့် မဟာဗျူဟာများ ရေးဆွဲခြင်းတို့အား အချင်းချင်း နီးနှောဖလှယ်ပြီး အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဆီသို့ ဦးတည်သွားရန်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် ASEAN CCI အနေဖြင့် အဓိက အလေးထား ဦးစားပေးဆောင်ရွက် သွားမည့်ကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) အခြေခံအဆောက်အအုံ (Infrastructure)
(၂) ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင် (Renewable Energy)
(၃) ငါးမွေးမြူရေးနှင့် ငါးလုပ်ငန်း (Aquaculture and Fisheries)
(၄) ဆေးဘက်ဆိုင်ရာအီလက်ထရွန်နစ် (Medical Electronics)
(၅) တည်ထောင်ခြင်း (Startup)
(၆) လေကြောင်းနှင့်ကာကွယ်ရေး (Aerospace and Defence)
(၇) မော်တော်ယာဉ်နှင့် အော်တိုအစိတ်အပိုင်းများ (Automobile & Auto Components)
(၈) အင်ဂျင်နီယာလုပ်ငန်း / ကုန်ထုတ်လုပ်မှုလုပ်ငန်း (Engineering / Fabrication)
(၉) သန့်ရှင်းသပ်ရပ်ခေတ်မီသောမြို့ကြီးများ (Smart Cities)
(၁၀) ခရီးသွားလုပ်ငန်း (Tourism)
(၁၁) Fintech
(၁၂) အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း (Textiles & Garments)
(၁၃) သတင်းအချက်အလက်နည်းပညာ (Information Technology)
(၁၄) ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ (Gems&Jewellery)
(၁၅) ကျန်းမာရေးနှင့် ဆေးဝါး၊ ယောဂ (Health &Pharma, Ayurveda & Yoga, Herbal)
(၁၆) စိုက်ပျိုး/ သစ်သီးဝလံပန်းမန်ဥယျာဉ်စိုက်ပျိုးခြင်းနှင့် စားနပ်ရိက္ခာထုတ်ယူခြင်း (Agri/ Horticulture and Food Processing
(၁၇) ပညာရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး (Education & Skill Development)

အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အခြားသောဒေသဆိုင်ရာ ချဲ့ထွင်ပေါင်းစည်းမှုများအား အမျိုးသား အကျိုးစီးပွားအားမထိခိုက်စေဘဲ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိရာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေးအတွက် ခေတ်မီဖွံ့ဖြိုးသောစျေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက်ကြောင့် အာရှနိုင်ငံများထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာဒေသတစ်ခုအဖြစ် ရပ်တည်လာနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ထွန်းသစ်စနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွန်းရေး၊ နည်းပညာရရှိရေးနှင့် အရင်းအနှီးရရှိရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အဓိကအရေးပါသော လိုအပ်ချက်တစ်ခုလည်းဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံစီးပွားရေးမူဝါဒများ အောင်မြင်ရေးအတွက်လည်း အရေးပါသကဲ့သို့ လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖြစ်ထွန်းရေးအတွက် မေခရိုစီးပွားရေးစနစ် ခိုင်မာအားကောင်းစေရန်အတွက်လည်း ပြုပြင်ပြောင်းလဲမှုများစွာကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်အပြင် မေခရိုစီးပွားရေးစနစ် တည်ငြိမ်စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာရေးအတွက် အလွန်အရေးပါပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပွင့်လင်းမြင်သာသော ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့် ကောင်းမွန်သည့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေးနှင့် ကုန်သွယ်မှုများ

ပိုမိုတိုးတက်လာစေရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများအား ဘဏ္ဍာရေးအထောက်အပံ့ (Trade Financing) ပေးနိုင်ရေးဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှုများကို ဆွဲဆောင်နိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ နိုင်ငံ၏စီးပွားရေးသည် ယင်းနိုင်ငံ၏ ပိုင်ဆိုင်ထားသည့် စွမ်းဆောင်ရည်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုများကို ရေရှည်တည်တံ့နိုင်အောင် ရင်းနှီးကြမည်ဖြစ်သည့်အတွက် ကောင်းမွန်သောစီးပွားရေး ပုံစံရှိနေရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဖြေလျှော့မှု များကို လက်ခံဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ နိုင်ငံအတွင်း စက်မှုဖွံ့ဖြိုးတိုးတက်မှု၏ ကနဦးအဆင့်တစ်ဆင့် အဖြစ် လက်ခံရမည်လည်း ဖြစ်ပါသည်။

စီးပွားရေးမူဝါဒလေ့လာမှုအရ အစိုးရသည် ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးသော မဟာဗျူဟာမှတစ်ဆင့် စက်မှုကဏ္ဍကိုအခြေခံသော စွမ်းရည်ကိုပိုမိုဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ အစိုးရသည် တိုင်းဒေသကြီးနှင့် ပြည်နယ်

များတွင် တစ်ပြေးညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရရှိရေးအတွက် ဒေသအလိုက် ပြည်တွင်းဖြစ် ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး ပဂ္ဂလိကကဏ္ဍဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အစိုးရ၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားပို့ကုန် မဟာဗျူဟာအရ အရည်အသွေးရှိသော ကုန်ပစ္စည်းများ တင်ပို့နိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ လျော့ချနိုင်ရန်တို့ဖြစ်ပါသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာအနေဖြင့် ကုန်သွယ်မှုကဏ္ဍမှတစ်ဆင့် မြန်မာရေရှည်ဖွံ့ဖြိုးမှုစီမံကိန်းအတွက် လိုအပ်ချက်များနှင့်ဦးစားပေးရမည့် လမ်းပြမြေပုံတစ်ခုလည်းဖြစ်ပါသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာမှာ ဆောင်ရွက်ရမည့် စီမံကိန်းများအနေဖြင့် မိုက်ခရို၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုကာလများတွင် ဖြစ်လာနိုင်သော မူဝါဒနှင့် ဥပဒေပြုရေးအပြောင်းအလဲများနှင့် စဉ်ဆက်မပြတ် ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးမှုအရှိန်အဟုန် တို့ကို မြှင့်တင်ပေးရေး ကြားဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပါဝင်ပါသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာအနေဖြင့် အဓိကစျေးကွက်ဖွံ့ဖြိုးမှုကို အထောက်အပံ့ ပေးနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်ရှိသော UMFCCI အသင်းချုပ်အောက်ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်သမားများကို ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အကောင်းဆုံးပါဝင် ဆောင်ရွက်ရာမှ အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာသည်မြန်မာနိုင်ငံအတွက် တိတိကျကျ သတ်မှတ်ထားသော ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးလုပ်ငန်းများကို ငွေရေးကြေးရေး၊ နည်းပညာနှင့် အဖွဲ့အစည်းဆိုင်ရာ အစရှိသည့် အရင်းအမြစ်များဖြင့် ထိထိရောက်ရောက် ခွဲဝေချထားပေးရေး ပစ်မှတ်ထားသည့် စီမံကိန်းတစ်ခုလည်းဖြစ်ပါသည်။ ထို့အပြင် အမျိုးသားပို့ကုန် မဟာဗျူဟာအနေဖြင့် နိုင်ငံ၏ ကုန်သွယ်မှုနှင့် ပို့ကုန်ကဏ္ဍကို တွန်းအားပေးရေး၊ အလုပ်အကိုင်များဖန်တီးပေးရေးနှင့် နိုင်ငံ၏ အလုံးစုံသော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

အခြားတစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာစီးပွားရေး လုပ်ငန်းကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို ပိုမိုသတိပြုမိရန် လိုအပ်ပါသည်။ မြန်မာ နိုင်ငံသည် အာဆီယံစီးပွားရေးအသိုင်းအဝန်းနှင့် နိုင်ငံတကာစျေးကွက်များတွင် ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ အရည်အသွေးတိုးတက်ရန် လိုအပ်ပါသည်။ နိုင်ငံတကာ အသိုက်အဝန်းဖြင့် ပူးပေါင်းဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းကျင့်ဝတ်များသည် အရေးကြီးဆုံးအရာဖြစ်ပြီး ၄င်းအနေဖြင့် အရည်အသွေးရှိသော အလုပ်သမားများနှင့်အတူ အရည်အသွေးရှိသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုတွင် ယှဉ်ပြိုင်မှုအသာစီးရရှိလာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးအရအနေဖြင့် ယခင်က စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စီမံကိန်းများရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် AEC ၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဥပဒေနှင့် ကုန်သွယ်မှု လုပ်ငန်းစဉ်များကိုသိရှိနားလည်ရန် လိုအပ်ပါသည်။

'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တွန်းအားပေး၍ ပို့ကုန်မြှင့်တင်ရေး' မဟာဗျူဟာသည် နိုင်ငံခြားအရင်းအနှီးများ၊ နည်းပညာများနှင့် **ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုဖြစ်စဉ်ကွင်းဆက်မှတစ်ဆင့် နိုင်ငံတကာစျေးကွက်ကို မြန်မြန်ဆန်ဆန် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး**ဖြစ်သည်။ အဆိုပါနည်းလမ်းကြောင့် အထူးသဖြင့် နိုင်ငံတကာစျေးကွက်ဝင် လယ်ယာထွက်ကုန်များ၊ စက်မှုကဏ္ဍအတွက် လိုအပ်သောကုန်ကြမ်းများ၊ ဆင့်တက်ကုန်စည်များ ပိုမိုထုတ်လုပ်ရန်ဖြစ်သည်။

'ဝင်ရိုးနှစ်ခုအခြေပြုသည့် တိုးတက်မှုနှင့်အတူ ကူးသန်းယှက်နွှယ်မှုချဲ့ထွင်ရေး' မဟာဗျူဟာသည် နိုင်ငံတစ်ဝန်းစီးပွားရေးတိုးတက်မှုကို ဦးဆောင်ဦးရွက်ပြု နိုင်သည့် စီးပွားဖြစ်လုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိမည့် အချက်အခြာနေရာများ ဖန်တီးပေးရန်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိသေးသည့် လက်ရှိအခြေအနေတွင် အလားအလာရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် အချက်အခြာနေရာများကို အရေအတွက် ကန့်သတ်ရွေးချယ်၍ အဆိုပါနေရာများဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။ **ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public Private Partnership-PPP)** တိုးတက်ရန် လိုအပ်သည့် ဥပဒေမူဘောင်များ၊ လမ်းညွှန်များ ပေါ်ထွက်ရေး သည်လည်း အဓိကကျသဖြင့် အားလုံး ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်း ရေးသားတင်ပြအပ်ပါသည်။

မှတ်ချက်။ (Wikipedia အချက်အလက်များ၊ World Bank၊ IMF၊ AMRO တို့၏ မြန်မာနိုင်ငံ စီးပွားရေးအလားအလာသုံးသပ်ချက် အစီရင်ခံစာများမှ အချက်အလက်များ၊ မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများမှ အချက်အလက်များ၊ UMFCCI ဖေ့ဘွတ်ခ် သတင်း အချက်အလက်များ၊ အမျိုးသား (၅) နှစ်စီမံကိန်းအစီရင်ခံစာ အချက်အလက်များနှင့် စာရေးသူအတွေးအခေါ်ဗဟုသုတများဖြင့် ကောက်နုတ်ရေးသားတင်ပြခြင်းဖြစ်ပါသည်။)

မျှတ၍ နည်းစနစ်ကျသောပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ်ဖို့ဖြိုးတိုးတက်မှုဆီသို့

အပိုင်း(၅)

ထက်မာန်

အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်း အသုံးပြုသည် ဆိုခြင်းမှာ အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်း၍ ကာလရှည်ကြာ စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆင့် (၄) ဆင့် သတ်မှတ်နိုင်ပါသည်။ ပထမအဆင့် (Initial Concept) အနေဖြင့် လုပ်ငန်းစီမံကိန်းကို ရွေးချယ်ဖော်ထုတ်ခြင်း ဖြစ်ပါသည်။ ထိုသို့ရွေးချယ်ရာတွင် နိုင်ငံအစိုးရကချမှတ်ထားသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး (သို့မဟုတ်) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမူဝါဒနှင့် ကိုက်ညီသော၊ အထောက် အပံ့ဖြစ်စေသော လုပ်ငန်းစီမံကိန်းမျိုးကို ရွေးချယ်ဖော်ဆောင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ PPP လုပ်ရန် ရွေးချယ်သော လုပ်ငန်းစီမံကိန်းကို Pre-screening ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် လုပ်ငန်း အဆိုပြုလွှာများတွင် ပါဝင်သော သတင်းအချက်အလက်များကို ကြည့်ရှု စစ်ဆေးရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(Planning Department) နှင့် များစွာသက်ဆိုင်ပါသည်။ ထိုသို့စစ်ဆေးပြီးပါက PPP လုပ်ဆောင်ရန်အတွက် ကြိုတင် ပြင်ဆင်မှုပြုလုပ်ရပါမည်။ ကြိုတင်ပြင်ဆင်မှု ပြုရာတွင် Structure အရသော်လည်းကောင်း၊ Technical terms အရသော်လည်းကောင်း စိစစ်မှုပြုရပါမည်။ စိစစ်မှုပြုရာတွင် လုပ်ငန်း စီမံကိန်းဖော်ဆောင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွန့်စားမှုများ၊ သက်ရောက်မှုအကျိုးဆက်များကို ရာခိုင်နှုန်းအရ မည်သူကမည်မျှ ခံစားသင့်ကြောင်း၊ တာဝန်ဝတ္တရားများကို လည်း မည်သူက မည်သည့် တာဝန်၊ မည်မျှအဆင့်တာဝန်ရှိသည်ကို တိတိပပ သတ်မှတ်ဖော်ပြထားခြင်း၊ လုပ်ငန်းစီမံကိန်း ဖော်ဆောင်ရန် ဖြစ်နိုင်စွမ်းရှိ/မရှိတို့ကို ဆန်းစစ်ခြင်း (FS)၊ စီးပွားရေး အရတွက်ခြေကိုက်မှု ရှိ/မရှိ (Commercial Viability)၊ Value for Money နှင့် ငွေကြေးအရ မည်သူတွင် မည်မျှတာဝန်ရှိသည် စသည့် အချက်များကို အခြေခံ၍ ဆန်းစစ်မှုပြုရမည်ဖြစ်သည်။ ထို့သို့ဆန်းစစ်မှုပြုပြီး ဆန်းစစ်ချက် အောင်မြင်သော လုပ်ငန်းစီမံကိန်းကို ဖော်ဆောင်ရန် စာချုပ် (မူကြမ်း) ရေးဆွဲရမည်ဖြစ်သည်။ ထိုမူကြမ်းတွင် လုပ်ဆောင်ရန် လိုအပ်ချက်များကို တိတိပပ ဖော်ပြထားခြင်း၊ ပေးချေမှုယန္တရားပုံစံကိုလည်း ရှင်းလင်းအောင် ဖော်ပြထားခြင်း (Clear Payment Mechanisms)၊ ထို့ပြင် ညှိနှိုင်းမှု အခြေအနေများကို ထည့်သွင်းစဉ်းစားခြင်း၊ အကယ်၍ အငြင်းပွားမှုများ ကြုံဆုံရလာပါက ဖြေရှင်းရမည့် နည်းလမ်းများကို



လည်း ကြိုတင် ပြင်ဆင်ထားခြင်း၊ အကယ်၍ မျှော်လင့်ထားသော နည်းလမ်းအဆင်မပြေပါက အခြားနည်းလမ်း (Alternative way) များကိုလည်း ထည့်သွင်းစဉ်းစားခြင်း တို့ကို အသေးစိတ် ထည့်သွင်းထားရပါမည်။ အခြားနည်းလမ်းဆိုရာတွင် ရှိရင်းစွဲကိုအခြေတည်၍ အဆင့်ပြေသောနည်းလမ်း အသုံးပြုခြင်းနှင့် ရှိရင်းစွဲမှ ကွဲထွက်၍ စဉ်းစားခြင်းဟူ၍ ခွဲခြားသတ်မှတ်နိုင်သည်။ စာချုပ်အတွင်းတွင် Procurement Strategy များ၊ PPP စျေးကွက်အနေအထားများနှင့် စျေးပြိုင်စနစ်၏ အရည်အသွေးများကို အဓိကထား ဖော်ပြထားရမည်။ ထိုကြောင့် PPP လုပ်ဆောင်ရန် အဓိကအဆင့်များဖြစ်သော SPPS ကို သိရှိနားလည်ထားရန်လိုပါသည်။ (S = Select the Project၊ P = Prepare၊ P = Proceed၊ S = Sign)။ ထိုအဆင့်များပြီးလျှင် Contracts Management Structure (CMS) ကိုလည်း ဆက်လက်လုပ်ဆောင် ရမည်ဖြစ်သည်။ CMS တွင် Monitoring & Evaluation (M&E) ပြုလုပ်ခြင်းဖြစ်သည်။ ထို M&E သည် အများအားဖြင့် နောက်ဆုံးအဆင့်တွင် ပြုလုပ်ကြသည်ဆိုသော်လည်း PPP Process တိုင်းတွင် သတိထား လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

နိုင်ငံ၏အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပုဂ္ဂလိကပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရန် စီမံကိန်းအဆိုပြုလွှာတင်သွင်းမှုတွင် ယေဘုယျအားဖြင့် နည်းလမ်း (၂) မျိုးရှိပါသည်။ ပထမနည်းလမ်းမှာ အစိုးရက လုပ်ငန်းစီမံကိန်းဖော်ဆောင်ရန် Concessionaries သတ်မှတ်ရွေးချယ်ထားသူများမှ တင်သွင်းသော အဆိုပြုလွှာ (Solicited Project Proposal) နှင့် ဒုတိယနည်းလမ်းမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များက မိမိတို့ဆန္ဒ အလျောက်သော်လည်းကောင်း၊ လေ့လာဆန်းစစ်ချက်များအရသော်လည်းကောင်း လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ရန် တင်သွင်းသော အဆိုပြုလွှာပုံစံ (Unsolicited Project Proposal) တို့ဖြစ်ပါသည်။ ထိုအဆိုပြုလွှာနှစ်ရပ်တွင် ဒုတိယအဆိုပြုလွှာမှာ များစွာသော လုပ်ငန်းရှင်များမှ တင်သွင်းမှုဖြစ်နိုင်ပြီး ဂရုတစိုက် ဆန်းစစ်မှုပြုနိုင်ရန်လည်း အလွန်လိုအပ်ပါသည်။ စီစစ်မှုများပြုလုပ်ရာတွင် စီးပွားရေးအရဆန်းစစ်ခြင်း၊ ငွေကြေးအရ ဆန်းစစ်ခြင်း၊ လူမှုရေး

အရ ဆန်းစစ်ခြင်းများအပြင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများလည်း ဆန်းစစ်ရမည်ဖြစ်သည်။ အဘက်ဘက်မှ ဆန်း စစ်ချက်ပြုပြီးမှသာ လုပ်ငန်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ ထိုသို့ဆန်းစစ်ချက်များ ပြုလုပ်ထားရင်းနှင့် ပင် ကာလရှည် စာချုပ်ဖြစ်သောကြောင့် ကြိုတင်မမြင်နိုင်သော ငွေကြေးအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် အခက် အခဲများ ကြုံတွေ့ရလာနိုင်ပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် အစိုးရ၏ ကိုင်တွယ်မှုသည် အလွန်အရေးပါပါသည်။ တစ်ဖက်ပုဂ္ဂလိကမှလည်း အခြေအနေကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ နိုင်ငံရေးအခြေအနေပြောင်းလဲမှုဖြစ်ပေါ်ပါက လည်း စာချုပ်အရ လုပ်ငန်းဖော်ဆောင်မှုအပေါ် သက်ရောက်မှုရှိလာနိုင်ပါသည်။ ထိုသို့သောအခြေအနေမျိုး တွင် ယခင်ကလုပ်ဆောင်ထားမှုအခြေအနေများကို လက်ခံနိုင်စွမ်းရှိရန် လိုအပ်ပါသည်။ သို့မှသာ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်မှု စဉ်ဆက်မပြတ်ဖြစ်တည်၍ အောင်မြင်သော အကျိုးတူပူးပေါင်း ဆောင်ရွက်မှုဖြစ်မည်ဖြစ်သည်။



အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများလည်းရှိပါသည်။

ကောင်းကျိုးများ	ဆိုးကျိုးများ
ပြည်သူလူထုအတွက် ကောင်းမွန်သော၊ အဆင့်မြင့်သော၊ လွယ်ကူအဆင်ပြေစေသည့် အခြေခံအဆောက်အအုံများ အသုံးပြုခွင့်ရနိုင်လာခြင်း	အဆင့်မြင့် အခြေခံအဆောက်အအုံ အသုံးပြုမှုများနှင့် ဝန်ဆောင်မှုများအတွက် စရိတ်မြင့်မားခြင်း
ပုဂ္ဂလိကမှ နည်းပညာနှင့် တီထွင်မှုများရရှိလာနိုင်ခြင်းကြောင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် ပိုမို ကောင်းမွန်သောလုပ်ငန်းလည်ပတ်မှုများရှိလာခြင်း	ဈေးပြိုင်စနစ်ပြုလုပ်ရန်နှင့် တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ပြုလုပ်ရခြင်းနှင့် အဆင့်များ များခြင်းကြောင့် ကုန်ကျစရိတ်များသည် အစိုးရသာမန်လုပ်ဆောင်ချက်များထက်ပိုမိုကုန်ကျနိုင်ခြင်း
သတ်မှတ်ထားသော အချိန်ကာလအတွင်း လုံလောက်သော ငွေကြေးရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းစီမံကိန်းဆောင်ရွက်နိုင်ခြင်း	စရိတ်နှင့် ကြွေးမြီရောပြွမ်းမှုဖြစ်စေခြင်း၊ ဆိုလိုသည်မှာ စရိတ်များကို စားသုံးသူများကျခံခြင်း သို့မဟုတ် အစိုးရ၏ အထောက်အပံ့ပေးမှုများတွင် ရောထွေးစေနိုင်ခြင်း
လုပ်ငန်းစီမံကိန်း၏ လက်ရှိနှင့် အနာဂတ်ကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍ ထိရောက်သော တိုင်းတာတွက်ချက်မှုများနှင့် စီမံခန့်ခွဲမှုရှိခြင်းကြောင့် ပြည်သူ့ဘဏ္ဍာအသုံးစရိတ်များ၊ ကာလလတ်ငွေကြေးစီမံခန့်ခွဲမှုမူဘောင် (Medium Term Fiscal Framework-MTFF) ကို အထောက်အပံ့ ဖြစ်စေနိုင်ခြင်း	အချို့သောလုပ်ငန်းစီမံကိန်းများတွင် အထောက်အပံ့ငွေကြေးရယူမှုများသည် နိုင်ငံတကာငွေကြေး (ဥပမာ-US$)ဖြစ်သော်လည်း ပြန်လည်ရရှိနေခြင်းကြောင့် နိုင်ငံငွေကြေးအဖြစ် Currency Exchange Problemများ ရင်ဆိုင်ရလာနိုင်ခြင်း
နိုင်ငံတွင်း၊ ဒေသတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းများကို နိုင်ငံတကာလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့် အလမ်းများ ရရှိလာနိုင်စေခြင်း (အထူးသဖြင့် လုပ်ငန်း အထောက်အပံ့ဖြစ်စေသော စီမံ ခန့်ခွဲမှုများနှင့် ပြုပြင်ထိန်းသိမ်းမှုများတွင် ထိထိရောက်ရောက် လုပ်လာနိုင်စေခြင်း)	လုပ်ငန်းစီမံကိန်း ဖော်ဆောင်မှုများတွင် နိုင်ငံရေး၊ လူမှုရေးစိန်ခေါ်မှုများစွာ တွေ့ကြုံနိုင်ခြင်း (ဥပမာ-မြေယာပိုင်ဆိုင်မှုကိစ္စရပ်များ)၊ ထိုမြေယာတွင် နေထိုင်သည့် မိသားစုရွှေ့ပြောင်းမှုဆိုင်ရာကိစ္စရပ်များ
အကျိုးအမြတ်သာမက Risk များလည်း မျှဝေဆောင်ရွက်ခြင်းကြောင့် အစိုးရအပေါ်တွင် Burdenမဖြစ်စေခြင်း	လုပ်ငန်းစီမံကိန်းဖော်ဆောင်မှုအဆင့်တိုင်းတွင် Riskများ ရှိခြင်း၊ တစ်ခါတစ်ရံ မျှော်မှန်းသည်နှင့်ကိုက်ညီမှုမရှိနိုင်ခြင်း
တင်ဒါခေါ်ယူမှုများ၊ ဈေးပြိုင်စနစ်များကြောင့် ယှဉ်ပြိုင်မှုဖြစ်စေပြီးပြည့်ဝသော ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်မှုကို အကျိုးဖြစ်စေခြင်း	ပုဂ္ဂလိကလုပ်ငန်းရှင်များသည် စာချုပ်ပါ အချက်များမှ အပအပို ပြုလုပ်ပေးရန်ဆန္ဒမရှိခြင်း (ဥပမာ-အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းစီမံကိန်းဖော်ဆောင်မှု နှောင့်နှေးလျှင်သော်လည်းကောင်း၊ လွဲချော်မှုဖြစ်ခဲ့လျှင်သော်လည်းကောင်း ညှိနှိုင်းမှုများရှိလာနိုင်ပါသည်။

၂၀၀၈ ခုနှစ်၏ ကမ္ဘာ့ငွေကြေးကပ်ကို ဖွံ့ဖြိုးပြီး နိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများပါ ခံစားခဲ့ကြရပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် အစိုးရသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် အထောက်အပံ့ဖြစ်စေသော အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးရန် ငွေကြေးလိုအပ်ချက်များ ကြုံတွေ့ခဲ့ကြရပါသည်။ ထိုသို့သော အခြေအနေတွင် အစိုးရရန်ပုံငွေလိုအပ်ချက်အတွက် ပုဂ္ဂလိက၏ ပူးပေါင်းပါဝင်မှု လိုအပ်လာပါသည်။

ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ခြင်းလုပ်ငန်းကို ယခင်အစိုးရလက်ထက်တွင် အကောင်အထည်ဖော်လုပ်ဆောင်ခဲ့သော်လည်း ယခုဒီမိုကရေစီအစိုးရ လက်ထက်တွင် ပိုမိုတွန်းအားပေး ဆောင်ရွက်လာပါသည်။ နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု သဘောသဘာဝအရ အစိုးရလုပ်ပိုင်ခွင့် အချို့နှင့် ဆောင်ရွက်ခွင့်များကို Third Party များဖြင့် ပူးပေါင်းဆောင်ရွက်လာခြင်း ဖြစ်သည်။ ဒီမိုကရေစီအောက်တွင် PPP ဖော်ဆောင်ခြင်းအား institutional logic အရ အပိုင်း (၂) ပိုင်းခွဲခြားထားနိုင်သည်။ အစိုးရအနေဖြင့် the logic of democratic accountability နှင့် ပုဂ္ဂလိကအနေဖြင့် the logic of commercial competitiveness ဟူ၍ဖြစ်သည်။





အစဉ်အလာအရ ပြည်သူ့အခြေခံအဆောက်အအုံများ ဖော်ဆောင်မှုသည် အစိုးရတွင်သာ အများဆုံး တာဝန်ရှိသော်လည်း အစိုးရအနေဖြင့် ငွေကြေးရင်းမြစ်၊ ငွေကြေးစီမံခန့်ခွဲမှု၊ လုပ်ငန်းဖော်ဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ အခွန်အခပြန်လည်ကောက်ခံမှုများ စသည့်လုပ်ဆောင်ချက်များအားလုံးကို တစ်ပြိုင်တည်းပြုလုပ်ရန်မှာ မဖြစ်နိုင်ပေ။

ထို့ကြောင့် ပြည်သူ့အခြေခံအဆောက်အအုံလုပ်ငန်း စီမံကိန်းဖော်ဆောင်မှုတွင် ရှေးရိုးအစဉ်အလာနည်းလမ်း အသုံးပြုခြင်းထက် PPP နည်းလမ်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပါသည်။ PPP နည်းလမ်းအသုံးပြုဖော်ဆောင်မှုတွင် Special Purpose Vehicle (SPV) သည် အဓိကအခန်းမှပါဝင်ပါသည်။ Connector သဘောမျိုးလည်းဖြစ်သည်။ အစိုးရလုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များကို အခြားသောပူးပေါင်းဆောင်ရွက်သူများ၊ လိုအပ်ချက်များနှင့် ချိတ်ဆက်ပေးပြီး ကိုယ်စားလှယ် သဘောမျိုးလည်းဖြစ်သည်။ သို့အတွက် အစိုးရ၏ ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေပါသည်။



နိဂုံးချုပ်အားဖြင့် PPP နည်းလမ်းသုံးလုပ်ငန်းစီမံကိန်းဖော်ဆောင်မှုသည် Shared Value အတွက် အစိုးရနှင့် ပုဂ္ဂလိကအကြား မဟာဗျူဟာများ၊ ဖွဲ့စည်းပုံများ၊ စနစ်နှင့် ကျွမ်းကျင်မှုများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်းမျိုးလည်းဖြစ်သည်။ ခေတ်စနစ်ပြောင်းလဲမှုနှင့်အညီ အသိတရား၊ သတိတရားများဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြား ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အောင်မြင်စေရန် ကာလရှည်ကြာ စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် ထိခိုက်နစ်နာမှုမရှိစေဘဲ Win-Win သဘောမျိုးဖြစ်စေရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ လုပ်ငန်းစီမံကိန်းအသစ်များကို ဖော်ထုတ်ဆောင်ရွက်ခြင်း အပြင် ရှိရင်းစွဲအခြေအနေများကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခြင်းများလည်း ပါဝင်ပါသည်။

မတည်မြဲခြင်း

CoCoe သောကြာ

ကလောင် · ကလောင် · ကလောင် (ကျောင်းဆင်းခေါင်းလောင်းထိုးသံ)

ဟေး (ကလေးတွေအကုန် ကျောင်းဝန်းထဲကနေ ပျော်ရွှင်စွာအော်ဟစ်ပြေး ထွက်လာကြပါတယ်)

ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းအဖော်တွေလည်း ထိုနည်းတူစွာပဲပေါ့။

ဆဋ္ဌမတန်းတက်နေတဲ့ အသက် ၁၂ နှစ်အရွယ်ကလေးငယ်လေးတွေ စာအုပ် ၇ အုပ် ၈ အုပ်ကို အိတ်ထဲမှာထည့်ပြီး ကျောမှာပိုးလို့၊ လက်တစ်ဖက်မှာလည်း အဝတ်စုတ်နဲ့ပတ်ထားတဲ့ ထမင်းဗူးပြားလေးတွေ ကိုယ်ဆီကိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် စနောက်ပျော်ရွှင်စွာ ကျောင်းထဲကနေ ထွက်လာခဲ့ကြတယ်။

၂၅ မိနစ်လောက် အိမ်ကနေကျောင်းကို သူငယ်ချင်းတွေနဲ့အတူ အသွားအပြန် ခြေလျင်လျှောက်ပြီး သွားရတာကို မမောပန်းတဲ့ အပြစ်ကင်းစင်တဲ့ ကလေးအရွယ်တွေမှာ ကျွန်တော်တို့ အရမ်းကို ပျော်ရွှင်ခဲ့ကြပါတယ်။

စိတ်ပူပင်ရမယ့် အကြောင်းအရာတွေ ခေါင်းထဲမှာမရှိသေးတာကြောင့် အိမ်ရောက်တယ်ဆိုရင်ပဲ ပိုးထားတဲ့အိတ်ကိုချအသင့်ရှိနေတဲ့မုန့်တွေကိုကောက်ယူစားပြီး အဝတ်မလဲဘဲ မမောပန်းနိုင်အိမ်ပြင်ထွက်ပြေးလွှားဆော့ကစားခဲ့ကြပြန်ပါတယ်။ ဒီသူငယ်ချင်းတွေနဲ့ပဲ ကျောင်းမှာတွေ့ပြီး ဆော့ခဲ့ရတာကိုမငြီးငွေ့နိုင် တူတူထပ်ဆော့ချင်နေတဲ့စိတ်တွေက အံ့သြစရာတွေပါ။ ကျောင်းကပေးလိုက်တဲ့ အိမ်စာတွေကိုတောင် စဉ်းစားတွေးတောနေခြင်းမရှိဘဲ ဆော့ပြီးလို့ ပင်ပန်းရင် အိပ်ယာထဲမှာ ဘာမှတွေဝေနေစရာမလို အိပ်စက်လိုက်တော့တာပါပဲ။

နာရီနှိုးစက်မလို ကိုကြီး၊ မကြီးတို့ရဲ့ "ထတော့ လေ၊ ဘယ်အချိန်ရှိပြီလဲ ကျောင်းသွားရတော့မယ်၊ ရေးချိုး၊ အဝတ်စားလဲ၊ ထထ" ဆိုတဲ့ သီချင်းသံနဲ့ နံနက်အိပ်ယာကထ ကျောင်းမှာသူငယ်ချင်းတွေနဲ့ထပ်ပြီးတွေ့လို့ ကစားရတော့မှာကို တွေးရင်း ကျောင်းသွားဖို့ တက်ကြွနေခဲ့ပါတယ်။

ဖေဖေက အလုပ်သွားတော့မှာမို့ ကျောင်းမှာ မုန့် စားဖို့ပေးခဲ့တဲ့ မုန့်ဖိုး ၂၀၀ ကို လက်ထဲဆုပ်ပြီး မမေပြင် ပေးတဲ့ နံနက်စာကိုစား၊ အသင့်ယူစရာ ထမင်းဘူးလေးနဲ့ ပိုးအိတ်ကလေးကို ခါတိုင်းနေ့တွေလိုပဲသယ်ယူပြီး အိမ်ရှေ့မှာရောက်နေကြတဲ့ အတူတူသွားဖော်၊ စားဖော်၊ ကစားဖော်

တွေကို နှုတ်ဆက် လှမ်းစကားပြော၊ လမ်းကို ဖြောင့်ဖြောင့်မသွားဘဲ စနောက်ဆော့ကစား၊ ဘေးက စက်ဘီးစီးလာတဲ့ ဦးဦးဒေါ်ဒေါ်တွေရဲ့ ''ငါ့သား၊ ငါ့တူတို့ တိုက်မိမယ်နော်'' ဆိုပြီး ရှောင်သွားကြတဲ့နေ့ရက်တွေက ရေတွက်လို့မရ။ ဒါတောင် ကျောင်းမသွားခင် မေမေက ''လမ်းသွားရင် ကြည့်သွားကြနော်၊ သတိထား သွား ကြား လား'' လို့ သေချာမှာလိုက်ပါသေးတယ်။ ခေါင်းညိတ်ပြီး လုပ်ချင်ရာလုပ်ခဲ့တဲ့ ငယ်ရွယ်တဲ့အချိန်တွေကို နောင်တမရခဲ့ပါဘူး။

ဒီလိုနဲ့ပဲနေ့ရက်တွေဟာ တဖြည်းဖြည်း ပြောင်းလဲရင်း ပြောင်းလဲရင်း သတိမထားမိဘဲ ပျောက်ကွယ်ကုန်ဆုံးလာခဲ့ပါတယ်။

မြန်မာနိုင်ငံကမိဘတိုင်း အလေးထားကြတဲ့ တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုပြီး ကျွန်တော်တို့ သူငယ်ချင်းတွေ တူတူပြန်လည်ဆုံတွေ့ကြဖို့ စီစဉ်ကြတဲ့အချိန်မှာ ပြောင်းလဲမှုကို ကျွန်တော်စတင်သတိထားမိခဲ့ပါတယ်။ အဲ့ဒါကတော့ အရင်ကကျွန်တော်တို့ အိမ်နီးနားမှာနေသွားတဲ့ သူငယ်ချင်းမိသားစု ၂ စု အိမ်ပြောင်းသွားခဲ့ပြီး ကျွန်တော်တို့တွေဆုံမယ့်နေရာကို လာဖို့ရာ ခက်ခဲလို့မလာနိုင်ကြတဲ့အချိန်ပါပဲ။ ကျွန်တော်တို့တွေ ဘယ်လောက်ပဲ စိတ်တူကိုယ်တူရှိခဲ့ရှိခဲ့ ပြောင်းလဲနေတဲ့ အခြေအနေအမျိုးမျိုးက ရည်ရွယ်ချက်အချို့တွေကို ဖျောက်ဖျက်ပြောင်းလဲလာစေတတ်ပါတယ်။

ဆိုရိုးစကားတစ်ခုရှိပါတယ် ''ကမ္ဘာကြီးက အမြဲပြောင်းလဲနေပါတယ်တဲ့၊ ကမ္ဘာပေါ်မှာ မပြောင်းလဲတာက ပြောင်းလဲမှုတွေပါပဲတဲ့'' မှန်ကန်တဲ့ဆိုရိုးတစ်ခုပါ။

ကျွန်တော် တက္ကသိုလ်တက်နေတဲ့ အချိန်မှာ ခေါင်းထဲ တစ်ချက်အသိပေးလာတာက ကျွန်တော့ ဖေဖေရော မေမေရော အရွယ်တော်တော်ပြောင်းလဲလာကြတာပါပဲ။ ဖေဖေတို့ မေမေတို့ အိုလာပြီ ဆိုတဲ့စကားကို ကျွန်တော် မသုံးချင်ပါ။

ကိုကြီးရော၊ မကြီးရော၊ ကျွန်တော်ရော ကိုယ့်အလုပ်နဲ့ကိုယ် ဖြစ်လာတော့ အလုပ်ကနေ အနားယူပြီဖြစ်တဲ့ ဖေဖေနဲ့မေမေက သားသမီးတွေအလုပ်မှာ နေ့လယ်စာ အဆင်ပြေအောင် ပြင်ဆင်ပေးနေဆဲ၊ ညနေ သားသမီးတွေ အိမ်ပြန်လာမယ့်အချိန်ကို စောင့်နေဆဲပါပဲ။ ပြောင်းလဲမှုတွေကြားထဲမှာ မပြောင်းလဲတာလေးတစ်ခု (မိဘမေတ္တာ) ကိုတွေ့နေရလို့ကျွန်တော်ပျော်ပါတယ်။ ဒါပေမဲ့ မိဘတို့ရဲ့ ဇရာကိုကြည့်ရင်း ကြီးမားတဲ့ပြောင်းလဲမှုကြီးကို တွေးပြီး ကြောက်နေမိပြန်ပါတယ်။ ဖေဖေတို့မေမေတို့ ဒီအတိုင်းလေးပဲ ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေအတွက် ထမင်းချိုင့်ထုတ်ပေး၊ အိမ်ပြန်လာကိုစောင့်ကြိုနေပေး၊ ဆိုဆုံးမပြီး လမ်းပြအဖြစ် ဆက်ရှိနေပေးဖို့ ကာလ ဘယ်လောက်ထိပဲ ရှိမယ်ဆိုတာ တွေးပူမိနေပါတယ်။

နေ့ရက်တွေက တဖြည်းဖြည်းကုန်လာခဲ့တာ ပြက္ခဒိန်ရဲ့သက္ကရာဇ်ခုနှစ်ဂဏန်းက ၁၃၈၀။ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့လည်း ဖုန်းနဲ့ကလွဲပြီး အပြင်မှာ ပြန်တွေ့ဆုံဖို့ တော်တော်ခက်ခဲနေပါပြီ။ ဆက်သွယ်လို့ရတဲ့ သူငယ်ချင်းတွေရှိသလို တွေ့ရင်တောင် မမှတ်မိနိုင်တော့တဲ့ သူငယ်ချင်းတွေလည်းရှိပါတယ်။ ဒါပေမဲ့ အားလုံးနဲ့တူတူရှိခဲ့တာတွေကို အမှတ်ရနေဆဲပါပဲ။ သူငယ်ချင်းအသစ်တွေနဲ့လည်း ဆက်ဆံနေရပါပြီ။ တစ်ခါတစ်လေ မတူညီတဲ့ ခံစားချက်တွေ၊ မတူညီတဲ့ ဆက်ဆံရေးတွေ၊ မတူညီတဲ့ စိတ်ရင်းတွေနဲ့ အဆင်ပြေအောင် ပြောဆို ဆက်ဆံနေထိုင်ရင်း ပြောင်းလဲလာတဲ့ လောကကြီးမှာ ကျွန်တော်နေသားကျလာခဲ့ပါတယ်။

ငယ်ငယ်တုန်းက သူငယ်ချင်းတွေကို အချိန်တိုင်းတွေ့ချင်နေတဲ့စိတ်တွေ ဘယ်ကို ထွက်ပြေးကုန်မှန်းမသိ၊ အလုပ်ခွင်ထဲရောက်လာတော့ သူငယ်ချင်းဆိုတဲ့ စာသားနေရာမှာ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပြောင်းလဲခဲ့ရပြီ။

ခေါင်းထဲမှာ စဉ်းစားစရာ၊ တွေးတောစရာ၊ စိတ်ပူပင်စရာတွေနဲ့ အိပ်ခဲ့ရတဲ့ညပေါင်းလည်း များလာခဲ့ပါတယ်။ ကျောင်းနေအရွယ် စာအုပ်တွေအပြည့်နဲ့ ပိုးအိတ်ကလေးရယ်၊ အဝတ်စုတ်လေးပတ်ထားတဲ့ ထမင်းဗူးပြားလေးတွေနေရာမှာ ကွန်ပျူတာအိတ်နဲ့ စတီးချိုင့်လေးကို အစားထိုးကိုင်ခဲ့ရပါပြီ။ မိုးလေကင်းစင်တဲ့ မိုးရာသီတစ်နေ့နံနက် ၈ နာရီလောက်မှာ အရင်က ခြေလျင်သွားခဲ့တဲ့ ကျောင်းလမ်းလေးထဲ ကျွန်တော် စူပါကပ်ရွေရောင်လေးစီးပြီး ဝင်လာခဲ့ပါတယ်။ လမ်းလျှောက်ပြီးသွားနေကြတဲ့ ကျောင်းစိမ်းအဖြူလေးတွေနဲ့ ကလေးလေးတွေကို အနည်း

ငယ်ပဲတွေ့ရပါတယ်။ မိဘတွေက ဆိုင်ကယ်တွေ ကားတွေနဲ့ တန်းစီပြီး သားသားမီးမီးတို့ကို ကျောင်းကို ကိုယ်တိုင်လိုက်ပို့ကြတယ်ထင်ပါတယ်။

ကျွန်တော် တက္ကသိုလ်တက်တဲ့တစ်လျှောက်လုံး အသုံးပြုခဲ့တဲ့ စူပါကပ်ရွေရောင်းလေးက ခုခေတ်ကလေးလေးတွေအတွက် ငေးပြီးကြည့်ရလောက်အောင် သုံးတဲ့သူနည်းလာခဲ့ သည်လား မသိ။ ဘေးနားကဖြတ်သွားတဲ့ scoopy မဲလုံးလေးနဲ့ အမျိုးသမီးကြီးရဲ့နောက်က ကျောင်းစိမ်းအင်္ကျီနဲ့ ၁၀ နှစ်အရွယ် ကလေးလေးတစ်ယောက် ကျွန်တော့် ဆိုင်ကယ်လေးကို လည်ပြန်ကြည့်သွားပါတယ်။ သူ့ခေတ် မှာတော့ ကျွန်တော့်ဆိုင်ကယ်လေးက အမြင်ဆန်းချင်ဆန်း နေနိုင်တယ်လို့ ကျွန်တော်တွေးမိပြီး သဘောကျရပါသေးတယ်။

ဒါပေမဲ့ ယနေ့ခေတ်ကျောင်းသားလေးတွေရဲ့ ကျောင်းဆင်းအိမ်ပြန်ခြင်းက ပျော်ရွှင်စရာ ကောင်းရဲ့လား

ကျွန်တော်တို့အိမ်ရဲ့ မျက်နှာချင်းဆိုင်မှာ ၆၃ တန်းတက်နေတဲ့ အိမ်ချင်းကပ်လျက် သူငယ်ချင်းနှစ်ယောက် တစ်ကျောင်း ထဲမှာတူတူနေကြပေမဲ့ ပြန်လာရင် တူတူဆော့ကြတာမျိုး သိပ်မတွေ့ရဘူး။ အိမ်အပြင်လည်းသိပ်မထွက်ကြဘူး အရမ်းလိမ္မာကြတယ်။ ကျွန်တော်တို့ခေတ်နဲ့များ အတော်ကွာခြားနေပါပြီ။ ငယ်ငယ်လေးထဲက သူငယ်ချင်းနှစ်ယောက် တစ်ယောက် တစ်လမ်းဆီ ဖြစ်နေကြပါပြီ။

ခေတ်ကြီးရဲ့ရေစီးကြောင်းက တစ်ခါတစ်လေ စိတ်ချမ်းသာစရာကောင်းပေမဲ့ တစ်ခါတစ်လေ ကြောက်စရာကောင်းလှပါတယ်။ လူတွေရဲ့ နေပုံထိုင်ပုံ စိတ်နေစိတ်ထားတွေ ဆက်ဆံပုံတွေက တဖြည်းဖြည်းပြောင်းလဲလာခဲ့တော့ အနီးနားမှာရှိနေတဲ့ အရာတွေက ရှိနေသလိုလို၊ မရှိသလိုလို၊ အဝေးကရှိနေတဲ့အရာတွေကို ကိုယ်ကပိုင်ဆိုင်နေရသလိုလို မဝေခွဲနိုင်လောက်အောင်ဖြစ်လာပါတယ်။

ပြောင်းလဲခြင်းဆိုတာ ကိုယ်မသိလိုက်သလိုမျိုးနဲ့ ပြောင်းလဲနေတဲ့ အရာတွေလည်း ရှိတတ်သလို၊ ကိုယ်သိနေလျက်နဲ့ ပြောင်းလဲနေတယ်လို့ မထင်မိတာမျိုးတွေလည်း ရှိတတ်ပါတယ်။

တီ ..တီ... တီ .....(ဖုန်းမြည်သံ)

ကျွန်တော်အလုပ်ပိတ်ရက်တစ်ရက် ဆရာအောင်သင်းရေးသားခဲ့တဲ့ စာရိတ္တမာနဆိုတဲ့ စာအုပ်လေးကိုဖတ်ရင်း အတွေးတွေ ဘယ်ရောက်သွားမှန်းမသိ။ ဖုန်းသံကြားမှ အသိစိတ်ပြန်ဝင်လာပြီး ကြည့်လိုက်တော့ ကျွန်တော်နဲ့အမြဲ အဆက်သွယ်မပြတ်ရှိနေသေးတဲ့ သူငယ်ချင်း တစ်ယောက်ရဲ့ဖုန်းပါ။ ကျွန်တော် ဖုန်းပြန်ဖြေလိုက်ပါတယ် သူ့အသံကတော့ မသာယာပါဘူး ""သူငယ်ချင်း ငါ့အဖေဆုံးလို့ မနက်ဖြန်မနက် ၁၀း၃၀ သင်္ဂြိုလ်မှာ မင်းအားရင်လာခဲ့လေ"" တဲ့။ ကျွန်တော်ဝမ်းနည်းစွာနဲ့ပဲ ""ငါလာမှာပေါ့ သူငယ်ချင်းရာ၊ မင်းလည်းစိတ်ကိုထိန်းဦးနော် မင်းအမေအနားမှာလည်းရှိနေပေးဦး၊ မင်းအမေ ဒီအချိန်မှာ အရမ်း ခံစားနေရမှာ"" ကျွန်တော်တို့စကားအနည်းငယ်သာ ပြောဖြစ်လိုက်ပြီး ဖုန်းချခဲ့တယ်။

ကျွန်တော့် သူငယ်ချင်းအတွက် အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော်နဲ့ငယ်ငယ် လေးထဲက ပေါင်းလာကြပေမဲ့ တက္ကသိုလ်တော့ တူတူမတက်ဖြစ်ခဲ့ပါဘူး။ ဘာကြောင့်ဆို သူ့အိမ်ရဲ့စီးပွားရေးအခြေအနေကြောင့် အငယ်လေးတစ်ယောက်အတွက်ငဲ့ပြီး ဓ တန်းမှာ ကျောင်းထွက် ခဲ့ရပါတယ်။ ကျွန်တော်ကကျောင်းတက်ပြီး ကလေးလို မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့အချိန်မှာ သူက ဝင်ငွေ တော်တော်ရှာနိုင်ပြီး ရင့်ကျက်နေပါပြီ။

သူငယ်ချင်းအဖေရဲ့ နာရေးသတင်းကို ကြားပြီးပြီး ချင်း ကျွန်တော်ဖတ်လက်စ စာအုပ်ကိုချ၊ အိမ်အပေါ်ထပ်ကနေ အောက်ကိုအပြေးဆင်းပြီး ဖေဖေတို့မေမေတို့ကိုကြည့်မိပါတယ်။ ဖေဖေက သူလုပ်နေကျအတိုင်း အိမ်မှာပျက်နေတဲ့ ပစ္စည်းလေးတွေကို ပြင်နေပြီး၊ မေမေက မျက်မှန်တစ်လက်ကို ကျကျနနတပ်၊ သေချာမြင်မမြင် ကျွန်တော်မသိပေမဲ့ လွန်ခဲ့သော ၃ နှစ်က ဖေဖေ့ မွေးနေ့မှာ ကျွန်တော် ဝယ်ပေးထားတဲ့ ပုဆိုးလေးပဲနေတာကို ချုပ်ရိုးလေးတွေ ညီနေအောင် ချုပ်နေပါတယ်။ တော်ပါသေးတယ်လို့ စိတ်ထဲမှာတွေးနေပေမဲ့ မလိုချင်တဲ့ပြောင်းလဲခြင်းတရားတွေ ရောက်လာမှာကို ကျွန်တော်တကယ်ပဲကြောက်နေမိပါတယ်။